# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း (၇)ရက် ၊ သောကြာနေ့ ၊ (18-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၄၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ဒုတိယသမ္မတ ဦးညိုစောတရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြား




**ဒုတိယသမ္မတ ဦးညိုစော၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့အကြီးအကဲများက ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်ပေးကြစဉ်။**

**နန်နင်း စက်တင်ဘာ ၁၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညိုစောသည် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် နန်နင်းမြို့ နန်နင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ပြပွဲစင်တာ၌ ကျင်းပသည့် ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့်၂၃ကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဒုတိယဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ

စာမျက်နှာ ၁၇ ကော်လံ ၁

# ညောင်တုန်းကျွန်းတာ(ရော၀တီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ဝေန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရော၀တီတိုင်းဒေသကြီးရှိ မြို့နယ် ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများကို တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၇**

ရော၀တီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရော၀တီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရော၀တီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှုဖြစ်ပွားခဲ့သည်။

အလားတူ အဆိုပါညောင်တုန်းကျွန်းတာ စာမျက်နှာ ၂၀ ကော်လံ ၁

**နယ်မြေခံတပ်မတော်သားများနှင့် လူမှုကူညီရေးအဖွဲ့များက ရေဝင်ရောက်မှုတားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။**





# ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားရှိ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေး


**နေပြည်တော် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ကျိုင်းတုံပြည်သူ့ဆေးရုံကြီးနှင့် အမှတ်(၃) တပ်မတော်ဆေးရုံ(ခုတင် ၃၀၀)တို့မှ ပါရဂူကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ခွဲမှန်နှင့်ခွဲစိတ်ကုသမှုများ ... ခွတ်ခွဲကျွမ်းကျင်သူများ၊ သူနာပြုများ၊ အထောက်အကူပြု ကျွမ်းကျင်ဝန်ထမ်းများနှင့်မိုင်းလားပြည်သူ့ဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများပါဝင်သည့် ကွင်းဆင်းဆေးကုသမှုအဖွဲ့သည် စက်တင်ဘာ ၁၂ ရက်နှင့် စာမျက်နှာ ၂၁ ကော်လံ ၁

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၇**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ စာမျက်နှာ ၂၀ ကော်လံ ၁




**ရတနာပုံ**

**ယနေ့ဖတ်စရာ**

**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ**

စာမျက်နှာ - ၁၉

# ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၇**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် စက်တင်ဘာ ၁၉ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဗလ)

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်
အယ်ဒီတာ့အာဘော်

# အွန်လိုင်းလိမ်လည်လောင်းကစားမှုပပျောက်ရေး ဝိုင်းဝန်းပါဝင်ပေး

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး ဒေသတွင်းလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများကို ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပေသည်။

အဆိုပါအွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်နေသောရာဇဝတ်မှုခင်းများဖြစ်သည်။ အဆိုပါရာဇဝတ်မှုများမှ ထွက်ပေါ်လာသည့်ရလဒ်ဆိုးကျိုးများကို နိုင်ငံအသီးသီးက ပြင်းထန်စွာခံစားနေကြရသည်။

နိုင်ငံတော်အစိုးရသည် အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာအရေးယူလျက်ရှိသည်။ လက်ရှိတွင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် နမ့်ခမ်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများနေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါနေရာသို့သွားရောက်၍ စုံစမ်းရှာဖွေဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၅ ရက်က နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ၁၃ ဦးကို ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ယခုကဲ့သို့ သိမ်းဆည်းရမိသည့်လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ထိရောက်စွာအရေးယူသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများ၊ နောက်ကွယ်မှကြိုးကိုင်နေသော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်နေသကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၅၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၅၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၇ ဧက၊ အင်းတော်မြို့နယ်တွင် ၂၉ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၉၈၇ ဧက စုစုပေါင်း ၁၀၅၃ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ မတ်ပဲ ၁၀၅၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ မတ်ပဲ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးသွားပါမယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် မတ်ပဲစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်ကြီးမြို့နယ် နွားဂဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပုသိမ်ကြီး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နွားဂဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့်အခြားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နွားဂဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို ရန်ပုံငွေကျပ် ၄၅ သန်း ထုတ်ချေးပေးထားကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**အောင်ရဲကျော်**

# ဟသ်ာတမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ဒေသထွက် ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် ဒေသထွက်ခရမ်းသီးများထွက်ရှိပြီး ယခုနှစ် စက်တင်ဘာလပထမပတ်မှ စတင်ပြီး ယနေ့ထိ ခရမ်းသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ခရမ်းသီးများ တစ်ရက်လျှင် အလုံးရေ ၃၀၀၀၀ မှ ၄၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ဟသ်ာတမြို့နယ်ကနေ ထွက်ရှိတဲ့ ခရမ်းသီးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ ဟသ်ာတမြို့နယ်ကနေ အခြားဒေသတွေကို ခရမ်းသီးအလုံးရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက် ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တဲ့အပြင် အထွက်နှုန်းလဲ ကောင်းပါတယ်"ဟု ဟသ်ာတမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ခရမ်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၀၀၀၀ မှ ၁၁၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ခရမ်းသီးများအပါအဝင် အခြားကုန်စိမ်းများကို ဒေသဈေးကွက်အပြင် ပုသိမ်၊ ရေကြည် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ချမ်းအေးသာစံမြို့နယ် အမှတ် (၄) အခြေခံပညာမူလတန်းလွန်ကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ

**ချမ်းအေးသာစံ စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ် (၄) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေဦးစီးဌာနနှင့် အမှတ်(၄)အခြေခံပညာ မူလတန်းလွန်ကျောင်းတို့ ပူးပေါင်းကာ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျောင်းရှိ ခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမှတ်(၄)အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးချစ်သန်းက အမှာစကားပြောကြားပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က ကျောင်းသား၊ ကျောင်းသူများ သိရှိလိုက်နာစေရန်အတွက် ဗလငါးတန်နှင့်ပတ်သတ်သည့် အကြောင်းအရာများ၊ လူငယ်များ၏ ဘဝတက်လမ်းကို တားဆီးစေနိုင်သည့် မူးယစ်ဆေးဝါး ဆိုးကျိုးများ၊ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ သိကောင်းစရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါဟောပြောပွဲသို့ မန္တလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ အမှတ်(၄)အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ချမ်းမြွေမောင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၂၈ လမ်း၊ ၇၁နှင့် ၇၂လမ်းကြားနေ ဦးတင်ကိုကိုကြီးမိသားစုတို့က ဒေါ်နီနီထွေး အားရည်စူး၍ တစ်နေ့တာဆွမ်းနှင့် ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၂၀၀၀၀၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၁၂၉၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲပုပ်စိုက်ခင်းကို တွေ့ရစဉ်။

**ကလေး စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၁၂၉၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၉၁၄၄ ဧက၊ ကလေးဝမြို့နယ်တွင် ၂၁၁ ဧက၊ မင်းကင်းမြို့နယ်တွင် ၁၉၄၂ ဧက စုစုပေါင်း ၁၁၂၉၇ ဧကဖြစ်ကြောင်း၊ အဆိုပါပဲပုပ်စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲပုပ်ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေလဲ ဆောင်ရွက်သွားပါမယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြသည်။

ကလေးခရိုင်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# အမရပူရမြို့နယ် ရေဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အမရပူရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်သီတာခိုင်က ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များအနေဖြင့် မိမိတို့ကျေးရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးပွားလုပ်ငန်းများဖော်ဆောင်ရာ၌ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၂ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရေဘုတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၇ ဦးကို ငွေကျပ် ၂၆ ဒသမ ၈သန်း၊ မွေးမြူရေးလုပ်ငန်းကိုင်သူဦးရေ ၁၀၀ ကို ငွေကျပ် သန်း ၂၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၁၅ ဒသမ ၈သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၈၆ဦးကို ရန်ပုံငွေကျပ် ၆၂ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# သာပေါင်းမြို့နယ်တွင် ဧည့်မထဆန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**သာပေါင်း စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ဧည့်မထဆန်များ ဝယ်ယူအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ် ဆန်စပါးနှင့် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးဈေးကွက်တွင် ယခုနှစ် စက်တင်ဘာလပထမပတ်မှစတင်ပြီး ယနေ့ထိ ဧည့်မထဆန်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဧည့်မထဆန်များ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသဈေးကွက်မှ အဝယ်လိုက်လာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"အခုဒေသဈေးကွက်မှာ အခြားဆန်တွေထက် ဧည့်မထဆန်က ဝယ်လိုအားကောင်းနေပါတယ်။ အခုစက်တင်ဘာလရဲ့ပထမပတ်လောက်ကနေ အရောင်းအဝယ် ကောင်းလာတာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်ကလဲ ဧည့်မထဆန်တွေအဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းလာတာပါ။ ဧည့်မထဆန်က ပြည်တွင်းမှာကို အဝယ်လိုက်နေတာကလဲ ပြည်တွင်းဆန်ကြိတ်လုပ်ငန်းနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာလို့ပါ။ အရောင်းအဝယ်ကောင်းမွန်လာတော့ စပါးစိုက်တောင်သူတွေ အဆင်ပြေလာပါတယ်"ဟု သာပေါင်းမြို့နယ် ဆန်စပါးနှင့် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

သာပေါင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ဧည့်မထဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဧည့်မထဆန်များ ဝယ်လိုအားကောင်းလာခြင်းကြောင့် ဆန်စပါးသိုလှောင်ထားသည့် ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# သစ္စာ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

လူတွေကြားထဲမှာ မကြာခဏကြားနေကြရတဲ့ စကားက "သစ္စာမရှိကြတော့ဘူး"ဆိုတဲ့ စကားပါ။ ဒ့ါပြင် "သစ္စာမရှိ၊ ကတိမတည်၊ ကျေးဇူးရှင်ကို ကျေးစွပ်ကြတယ်"၊ "ကျွေးတဲ့လက်ကိုပြန်ကိုက်ကြတယ်" ဆိုတဲ့ စကားတွေကိုလဲ ခဏခဏကြားနေကြရသလို မျက်စိရှေ့မှာလဲ မြင်တွေ့နေကြရပါတယ်။

အချို့များဆိုရင် "ပြောမယုံ ကြုံဖူးမှသိ" ဆိုသလို အံ့သြဖွယ်ကောင်းလောက်အောင် ဖောက်ပြန်ကုန်ကြပါတယ်။ သစ္စာနံ့ထားကြတဲ့ ချစ်သက်တမ်းရင့် ချစ်သူတွေတောင် အစိမ်းပြတ်ဖြတ်သွားကြတာတွေ၊ အရင်းအနှီးမရှိလို့ ရင်းနှီးစားသောက်ဖို့ အတိုးမဲ့ ချေးထားတာကို ပြန်မဆပ်ကြတာတွေ၊ ကတိကဝတ်နဲ့ ယုံကြည်စိတ်ချပြီး ငှားထားတဲ့ကားကို ကိုယ်ပိုင်ကားအလား ရောင်းစား၊ ပေါင်စားကြတာတွေ၊ အိမ်ထောင်သည်အချင်းချင်း သစ္စာပျက်ယွင်း နောက်မီးလင်းကြတာတွေ၊ တာဝန်ရှိသူက ယုံကြည်စိတ်ချလို့ အပ်နှံထားတာကို အရချောင်ပြီဆိုပြီး တိုကြ၊ လျှိုကြတဲ့အပြင် အစဖျောက်လစ်ပြေးကြတာတွေ၊ငိုစားရယ်စား လုပ်စားနေကြသူတွေအားလုံးဟာ **"သစ္စာမရှိ၊ ကတိမတည်သူတွေ၊ သစ္စာဖောက်တွေ"** လို့ ပြောဆိုကဲ့ရဲ့ရှုတ်ချနေကြတာဟာ သဘာဝကျပါတယ်။ မှန်ကန်လှပါတယ်။

"မြန်မာအဘိဓာန်"မှာ "သစ္စာ"ကို "အမှန်တရား။ မှန်ကန်သောစကား။ နိုင်ငံ၊ လူမျိုး စသည်အပေါ်တွင်ထားရှိသော စောင့်သိရိုသေမှု" လို့ ဖွင့်ဆိုထားပါတယ်။ "သစ္စာခံ"ကို "သစ္စာကို စောင့်သိရိုသေလိုက်နာပါမည်ဟု ကတိပြုသည်" လို့ ဖွင့်ဆိုထားပါတယ်။ "သစ္စာတိုင်နဲ့သစ္စာထား"ကို "သစ္စာဆိုကတိပြုသည်"ဟု ဖွင့်ဆိုထားသည်။ "သစ္စာနံ့" ကို "ချစ်သူအချင်းချင်း ရင်းနှီးစွာ ဆက်ဆံသည်"၊ "သစ္စာဖောက်"ကို "သစ္စာကတိကို ချိုးဖျက်သည်"၊ "သစ္စာချိုးဖျက်သူ"လို့ ဖွင့်ဆိုထားပါတယ်။ "သစ္စာရေ"ကို "သစ္စာဖောက်ခဲ့လျှင် ဘေးဖြစ်ပါစေဟု သစ္စာစကားဆို၍ သောက်သည့်ရေ"လို့ ဖွင့်ဆိုထားပါတယ်။"ကတိ"ကို"သဘောတူညီချက်"၊"ကတိကဝတ်"ကို "ကတိပြုချက်"လို့ ဖွင့်ဆိုထားပါတယ်။

ဒါကြောင့် ကျောင်းသူ၊ ကျောင်းသားတွေ အရွယ်မှာ ကျောင်းကောင်စီသစ္စာကို ဆိုခဲ့ကြရသလို၊ လုပ်ငန်းခွင်တချို့၊ လူမှုရေးအသင်းအဖွဲ့တချို့နဲ့ ပါတီတချို့မှာလဲ သက်ဆိုင်ရာကဏ္ဍအလိုက် သစ္စာဆိုကြရပါတယ်။ ရှေးခေတ်က သစ္စာရေကို ရေသာမက လက်မောင်းသွေးကိုဖောက်ပြီး သွေးကိုပဲ သစ္စာသွေးအဖြစ်မှတ်ကျောက်အတင်ခံကာသောက်ခဲ့ကြပါတယ်။

သစ္စာတရားကိုတန်ဖိုးထားခဲ့ကြပါတယ်။ သစ္စာကတိလဲ တည်ခဲ့ကြပါတယ်။

ဒါကြောင့် "ရှင်မဟာသီလဝံသ"က "ပါရမီခန်းပျို့"မှာ "ဝသုန္ဓြေ၊ ဤမြေသော်လည်း၊ စောင့်စည်းမှုသား၊ ကျင့်သောအားဖြင့်၊ စကားသစ္စာ၊ မှန်သောခါကား၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏"လို့ ကတိသစ္စာရဲ့ တန်ဖိုးအကျိုးကို ညွှန်းဆိုခဲ့တာပါ။

"သစ္စာနှုတ်သီး မန္တန်ကြီး အလုံးစုံပြီး" ဆိုတာကလဲ မှန်ကန်တဲ့သစ္စာကြောင့် ဂါထာမန္တန်တွေအစွမ်းထက်တာကို ရည်ညွှန်းတာပါ။

"မင်းမှာသစ္စာ လူမှာကတိ" ဆိုတာကတော့ ရာဇဝင်နိပါတ်တော်တွေထဲမှာ ပါခဲ့ကြသလို ခေတ်အဆက်ဆက် သုံးနေကျစကားမို့ မထူးဆန်းတော့ပါဘူး။

"သစ္စာကို ဆိုပါမည်" ဆိုတဲ့ သီချင်းသံကိုကြားရတော့ "ဘုရားလောင်းငုံးမင်း" ဇာတ်ကို သတိရသွားပါတယ်။

**"ဘုရားလောင်းငုံးမင်း"** ဘဝက သူနေထိုင်ရာအရပ်မှာ တောမီးလောင်ခဲ့ပါတယ်။ ငုံးမင်းရဲ့ မိဘနှစ်ပါး ဖြစ်တဲ့ ဖခင်ငုံးနဲ့ မိခင်ငုံးက ပျံသန်းတတ်လေတော့ မီးလွတ်အောင် မီးလောင်ပြင်ထဲက ချက်ချင်းပျံသန်းပြေးထွက်သွားနိုင်ကြပါတယ်။ ငုံးမင်းက ငယ်ရွယ်သေးတဲ့အချိန် အတောင်ရှိပါလျက်နဲ့ မပျံသန်းနိုင်လို့ **"သစ္စာစကား"** ဆိုပါတယ်။

"တောမီးကြီးလောင်ကျွမ်းလျှင် လောင်ကျွမ်းချင်း၊ ကျွန်ုပ်ရဲ့ မိဘတွေကတော့ မီးလွတ်ရာအဝေးကို ပျံသန်း ပြေးထွက်သွားနိုင်ကြပါပြီ။ ကျွန်ုပ်မှာတော့ အတောင်ရှိပါလျက်နဲ့ မပျံသန်းနိုင်ပါ။ ခြေထောက်ရှိပါလျက်နဲ့ ပြေးမထွက်နိုင်ပါ။ ကျွန်ုပ်ကို ကယ်တင်မဲ့သူလဲ မရှိပါဘူး။ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် ယခုကြုံတွေ့နေရတဲ့ မီးဘေးက ကင်းဝေးရပါစေ"

ဘုရားလောင်းငုံးမင်းက အဲဒီလိုမှန်ကန်တဲ့ သစ္စာစကားကိုဆိုလိုက်တာကြောင့် တောမီးဟာ ငြိမ်းသွားပြီး ငုံးမင်းလဲ အသက်ဘေးက လွတ်မြောက်သွားခဲ့ရပါတယ်။

ဘုရားလောင်းနုစဉ်ကာလ ငုံးမင်းဘဝက **"သစ္စာ အမှန်တရား"** ကြောင့် အသက်ဘေးက လွတ်မြောက် ခဲ့ရတာကို စဉ်းစားနေရင်းက ဘုရားလောင်း ရင့်စဉ်ကာလမှာလဲ **"သစ္စာအမှန်တရား"** ကြောင့် **"သားရွှေအိုး ထမ်းလာတာကိုမြင်ချင်လှတဲ့ မိဘနှစ်ပါးရဲ့သစ္စာစကား"** ကိုလဲ တစ်ဆက်တည်း သတိရသွားပါတယ်။ ဗုဒ္ဓဘာသာနွယ်ဝင်တိုင်းဟာ ဗုဒ္ဓဝင်နဲ့ပတ်သက်လို့ "နုမှာငါးရာ ရင့်မှာတစ်ကျိပ်" ဆိုတဲ့စကားကို သိနားလည်နေကြပါတယ်။ ဘုရားလောင်း နုစဉ်ကာလ ၅၅၀ ဇာတ်။ ရင့်စဉ်ကာလ တစ်ကျိပ်ဆိုတာဇာတ်ကြီး ဆယ်ဘွဲ့ပါ။

အဲဒီ ဇာတ်ကြီးဆယ်ဘွဲ့ထဲက မိဘကျေးဇူး သိတတ်သူဟာ ဘေးအန္တရာယ်အပေါင်းက လွတ်မြောက်တယ်။ သစ္စာရဲ့အစွမ်းထက်မြက်မှုဟာ အတိုင်းအဆမရှိအကျိုးသက်ရောက်မှုရှိတယ်ဆိုတာကို မြတ်ဗုဒ္ဓက သာဓကပြတဲ့ အနေနဲ့ မဟာသက္ကရာဇ် ၁၁၇ နှစ်၊ နတ်တော်လဆန်း ၁ ရက်မှာ ဇေတဝန်ကျောင်းတော်မှာ ရဟန်းများကို ဟောကြားခဲ့ပါတယ်။

မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ ဇာတ်တော်ကတော့ **"သုဝဏ္ဏသာမဇာတ်တော်"** ဖြစ်ပါတယ်။

မျက်မမြင်မိဘနှစ်ပါးဖြစ်တဲ့ **"ဒုကူလ"** နဲ့ **"ပါရိကာ"** ကို လုပ်ကျွေးပြုစုစောင့်ရှောက်နေတဲ့ ဘုရားလောင်း **"သုဝဏ္ဏသျှံသတို့သား"** ရွှေသမင်နဲ့ မှားပြီး အဆိပ်လူးမြားနဲ့ ပစ်ခတ်မိတဲ့ ကာသိပြည့်ရှင် **"ဘုရင်ပီဠိယက္ခ"** "ဘုရားလောင်းရဲ့ မိခင်တော်စပ်ခဲ့တဲ့ **"ဗဟုသုန္ဒရီ"** နတ်သမီး။ သူတို့ရဲ့ "သစ္စာစကား" စွမ်းအားကြီးမားလှပုံ အနှစ်ချုပ်ကို မျှဝေပေးလိုပါတယ်။

မြားဆိပ်သင့် သေသွားရှာပြီလို့ယူဆပြီး ပီဠိယက္ခမင်းဟာ သူ့ကတိအတိုင်း ဘုရားလောင်းကို မျက်မမြင် မိဘနှစ်ပါးထံ အရောက်ပို့ဆောင်ပေးခဲ့ပါတယ်။ မိဘနှစ်ပါးကိုလဲ ကျိုးကြောင်းဖြစ်စဉ် အမှန်ကို ရှင်းပြဝန်ချ တောင်းပန်ခဲ့တယ်။ သူတော်စင်မိဘနှစ်ပါးဟာ သားလိမ္မာအတွက် ဖြေမဆည်နိုင်အောင် ပူဆွေးဝမ်းနည်း ငိုကြွေးခဲ့ကြတယ်။

ပူဆွေးဝမ်းနည်း ငိုကြွေးနေကြရင်းက မိခင်ပါရိကာက "သား မသေသေးဘူး။ သားရဲ့ရင်ငွေ့ကို စမ်းကြည့်စမ်းပါ။ ကိုယ်ငွေ့က ပူနွေးနေတုန်းပဲ ရှိသေးတယ်။ သားအသက်ရှင်နေသေးတယ်"လို့ ပြောတော့ ဖခင်ဒုကူလကလဲ သားရဲ့ရင်ညွန့်ကို စမ်းကြည့်ရင်း "ဟုတ်တယ် ကိုယ်ငွေ့ရှိနေတုန်းပဲ။ တစ်ခါတစ်ခါမှာ အသက်ရှူသံ ကြားရသလိုပဲ" လို့ ပြန်ပြောတယ်။

မိဘနှစ်ပါးစလုံး သားအသက်ကို ကယ်တင်နိုင်ကြဖို့ စဉ်းစားကြရင်းက ကြံရာမရကြတဲ့အဆုံး တို့ဇနီးမောင်နှံ "သစ္စာတရား" နဲ့ ကယ်တင်မယ်ဆိုပြီး သစ္စာဆိုခဲ့ကြတယ်။

**❖ ကျောင်းသူ၊ ကျောင်းသားတွေ အရွယ်မှာ ကျောင်းကောင်စီ သစ္စာကို ဆိုခဲ့ကြရသလို၊ လုပ်ငန်းခွင်တချို့၊ လူမှုရေးအသင်းအဖွဲ့ တချို့နဲ့ ပါတီတချို့မှာလဲ သက်ဆိုင်ရာကဏ္ဍအလိုက် သစ္စာဆိုကြရပါတယ်။ ရှေးခေတ်က သစ္စာရေကို ရေသာမက လက်မောင်းသွေးကို ဖောက်ပြီး သွေးကိုပဲ သစ္စာသွေးအဖြစ် မှတ်ကျောက်အတင်ခံကာ သောက်ခဲ့ကြပါတယ်။သစ္စာတရားကိုတန်ဖိုးထားခဲ့ကြပါတယ်။ သစ္စာကတိလဲ တည်ခဲ့ကြပါတယ်။ ဒါကြောင့် "ရှင်မဟာသီလဝံသ"က "ပါရမီခန်းပျို့"မှာ "ဝသုန္ဓြေ၊ ဤမြေသော်လည်း၊ စောင့်စည်းမှုသား၊ ကျင့်သောအားဖြင့်၊ စကားသစ္စာ၊ မှန်သောခါကား၊ ဩဇာ လေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏"လို့ ကတိသစ္စာရဲ့တန်ဖိုးအကျိုးကို ညွှန်းဆိုခဲ့တာပါ။ ❖**

ရှေးဦးစွာ မိခင်ပါရိကာက သစ္စာဆိုခဲ့တယ်။ မျက်စိမမြင်ရပေမဲ့ သားရဲ့ရင်ညွန့်ထက်မှာ သူ့ရဲ့ ညာလက်ကို ဖွဖွကလေးတင်ပြီး မျက်နှာကို မိုးကောင်းကင်ထက် မော့ထားတယ်။ မမြင်ရတဲ့ ပုဂ္ဂိုလ်တွေကို ရည်စူးတိုင်တည်တဲ့ သဘောနဲ့ပါ။

"ကျွန်ုပ်ရဲ့သားဟာ ရှေးအခါက တရားကိုသာ ကျင့်လေ့ရှိပါတယ်။ ဤစကားဟာ မှန်ကန်ပါတယ်။ ဤမှန်တဲ့စကားကြောင့် သားရဲ့ကိုယ်ပေါ်မှာ စွဲကပ်နေသောအဆိပ်တို့သည် ပျောက်ပြယ်ပါစေသတည်း"

"ကျွန်ုပ်ရဲ့သားဟာ ရှေးအခါက မြတ်သော အကျင့်ကိုသာ ကျင့်လေ့ရှိပါတယ်။ ဤစကားဟာ မှန်ကန်ပါတယ်။ ကျွန်ုပ်ရဲ့သားဟာ ရှေးအခါက မှန်ကန်သော သစ္စာစကားကိုသာ ဆိုပါတယ်။ ဤစကားမှန်ပါတယ်။ "ကျွန်ုပ်ရဲ့သားဟာ အမိအဖတို့ကို လုပ်ကျွေး နေတဲ့ သားလိမ္မာလေးဖြစ်ပါတယ်။ ဤစကားမှန်ပါတယ်။ "ကျွန်ုပ်ရဲ့သားဟာ အမျိုးထဲမှ ကြီးသူတို့ကို ရိုသေမှုရှိပါတယ်။ ဤစကားမှန်ပါတယ်"

"ကျွန်ုပ်ရဲ့သားကို ကျွန်ုပ်အသက်ထက်ပိုပြီး ချစ်မြတ်နိုးပါတယ်။ ဤစကားမှန်ကန်ပါတယ်။ ဤမှန်တဲ့ သစ္စာစကားကြောင့် သားရဲ့ကိုယ်မှာ စွဲကပ်နေတဲ့ အဆိပ်တို့ပြယ်ပါစေသတည်း"

မိခင် ပါရိကာနည်းတူ ဖခင် ဒုကူလကလဲ သစ္စာဆိုခဲ့ရာ သတိလစ်နေတဲ့ သုဝဏ္ဏသာမဟာ လှုပ်ရှားလာပြီး ခန္ဓာကိုယ်ကို ဘယ်ညာပြောင်းခဲ့တယ်။ မျက်မမြင် မိဘနှစ်ပါးကတော့ မမြင်တွေ့ရပေမဲ့ ပီဠိယက္ခ မင်းကြီးက မြင်တွေ့ပြီး အလွန်ပဲဝမ်းသာသွားခဲ့တယ်။ သားလေး လူးလွန့်လာတာကို စမ်းမိကြတဲ့ မိဘ နှစ်ပါးဟာ အားရဝမ်းသာနဲ့ ဆက်လက်သစ္စာဆိုခဲ့ပြန်ပါတယ်။ ဒုကူလဟာ သားရဲ့နဖူးပြင်လေးပေါ်လက်နဲ့ အုပ်ကိုင်ထားပြီး–

"ကျွန်ုပ်ဟာ သားလေးကို ချစ်မြတ်နိုးပါတယ်။ သားအတွက်ဆိုရင် ရင်မှအသည်းကို ခွဲထုတ်ပေးချင်ပါတယ်။ ဒီသားလေးအသက်ရှင်မယ်ဆိုရင် ကျွန်ုပ်ရဲ့ အသက်ကို အစားထိုးပေးချင်ပါတယ်။ ဒီမှန်တဲ့ သစ္စာစကားကြောင့် သားလေးကိုယ်တွင်းမှာရောက်နေတဲ့ အဆိပ်တွေ ပြယ်ပါစေ"လို့ သစ္စာဆိုလိုက်တာ သုဝဏ္ဏသာမရဲ့ ခန္ဓာကိုယ်ဟာ လှုပ်ရှားလာပြီး ခန္ဓာကိုယ်ကို တစ်ဖက်စောင်းလိုက်ပါတယ်။ အားလုံး ဝမ်းသာသွားခဲ့ကြတယ်။

အဲဒီအချိန်မှာ "ကျွန်ုပ်လည်း သစ္စာပြုမယ်" ဆိုပြီး လွန်ခဲ့တဲ့ ခုနစ်ဘဝက မိခင်တော်စပ်ခဲ့တဲ့ **"ဗဟုသုန္ဒရီ နတ်သမီး"** ပေါ်လာပါတယ်။ မိဘနှစ်ပါးကလဲ နတ်သမီးကို သစ္စာဆိုပါ။ သားအသက်ကို ကယ်တင်ပေးပါလို့ မေတ္တာရပ်ခံကြတော့ ဗဟုသုန္ဒရီ နတ်သမီးက–

"ကျွန်ုပ်နတ်သမီးဟာ ဂန္ဓမာဒနတောင်မှာ နှစ်ပေါင်းရှည်ကြာ နေလာခဲ့ပါတယ်။ အလွန်ရုပ်ချောမောတဲ့ နတ်သား၊ နတ်သမီးတွေနဲ့အတူနေကြရပေမဲ့ သား သုဝဏ္ဏသာမကိုသာ အချစ်ဆုံးဖြစ်ပါတယ်။ ဒီမှန်တဲ့သစ္စာစကားကြောင့် သားကိုယ်တွင်းရှိ အဆိပ်များပြယ်ပါစေသတည်း"လို့ သစ္စာဆိုလိုက်ရာ သုဝဏ္ဏသာမဟာ လဲလျောင်းနေရာက ထထိုင်ခဲ့တယ်။ ပထမဆုံး ဝမ်းသာသွားသူက မြင်တွေ့ခွင့်ရတဲ့ ပီဠိယက္ခမင်းကြီးပါ၊ မျက်မမြင် မိဘနှစ်ပါးတော့ နောက်မှ သိကြရပြီး သားကိုဝိုင်းဖက်ကြ၊ နမ်းရှုပ်ကြပါတယ်။ အဲဒီလို ဝမ်းသာနေကြစဉ်မှာပဲ ဗဟုသုန္ဒရီနတ်သမီးက မိဘနှစ်ပါးကို–

"ကျွန်ုပ်မှာ တန်ခိုးနဲ့ပေးနိုင်တဲ့ ဆုသုံးမျိုးအနက် သင်တို့လိုချင်တဲ့ဆုတစ်မျိုးကို ကျွန်ုပ်ပေးနိုင်ပါတယ်။ ဆုသုံးမျိုးမှာ ပထမဆုံးတစ်မျိုးက ရွှေအိုးကြီး တစ်လုံးပေးပ့ါမယ်။ ဒုတိယတစ်မျိုးက သင်တို့ သားကို လိုချင်ရင် သားကိုပေးပါမယ်။ တတိယဆုကတော့ သင်တို့မျက်စိ အကောင်းပကတိဖြစ်စေတဲ့ ဆုပါ။ ဆုသုံးမျိုးအနက် ကြိုက်တဲ့ဆုတစ်မျိုးကိုသာ တောင်းဆိုပါ" လို့ ပြောပါတယ်။

သားလေးအတွက် အသက်ပေးဝံ့ပါတဲ့ မိဘနှစ်ပါးဟာ ရွှေအိုးလဲ မလိုဘူး။ မျက်စိမမြင်လဲ အရေးမဟုတ်ဘူး။ သားလေးအသက်ရှင်ရေးသာ အဓိကထား စဉ်းစားကြရင်းက ဒုကူလက **"သား ရွှေအိုး ထမ်းလာတာကို မြင်ချင်ပါတယ်"** လို့ ဖြေကြားလိုက်ပါတယ်။ အဲဒီအဖြေက ဆုသုံးမျိုးစလုံးရသွားပါတယ်။ မိဘကျေးဇူးနဲ့ မှန်ကန်တဲ့သစ္စာစကားကြောင့် ဇာတ်ပေါင်းခန်းလှသွားပါတယ်။

သစ္စာအမှန်တရားနဲ့ပတ်သက်လို့ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်တွေ၊ ရာဇဝင်သမိုင်းစဉ်တွေနဲ့ လက်တွေ့ဖြစ်ရပ်တွေမှာ မြောက်မြားစွာရှိနေကြပါတယ်။

မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ "သစ္စာလေးပါး" ဟာ "မှန်ကန်တဲ့တရားလေးပါး" လို့ မှတ်ယူကြရပါတယ်။

၁။ ဒုက္ခသစ္စာ = ဆင်းရဲအမှန်၊
၂။ သမုဒယသစ္စာ = ဆင်းရဲကြောင်းအမှန်၊
၃။ နိရောဓသစ္စာ = ဆင်းရဲငြိမ်းရာအမှန်၊
၄။ မဂ္ဂသစ္စာ = ဆင်းရဲငြိမ်းကြောင်းအမှန်။

အဲဒီသစ္စာလေးပါးကို ကိုယ်ပိုင်ဉာဏ်နဲ့သိမြင်တော်မူလို့ "သမ္မာသမ္ဗုဒ္ဓေါ"ဂုဏ်တော်နဲ့ပြည့်စုံတော်မူတယ်လို့ ဘုရားဂုဏ်တော်ကိုးပါးမှာ တစ်ပါးအပါအဝင်ဖြစ်ပါတယ်။

အဓိကပြောချင်တာက "သစ္စာ" ရဲ့ တန်ဖိုးနဲ့ လေးနက်မှုအကျိုးတရားကို သိစေချင်လို့ပါ။ သစ္စာရှိရင်၊ ကတိတည်ရင် လောကီလောကုတ္တရာ နှစ်ဖြာမှာ ကောင်းကျိုးချမ်းသာကို ခံစားကြရပြီး သစ္စာမရှိ၊ ကတိမတည်၊ သစ္စာဖောက်၊ ကျေးစွပ်နေကြရင်တော့ လောကီမှာကော လောကုတ္တရာမှာပါ ဒုက္ခဆင်းရဲမျိုးစုံနဲ့ မလွဲမသွေ ကြုံတွေ့ကြရမှာ ဖြစ်ပါတယ်။

**ကိုးကား**

- **မင်းဘူးဦးဩဘာသ၏ ဇာတ်ကြီးဆယ်ဘွဲ့**
- **မောင်ဆန္ဒ (လယ်ဝေး)၏ သုဝဏ္ဏသာမဇာတ်တော်**

## ၂၀၂၄ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၇၂၄၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**မြောင် စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၇၂၄၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် ဂျုံ ၇၂၄၅ ဧကစိုက်ပျိုးရန် လျာထားပြီး ဂျုံစိုက်ပျိုးမှုကို နှစ်စဉ် နိုဝင်ဘာ၊ အောက်တိုဘာ၊ ဒီဇင်ဘာလများတွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလများတွင် ရိတ်သိမ်းကြကြောင်း သိရသည်။

"ဒီနှစ် မြောင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ဂျုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူအသိပညာပေး ဆွေးနွေးတာတွေ လုပ်ပါမယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ နှန်းသားတွေ ပေါင်းရှင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက် ပေးသွားပါမယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

မြောင်မြို့နယ်တွင် ဂျုံစိုက်ပျိုးရာ၌ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဂျုံများ အထွက်နှုန်းတိုးတက် ကောင်းမွန်ရေး၊ အရည်အသွေးကောင်းဂျုံများ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စသည့်လုပ်ငန်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြောင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဂျုံစိုက်ပျိုးမည့် တောင်သူများကို ဂျုံအထွက်နှုန်းတိုးရေးအတွက် တောင်သူများကို ပညာပေးသင်တန်းများ ပို့ချပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရေး ဆောင်ရွက်ပေးခြင်း၊ ဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းတို့ကို ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းနှင့်အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။

(၂၀၆)

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၁၆ ရက်က မဟာအောင်မြေမြို့နယ် သံလျက်မော်အရှေ့ ရပ်ကွက်ရှိ ပြည်လုံးအုံ့ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းက ပြည်သူ့စကားဝိုင်း ကျင်းပရခြင်းကြောင့် ရပ်ကွက်နေ ပြည်သူများအတွက် အကျိုးကျေးဇူးများ ရရှိစေကြောင်းကို အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းနိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဇော်ဇော်အောင်၊မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုး၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းသိန်းတို့က ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**

## စိတ်ကိုစိုးပိုင် စိတ်ကိုနိုင်စေ

\- လူတို့ဆန္ဒ သဘာဝမှာ
အေးမြချမ်းသာ နေလိုပါလည်း
သဘာဝဘေး ကြုံရသေးကြောင့်
ဘေးမှလွတ်ရာ မှီတည်ရာသို့
မြန်စွာချက်ချင်း ကူးပြောင်းခြင်းဖြင့်
ဆင်းရဲဒုက္ခ သက်သာရ၏။

\- ရေကြီးရေလျှံ မုန်တိုင်းဒဏ်ကြောင့်
ဧကန်ယွင်းပျက် အနေခက်လည်း
သက်သာအောင်ပြု ရွက်ဆောင်မှုဖြင့်
သုခချမ်းသာ တွေ့နိုင်ပါ၏။

\- လောကဓံကြုံ စိတ်မတုန်ဘဲ
ကုန်လွန်စီးပွား ပြန်ရှာထားသော်
စားဝတ်နေရေး ခက်ခဲဘေးမှ
စိတ်အေးချမ်းသာ ဖြစ်နိုင်ပါ၏။

\- သို့ပါသော်ငြား
စိတ်ထားပျက်ယွင်း ဖျက်မာန်တင်း၍
သိမ်ဖျင်းယုတ်မာ ဆိုးသွမ်းစွာနှင့်
မာနလက်နက် ကိုင်စွဲထွက်ကာ
ရက်စက်ဆိုးသွမ်း စိတ်သောင်းကျန်းသော်
ချမ်းသာမှုကင်း ဆင်းရဲတွင်းက
လွတ်ကင်းမရှိ ဖြစ်မည်တည်း။

\- သို့ကြောင့်ပင်လျှင် စိတ်ကိုပြင်၍
ယဉ်ကျေးပိုမို ခန္ဓာကိုယ်မှာ
စိတ်ကိုစိုးပိုင် စိတ်ကိုနိုင်လေ့။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# သာစည်မြို့နယ် အင်းရှာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အင်းရှာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အင်းရှာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အင်းရှာ ကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၂ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၇ ဒသမ ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၅ ဒသမ ၂၅သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၈ ဦးကို ငွေကျပ် ၄၄ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## ဆွီဒင်နိုင်ငံ အထွေထွေရွေးကောက်ပွဲ၌ အလယ်အလတ် လက်ဝဲယိမ်းအတိုက်အခံပါတီ အနိုင်ရ



စတော့ဟုမ်း စက်တင်ဘာ ၁၇

ဆွီဒင်နိုင်ငံ၌ ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ မဲစာရင်းရလဒ်များကို ရေတွက်စစ်ဆေးပြီးနောက် အလယ်အလတ် လက်ဝဲယိမ်း အတိုက်အခံပါတီ မဟာမိတ်အဖွဲ့က အနိုင်ရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မဲရလဒ်များအရ လက်ရှိအစိုးရအဖွဲ့နှင့် လက်ယာယိမ်း နိုင်ငံရေးပါတီများကြား အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ပြီးနောက် လက်ဝဲယိမ်း အတိုက်အခံအဖွဲ့က အစိုးရသစ်ဖွဲ့စည်းနိုင်ရန် လုံလောက်သောမဲပမာဏဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲတွင် အဓိက ယှဉ်ပြိုင်ခဲ့ရသည့် အကြောင်းအရာများမှာ နိုင်ငံအတွင်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒများ၊ စီးပွားရေးတည်ငြိမ်မှု၊ ပြည်သူများ၏ လူမှုဘဝဖူလုံရေးကိစ္စရပ်များဖြစ်ကြောင်း သိရသည်။

အနိုင်ရရှိသွားသော အတိုက်အခံ ခေါင်းဆောင်အနေဖြင့် နိုင်ငံအတွင်း ဖြစ်ပေါ်နေသော စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ် ဖြေရှင်းရန်နှင့် နိုင်ငံရေးအရ တည်ငြိမ်မှုပြန်လည် တည်ဆောက်ရန်အတွက် မဟာမိတ်ပါတီများနှင့် ဆက်လက်ညှိနှိုင်းသွားမည်ဖြစ်သည်။

ဆွီဒင်နိုင်ငံ၏ နိုင်ငံရေး အပြောင်းအလဲသည် ဥရောပသမဂ္ဂ (EU) အတွင်းရှိ ဒေသတွင်း နိုင်ငံရေး အလှည့်အပြောင်းများနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာ များအပေါ် သက်ရောက်မှုများ ရှိလာနိုင်သည်ဟု နိုင်ငံရေးလေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : YZA

## အရှေ့အလယ်ပိုင်းနှင့် ယူကရိန်းပဋိပက္ခများ လျှော့ချရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် တိုက်တွန်း



နယူးယောက် စက်တင်ဘာ ၁၇

အရှေ့အလယ်ပိုင်း ဒေသနှင့် ယူကရိန်းနိုင်ငံတို့တွင် ဖြစ်ပွားနေသည့် စစ်ရေးတင်းမာမှုများ၊ ပဋိပက္ခများကို လျှော့ချရန်နှင့် သံတမန်ရေးနည်းလမ်းဖြင့် ဖြေရှင်းကြရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဂူတာရက်စ်က တိုက်တွန်းပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကုလသမဂ္ဂအထွေထွေညီလာခံ အဆင့်မြင့်အစည်းအဝေး မစတင်မီ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အထွေထွေအတွင်းရေးမှူးချုပ်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်း ဒေသတွင် ပဋိပက္ခများ လျှော့ချရေးသည် ထိပ်တန်းဦးစားပေး လုပ်ငန်းဖြစ်ကြောင်းနှင့် အပြစ်မဲ့ပြည်သူများကို ထိခိုက်စေသည့် မည်သည့်လုပ်ဆောင်ချက်ကိုမဆို ရပ်တန့်ကာ လူသားချင်းစာနာမှုအကူအညီများ အဟန့်အတားမရှိ ပေးအပ်နိုင်ရေး ဆောင်ရွက်ရမည်ဟု ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် ဟော်မုဇ်ရေလက်ကြားနှင့် ဘက်အယ်လ်မင်ဒက်ဘ် ရေလက်ကြားအပါအဝင် ဒေသတွင်း ပင်လယ်ရေကြောင်းသွားလာခွင့်၊ လွတ်လပ်ခွင့်များကို နိုင်ငံတကာဥပဒေများနှင့်အညီ လေးစားလိုက်နာရန်နှင့် အပြည့်အဝ ပြန်လည်ဖော်ဆောင်ရန်လိုအပ်ကြောင်း ထောက်ပြခဲ့သည်။

ယူကရိန်း စစ်ရေးပဋိပက္ခနှင့်ပတ်သက်၍လည်း ကုလသမဂ္ဂပဋိညာဉ်စာချုပ်နှင့်အညီ အပစ်အခတ်ရပ်စဲရေးသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအတွက် ပထမခြေလှမ်းဖြစ်သည်ဟု ဂူတာရက်စ်က ဆက်လက် ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : YZA

## အိန္ဒိယနိုင်ငံ Tata Sons စီးပွားရေးလုပ်ငန်းစုကြီး၏ ဥက္ကဋ္ဌအဖြစ် လက်ရှိဥက္ကဋ္ဌ စန္ဒရာဆေခါရန်ကို ထပ်မံတာဝန်ပေးအပ်

မွမ်ဘိုင်း စက်တင်ဘာ ၁၇

အိန္ဒိယနိုင်ငံ၏ အကြီးဆုံး စီးပွားရေး လုပ်ငန်းစုကြီးတစ်ခုဖြစ်သည့် Tata Sons ၏ ဘုတ်အဖွဲ့သည် လက်ရှိဥက္ကဋ္ဌ စန္ဒရာဆေခါရန်ကို တတိယအကြိမ်မြောက် ငါးနှစ်သက်တမ်းအတွက် ထပ်မံတာဝန်ပေးအပ်ရန် အတည်ပြုလိုက်ကြောင်း သတင်းရင်းမြစ်များကို ကိုးကား၍ Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

စန္ဒရာဆေခါရန်သည် Tata Sons ကို ၂၀၁၇ ခုနှစ်တွင် စတင်ဦးဆောင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဒုတိယသက်တမ်း တာဝန်ယူခဲ့ရာ လက်ရှိသက်တမ်းသည် ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကုန်ဆုံးမည်ဖြစ်သဖြင့် ယခုအတည်ပြုချက်အရ ၎င်း၏ ဦးဆောင်မှုသည် ၂၀၃၂ ခုနှစ်ထိ ဆက်လက်တည်ရှိမည်ဖြစ်သည်။

၎င်း၏ သက်တမ်းအတွင်း နည်းပညာ၊ မော်တော်ယာဉ်၊ Air India အပါအဝင် လေကြောင်းကဏ္ဍများ၌ လုပ်ငန်းစုကြီး၏ ဘဏ္ဍာရေးတည်ငြိမ်မှုနှင့် အရှိန်အဟုန်မပျက် တိုးတက်မှုကို ဆောင်ရွက်နိုင်ခဲ့သည့် အတွက် ဘုတ်အဖွဲ့က ယခုကဲ့သို့ သက်တမ်းမကုန်မီ ကြိုတင်အတည်ပြုခဲ့ခြင်းဖြစ်သည်။

Tata Sons သည် အိန္ဒိယနိုင်ငံ၏ စက်မှုနှင့်နည်းပညာကဏ္ဍတွင် အဓိက မောင်းနှင်အားတစ်ခုဖြစ်ပြီး ကမ္ဘာ့စီးပွားရေး မရေရာမှုများကြားမှ ဆီမီးကွန်ဒက်တာ ထုတ်လုပ်ရေးနှင့် နည်းပညာသစ်များ ရင်းနှီးမြှုပ်နှံရေး အပါအဝင် လုပ်ငန်းတိုးချဲ့မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ Ref : Xinhua

Trs : YZA

## ငွေကြေးဖောင်းပွမှုထိန်းချုပ်ရန် အမေရိကန်ဗဟိုဘဏ် မူဝါဒအတိုးနှုန်း ပြန်လည်မြှင့်တင်

ဝါရှင်တန် စက်တင်ဘာ ၁၇

အမေရိကန် ဗဟိုဘဏ်သည် နိုင်ငံအတွင်း မြင့်တက်နေသော ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းချုပ်ရန်နှင့် စင်ကာပူအပါအဝင် အခြားဗဟိုဘဏ်များ၏ ငွေကြေးမူဝါဒနှင့် ဟန်ချက်ညီစေရန်အတွက် မူဝါဒအတိုးနှုန်းကို အခြေခံမှတ် ၂၅ မှတ် (သုည ဒသမ ၂၅ ရာခိုင်နှုန်း) ထပ်မံမြှင့်တင်လိုက်ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထိုသို့ အတိုးနှုန်းမြှင့်တင်လိုက်ခြင်းသည် ၂၀၂၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပြန်လည်မြှင့်တင်ခြင်းဖြစ်ပြီး အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌဦးဆောင်သည့် မူဝါဒကော်မတီက တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ အတိုးနှုန်းကို ၃ ဒသမ ၇၅ ရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းထိ တိုးမြှင့်လိုက်ခြင်းဖြစ်ပြီး ယခုနှစ်အတွင်း အတိုးနှုန်းကို နောက်ထပ် တစ်ကြိမ် ထပ်မံမြှင့်တင်နိုင်ဖွယ်ရှိကြောင်းလည်း အရိပ်အမြွက် ပြောကြားခဲ့သည်။

အတိုးနှုန်း တိုးမြှင့်လိုက်သည့် သတင်းကြောင့် စတော့ဈေးကွက်များနှင့် အမေရိကန်ဒေါ်လာ တန်ဖိုးမှာ ခေတ္တမျှ လှုပ်ခတ်သွားခဲ့သော်လည်း စင်ကာပူဒေါ်လာနှင့် အာရှစတော့ ဈေးကွက်များမှာ ပြန်လည် တည်ငြိမ်လာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : YZA

## အစ္စရေးတပ်ဖွဲ့အပေါ် ဝေဖန်သူများကို နိုင်ငံသားဖြစ်ခွင့်ရုပ်သိမ်းမည့်ဥပဒေကြမ်း အစ္စရေးဝန်ကြီးချုပ် တင်သွင်း



ဂျေရုဆလင် စက်တင်ဘာ ၁၇

ပြည်ပနိုင်ငံများ၌ အစ္စရေးတပ်ဖွဲ့အပေါ် ဝေဖန်ပြောဆိုနေသူများကို နိုင်ငံသားဖြစ်ခွင့် ရုပ်သိမ်းနိုင်ရေးအတွက် ဥပဒေကြမ်းနှစ်ရပ် တင်သွင်းသွားမည် ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပထမ ဥပဒေကြမ်းအရ အစ္စရေးတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို နိုင်ငံတကာတွင် ထိခိုက်စေသည့်လုပ်ရပ်များ လုပ်ဆောင်သူများ၏ နိုင်ငံသားဖြစ်ခွင့်ကို ရုပ်သိမ်းသွားမည် ဖြစ်ပြီး ဒုတိယ ဥပဒေကြမ်းကမူ ထိုသို့ အသရေဖျက်မှုများအတွက် တရားစွဲဆိုရာတွင် လျော်ကြေးငွေပမာဏကို တိုးမြှင့်တောင်းခံ သွားမည်ဖြစ်ကြောင်း သိရသည်။

ဥပဒေကြမ်း တင်သွင်းမှုအပေါ် စိတ်ဝင်စားမှုများ မြင့်တက်လျက်ရှိပြီး ဝေဖန်သူများအနေဖြင့် နိုင်ငံအတွင်းတွင် ဆက်လက်နေထိုင်ရန် မသင့်လျော်တော့ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း ယခုကဲ့သို့ အရေးယူ ဆောင်ရွက်မှုများကို ထောက်ခံအားပေး ကြမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက မျှော်လင့်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : YZA

# စပေ့ဒ်အိတ်ကုမ္ပဏီက Starship ဒုံးပျံကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပထမဆုံးအကြိမ် လွှတ်တင်ရန်စီစဉ်ထား



ဝါရှင်တန် စက်တင်ဘာ ၁၇

စပေ့ဒ်အိတ်ကုမ္ပဏီသည် Starship ဒုံးပျံကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပထမဆုံးအကြိမ်အဖြစ် စက်တင်ဘာ ၂၂ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း စက်တင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါဒုံးပျံကို အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ရှိ စတားဘေ့စ် အာကာသစခန်းမှ တစ်ဆင့် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၅ မိနစ်တွင် စတင်လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

Starship ဒုံးပျံ၏ ပထမဆုံး ကမ္ဘာပတ် လမ်းကြောင်းဆိုင်ရာ မစ်ရှင်သည် ကမ္ဘာမြေမျက်နှာပြင်အထက် ၂၇၅ ကီလိုမီတာခန့်အမြင့်မှ ပျံသန်းမည်ဖြစ်ပြီး ကမ္ဘာကို ခြောက်ခေါက်ခန့်ပတ်ကာ အချိန် ၁၀ နာရီခန့် ကြာမြင့်ပြီးနောက် ချီလီနိုင်ငံ အနောက်ဘက် ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ထိန်းချုပ်ဆင်းသက်စေမည် ဖြစ်ကြောင်း၊ ထို့ပြင် Starship ဒုံးပျံသည်စတားလင့်ခ်-V3 ဂြိုဟ်တု ၂၆ စင်းကိုလည်း ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ တင်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : YZA

# အသက် ၅၀ မှ ၇၅ နှစ်ကြားတွင် ဦးနှောက်အတွင်းပိုင်း၌ မျိုးရိုးဗီဇထိန်းချုပ်ဖွဲ့စည်းပုံ ကြီးမားသောအစပျိုးပြောင်းလဲမှုများ ဖြစ်ပေါ်လာ

နယူးယောက် စက်တင်ဘာ ၁၇

လူသားတို့ အသက် ၅၀ မှ ၇၅ နှစ်ကြားတွင် ဦးနှောက်အတွင်းရှိ မျိုးရိုးဗီဇထိန်းချုပ် ဖွဲ့စည်းပုံစနစ်များတွင် ကြီးမားသောအစပျိုး ပြောင်းလဲမှုများ ဖြစ်ပေါ်လာကြောင်း သုတေသန ပညာရှင်များ၏အဆိုကိုကိုးကား၍စက်တင်ဘာ ၁၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ နယူးယောက်ရှိ မျိုးရိုးဗီဇ ဗဟိုဌာနမှ သုတေသီများနှင့် နိုင်ငံတကာ သုတေသီများပူးပေါင်းကာ လူ့ဦးနှောက်၏ လုပ်ငန်းဆောင်တာများကို နက်နက်ရှိုင်းရှိုင်း လေ့လာ စစ်ဆေးခဲ့ကြရာတွင် အဆိုပါအံ့ဩဖွယ်ရာ အချက်အလက်များကို ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အသက် ၅၀ မှ ၇၅ နှစ်ကြား ကာလအတွင်း လူ့ဦးနှောက်အတွင်းပိုင်း၌ ဆဲလ်များ၏ မျိုးရိုးဗီဇ ထိန်းချုပ်မှုစနစ်များသည် သာမန်အချိန်များထက် သိသာထင်ရှားသော အသွင်ပြောင်းလဲမှုကြီးကို စတင်ဖြတ်သန်းကြသည်ဟု သုတေသန ပညာရှင်များက ရှင်းပြထားကြောင်း သိရသည်။

ယခုကဲ့သို့ သက်လတ်ပိုင်း အရွယ်နောက်ပိုင်းတွင် ဦးနှောက်အတွင်း ဖြစ်ပေါ်လာတတ်သည့် ဇီဝဗေဒဆိုင်ရာ အပြောင်းအလဲကြီးများသည် အယ်ဇိုင်းမားရောဂါနှင့် အခြားသော ဦးနှောက်အာရုံကြော ယိုယွင်းပျက်စီးသည့် ရောဂါဝေဒနာများအဘယ်ကြောင့် အလွယ်တကူ ဖြစ်ပွားလာရသည်ကို သဲလွန်စအသစ်များ ပေးစွမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : YZA

# Volkswagen ကုမ္ပဏီက လျှပ်စစ်စွမ်းအင်သုံး ID.3 GTI မော်ဒယ်သစ် မိတ်ဆက်ပွဲပြုလုပ်ခဲ့

ဘာလင် စက်တင်ဘာ ၁၇

ဂျာမနီအခြေစိုက် Volkswagen မော်တော်ယာဉ်ကုမ္ပဏီသည် ၎င်း တို့၏ ကျော်ကြားလှသည့် Golf GTI မော်ဒယ်ထက် စွမ်းအားပိုမို မြင့်မားသည့် လျှပ်စစ်စွမ်းအင်သုံး ID.3 GTI မော်ဒယ်သစ်ကို မိတ်ဆက်ပွဲ ပြုလုပ်ခဲ့ကြောင်း စက်တင်ဘာ ၁၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ မော်ဒယ်သစ်သည် GTI အမှတ်တံဆိပ်၏ နှစ် ၅၀ ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး Volkswagen ၏ သမိုင်းတွင် စွမ်းအားအမြင့်ဆုံး GTI လျှပ်စစ်မော်တော်ယာဉ်လည်း ဖြစ်သည်။ ထို့ပြင် ID. Polo မော်ဒယ်ပြီးလျှင် GTI စနစ် တပ်ဆင်သည့် ဒုတိယမြောက် လျှပ်စစ်ယာဉ်ဖြစ်ကာ နောက်ဘီးယက်စနစ် (RWD) ဖြင့် ပထမဆုံး ထုတ်လုပ်သည့် GTI မော်ဒယ် ဖြစ်ကြောင်း သိရသည်။

ယာဉ်၏ စွမ်းဆောင်ရည်ပိုင်းတွင် မြင်းကောင်ရေ ၃၂၂ ကောင်အားနှင့် နောက်ဘီးယက်မော်တာ



ပါဝင်ပြီး သုညမှ တစ်နာရီ ကီလိုမီတာ ၁၀၀ နှုန်းသို့ ၅ ဒသမ ၆ စက္ကန့်အတွင်း အရှိန်မြှင့်တင်နိုင်မည်ဖြစ်သည်။ ထို့ပြင် ယာဉ်မောင်းနှင်မှု ပိုမိုကောင်းမွန်စေရန် Adaptive DCC စပေါ့ဆပ်စပန်ရှင်းစနစ်၊ Launch Control နှင့် GTI မောင်းနှင်မှုစနစ်များကိုလည်း စံနှုန်းအဖြစ် တပ်ဆင်ပေးထားသည်။

ယာဉ်၏အတွင်းပိုင်းတွင် ၁၂ ဒသမ ၉ လက်မရှိ သတင်းအချက်အလက်နှင့် ဖျော်ဖြေရေး မျက်နှာပြင်၊ ၁၀ လက်မရှိ ဒစ်ဂျစ်တယ်ဒက်ရှ်ဘုတ်တို့ပါဝင်ပြီး ယခင် ထိန်းချုပ်ခလုတ်များအစား လက်ဖြင့်နှိပ်ရသော ခလုတ်အစစ်များကို ပြန်လည်တပ်ဆင်ပေးထားသည်။ ဘက်ထရီပိုင်းတွင် ၇၉ ကီလိုဝပ်နာရီ ဘက်ထရီအမျိုးအစားကို အသုံးပြုထားရာ တစ်ကြိမ်အားသွင်းရုံဖြင့် ၃၇၃ မိုင် (၆၀၀ ကီလိုမီတာ) ထိ မောင်းနှင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : YZA

# နေ့စဉ်ရေလုံလောက်စွာသောက်သုံးခြင်းက ကျန်းမာရေးအတွက် အကျိုးများစွာ ဖြစ်ထွန်းစေနိုင်

နယူးယောက် စက်တင်ဘာ ၁၇

နေ့စဉ်ပုံမှန် ရေလုံလောက်စွာ သောက်သုံးခြင်းသည် ခန္ဓာကိုယ်တွင်းရှိ အင်္ဂါအစိတ်အပိုင်းများ၏ လုပ်ငန်းဆောင်တာများကို ပုံမှန်အတိုင်း လည်ပတ်စေပြီး ကျန်းမာရေး အကျိုးများစွာဖြစ်ထွန်းစေနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကိုကိုးကား၍ စက်တင်ဘာ ၁၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံရှိ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ သုတေသနဌာနများမှ ပညာရှင်များသည် လူနေမှုဘဝပုံစံနှင့် ရေဓာတ်ပြည့်ဝမှု ဆက်စပ်နေခြင်းကို စဉ်ဆက်မပြတ် လေ့လာစစ်ဆေးခဲ့ရာမှ ကျန်းမာရေးဆိုင်ရာအချက်အလက်များကို ထပ်မံဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

လူသားတို့၏ ခန္ဓာကိုယ်တွင် ရေဓာတ်သည် အရေးအပါဆုံး အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နေ့စဉ် လုပ်ငန်းဆောင်တာများကို တက်ကြွစွာ လုပ်ဆောင်နိုင်ရန်အတွက် သင့်တင့်မျှတသော ရေပမာဏကို စဉ်ဆက်မပြတ် ရရှိနေရန်လိုအပ်ကြောင်း ကျွမ်းကျင်သူများက ရှင်းပြထားသည်။

ထို့ပြင် ရေဓာတ်လုံလောက်စွာ သောက်သုံးခြင်းအားဖြင့် ကိုယ်တွင်း အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်ခြင်း၊ အသားအရေ စိုပြည်စေခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ တက်ကြွလန်းဆန်းမှု ဖြစ်ပေါ်စေခြင်းစသည့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေနိုင်ကြောင်း သိရသည်။

Ref : Sputnik News
Trs : YZA



# အလင်းဝင်ပေါက်ပြောင်းလဲနိုင်သည့် ကင်မရာစနစ် ပါဝင်သော iPhone 18 Pro စမတ်ဖုန်းအသစ် Apple မိတ်ဆက်

ဝါရှင်တန် စက်တင်ဘာ ၁၇

အမေရိကန် နည်းပညာကုမ္ပဏီကြီးဖြစ်သည့် Apple သည် ကင်မရာအလင်းဝင်ပေါက်ကို စိတ်ကြိုက်ချိန်ညှိနိုင်သည့် စနစ်သစ်ပါဝင်သော iPhone 18 Pro စမတ်ဖုန်းသစ်များကို စက်တင်ဘာ ၁၆ ရက်တွင် တရားဝင် ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

iPhone 18 Pro စမတ်ဖုန်းများတွင် စခရင်မျက်နှာပြင်ပေါ်ရှိ Dynamic Island နေရာကို ပိုမိုသေးငယ်အောင် ပြုလုပ်ထားပြီး Live Activities သုံးခုထိ တစ်ပြိုင်နက်တည်း ကြည့်ရှုနိုင်သည့်စနစ် ပါဝင်လာသည်။ ထို့ပြင် ၆ ဒသမ ၃ လက်မနှင့် ၆ ဒသမ ၉ လက်မရှိသော မျက်နှာပြင်များ၌ ၁၂၀ ဟားဇ် Refresh Rate ထောက်ပံ့ပေးသည့် ProMotion နည်းပညာနှင့် ရေခဲပြာရောင် (Glacier) နှင့် ဝိုင်နီရောင် (Burgundy) အရောင်သစ်များ ကိုပါ သစ်ဆန်းစွာ ထည့်သွင်းပေးထားသည်။

ဖုန်း၏အဓိကထူးခြားချက်ဖြစ်သော ကင်မရာစနစ်တွင် ဟာ့ဒ်ဝဲအဆင့် အလင်းဝင်ပေါက် ပြောင်းလဲနိုင်သည့် Variable Aperture စနစ်ပါဝင်သည့် 48 Megapixel ကင်မရာကို တပ်ဆင်ထားရာ ဓာတ်ပုံရိုက်ကူးသူများ အနေဖြင့် f/1.48 မှ f/4.0 ထိ အလင်းဝင်ပေါက် လေးမျိုးကို စိတ်ကြိုက်ချိန်ညှိရိုက်ကူးနိုင်မည်ဖြစ်သည်။

ယခုနည်းပညာကြောင့်အလင်းအားနည်းသော နေရာများ၌ပင် ဓာတ်ပုံများကို ပိုမိုကြည်လင်ပြတ်သားစွာ ရိုက်ကူးနိုင်မည်ဖြစ်ပြီး နောက်ခံ ဝေဝါးမှုကိုလည်း လိုသလိုဖန်တီးယူနိုင်သည်။

အဆိုပါ စမတ်ဖုန်းသစ်များ၌ A20 Pro ချစ်ပြားသစ်ကို အသုံးပြုထားသဖြင့် ဖုန်း၏အပူချိန်ကို ထိရောက်စွာ ထိန်းချုပ်ပေးနိုင်သော Vapor Chamber စနစ်ပါဝင်လာကာ စွမ်းဆောင်ရည်ကို တာရှည်စွာ ထိန်းသိမ်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိစမ်းသပ်စစ်ဆေးမှုများအရ iPhone 18 Pro သည် ကင်မရာပိုင်းနှင့် စွမ်းဆောင်ရည်ပိုင်းတို့တွင် စမတ်ဖုန်းဈေးကွက်အတွင်း အဆင့်မြင့်ဆုံး စံချိန်စံညွှန်းတစ်ခုကို စိုက်ထူနိုင်ခဲ့ပြီး ဖုန်း၏ ကိုယ်ထည်ကြံ့ခိုင်မှုကိုလည်း IP68 အဆင့် ရေနှင့်ဖုန်ဒဏ်ခံနိုင်ရည်ရှိအောင် တည်ဆောက်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : YZA



# Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များ ဆက်လက်ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ဖူဆယ် ဆပ်ကော်မတီက ကြီးမှူးကျင်းပနေသည့် Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်ပြီး မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းရှိ Multipurpose Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၂)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီက Glory အသင်းနှင့် Pyae Sone အသင်းတို့ကစားခဲ့ရာ Pyae Sone အသင်းက ငါးဂိုး ဂိုးမရှိ၊ နံနက် ၉ နာရီ ၄၅ မိနစ်က AYA Panpu အသင်းနှင့် TG United အသင်းတို့ကစားခဲ့ရာ TG United အသင်းက ၁၅ ဂိုး နှစ်ဂိုး၊ နံနက် ၁၁နာရီခွဲက MDY Youth အသင်းနှင့် KH အသင်းတို့ကစားခဲ့ရာ KH အသင်းက ငါးဂိုး တစ်ဂိုးဖြင့် အသီးသီး အနိုင်ရခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁နာရီ ၁၅ မိနစ်က Mali Kyal Sinအသင်းနှင့် Black Wolves အသင်းတို့ ကစားခဲ့ရာ လေးဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး ညနေ ၃ နာရီက Mogyo အသင်းနှင့် SK အသင်းတို့ကစားခဲ့ရာ SK အသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။

Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၃)ပွဲစဉ်များကို စက်တင်ဘာ ၂၀ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး AYA Panpu အသင်းနှင့် SK အသင်း၊ Black Wolves အသင်းနှင့် Mogyo အသင်း၊ Pyae Sone အသင်းနှင့်TG Unitedအသင်း၊ Mali Kyal Sin အသင်းနှင့် KH အသင်း၊ MDY Youth အသင်းနှင့် Gloryအသင်းတို့ ဆက်လက် ကစားမည်ဖြစ်ကြောင်းသိရသည်။ **STA**



# အင်တာမီယာမီအသင်းနှင့်အတူ ကမ်ပိုးနက်ဆုဖလားဆွတ်ခူးခဲ့သည့် မက်ဆီ ကစားသမားဘဝ ၄၉ ကြိမ်မြောက်ဆုဖလားဆွတ်ခူး

**မီယာမီ စက်တင်ဘာ ၁၇**

အင်တာမီယာမီ အသင်းနှင့်အတူ ကမ်ပိုးနက်ဆုဖလားဆွတ်ခူးခဲ့သည့် မက်ဆီသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝတွင် ဆုဖလား ၄၉ ကြိမ်မြောက် ဆွတ်ခူးခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

ယခုနှစ် ဘောလုံးရာသီ ကမ်ပိုးနက်ဆုဖလား ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အင်တာမီယာမီအသင်းနှင့် ခရူအာဇဲ အသင်းတို့ကစားခဲ့ရာ အင်တာမီယာမီအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရကာ ဆုဖလားဆွတ်ခူးခဲ့ပြီးနောက် မက်ဆီသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ ဆုဖလား ၄၉ ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အင်တာမီယာမီအသင်းက ခရူအာဇဲအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ကာ မက်ဆီက ပွဲချိန် ၂၄ မိနစ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူခဲ့ပြီးနောက် အင်တာမီယာမီ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၁၅ ပွဲတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့သည့်အပြင် ဆုဖလားတစ်လုံးကိုပါ ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ဘာစီလိုနာအသင်းတွင်ကစားခဲ့စဉ်က စပိန်လာလီဂါ ဖလား ၁၀ကြိမ်၊ စပိန်စူပါဖလားရှစ်ကြိမ်၊ စပိန်ကိုပါဒယ်ရေး ဖလား ခုနစ်ကြိမ်၊ ချန်ပီယံလိဂ် ဖလား လေးကြိမ်၊ ဥရောပစူပါဖလား သုံးကြိမ်၊ ကလပ်ကမ္ဘာ့ဖလား သုံးကြိမ်၊ ပီအက်စ်ဂျီအသင်းတွင် ကစားခဲ့စဉ်က ပြင်သစ်လီဂူးဝမ်း ဖလားနှစ်ကြိမ်၊ ပြင်သစ်စူပါဖလား တစ်ကြိမ်၊ အင်တာမီယာမီအသင်း နှင့်အတူ လိဂ်ရှုံးထွက်ဖလား၊ မေဂျာလိဂ်ဖလား၊ ကွန်ဖရန့်ချန်ပီယံရှစ်ဖလား၊ Supporter’s Shield၊ ကမ်ပိုးနက်ဖလား တစ်ကြိမ်စီ၊ အာဂျင်တီးနားအသင်း နှင့်အတူ ကမ္ဘာ့ဖလားတစ်ကြိမ်၊ ကိုပါအမေရိကဖလား နှစ်ကြိမ်၊ Finalissima ဖလားတစ်ကြိမ်၊ ယူ-၂၀ ကမ္ဘာ့ဖလား တစ်ကြိမ် ဆွတ်ခူးခဲ့ကာ အိုလံပစ်ပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်တစ်ကြိမ်ဆွတ်ခူးခဲ့ပြီး စုစုပေါင်း ဆုဖလား ၄၉ ကြိမ်ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**Ref : 365 Scores**
**Trs : STA**

# ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁)တွင် ဘင်ဖီကာအသင်းနှင့် လိုင်ယွန်အသင်းတို့နိုင်ပွဲကိုယ်စီရရှိ

**ပဲရစ် စက်တင်ဘာ ၁၇**

ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁) ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက ကစားခဲ့ရာ လိုင်ယွန်အသင်းနှင့် ဘင်ဖီကာအသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁) အဖြစ် လိုင်ယွန်အသင်းနှင့် အန်ဒါလက်အသင်းတို့ ကစားခဲ့ရာ လိုင်ယွန်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီး လိုင်ယွန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၈ မိနစ်တွင် နာတေးနှင့် ပွဲချိန် ၂၂ မိနစ်တွင် နာကာမူရာတို့က သွင်းယူခဲ့ပြီး အန်ဒါလက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၁ မိနစ်တွင် စီဗက်ကိုဗစ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

အလားတူ ဥရောပထိပ်တန်းအသင်းများဖြစ်သည့် အေစီမီလန်အသင်းနှင့် ဘင်ဖီကာအသင်းတို့ ကစားခဲ့ရာ ဘင်ဖီကာအသင်းက အဝေးကွင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ဘင်ဖီကာအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်တွင် လူကီဘာကီယိုနှင့် ပွဲချိန် ၅၃ မိနစ်တွင် ကာမင်စကီးတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

ယူရိုပါလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) အခြားပွဲစဉ်များတွင် လေဗာကူဆင်အသင်းက ဆဲလ်ဂျီအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ အိုလံပီယာကို့စ်အသင်းက ဂျာဂျီလိုနီးယားအသင်းကို နှစ်ဂိုး တစ်ဂိုး၊ ဆန်းဒါးလန်း အသင်းက အယ်လ်ခမာအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အသီးသီးအနိုင်ရခဲ့ကြပြီး ဟာပိုးဘီယာရှီဗာအသင်းနှင့် ဒိုင်နမိုဇာဂရက်အသင်းတို့ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်၊ စတူရမ်ဂရက်အသင်းနှင့် ရင်းနက်စ်အသင်းတို့ပွဲစဉ်တွင်လည်း ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# ကွာရာဘောင်းဖလားပြိုင်ပွဲ စတုတ္ထအဆင့်တွင် လီဗာပူးအသင်းနှင့် ချဲလ်ဆီးအသင်းတို့တွေ့ဆုံ

**လန်ဒန် စက်တင်ဘာ ၁၇**

ကွာရာဘောင်း ဖလားပြိုင်ပွဲ စတုတ္ထအဆင့်အတွက် ယနေ့ မဲခွဲမှုအပြီးတွင် လီဗာပူးအသင်းနှင့် ချဲလ်ဆီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

ကွာရာဘောင်း ဖလားပြိုင်ပွဲ တတိယအဆင့်တွင် လီဗာပူးအသင်းသည် စပါးအသင်းနှင့် ကစားခဲ့ရာ သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သကဲ့သို့ ချဲလ်ဆီးအသင်းသည်လည်း လိဒ်အသင်းနှင့် ကစားခဲ့ရာ ခြောက်ဂိုး သုံးဂိုးဖြင့် အနိုင်ရပြီး စတုတ္ထအဆင့်သို့တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အလားတူ တတိယအဆင့်တွင် ဘရိုက်တန် အသင်းသည်လည်း မန်ယူအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီးနောက် စတုတ္ထအဆင့်တွင် မန်စီးတီးအသင်းနှင့် နော့ဝှစ်အသင်းတို့မှ အနိုင်ရမည့်အသင်းနှင့် ကစားရမည်ဖြစ်သည်။

ကွာရာဘောင်း ဖလားပြိုင်ပွဲ စတုတ္ထအဆင့်တွင် အခြားပွဲစဉ်များအဖြစ် ဖလက်ဝုဒ်အသင်းနှင့် အာဆင်နယ်အသင်း၊ အဲဗာတန်အသင်းနှင့် နယူးကာဆယ်အသင်း၊ ဆန်းဒါးလန်းအသင်းနှင့် ဘရန့်ဖို့ဒ်အသင်း၊ ဘရက်ဖို့ဒ်အသင်းနှင့် ပီတာဘရော့အသင်း၊ ဖူလ်ဟမ်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်း၊ ဘုန်းမောက်အသင်းနှင့် အေဗီလာအသင်းတို့ တွေ့ဆုံခဲ့ကြသည်။

ကွာရာဘောင်း ဖလားပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်များကို လာမည့် အောက်တိုဘာ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# UFC Doha ပြိုင်ပွဲတွင် အဲလက်စ်တိုပူရီးယားနှင့် ဆန်တီယာဂိုလူနာတို့ တွဲဆိုင်းထည့်သွင်းကျင်းပရန် UFC အဖွဲ့ချုပ်ဆွေးနွေး

**ဝါရှင်တန် စက်တင်ဘာ ၁၇**

UFC အဖွဲ့ချုပ်က လာမည့်နိုဝင်ဘာ ၂၁ ရက်တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပမည့် UFC Doha ပြိုင်ပွဲတွင် ဂျော်ဂျီယာဖိုက်တာ အဲလက်စ်တိုပူရီးယားနှင့် အီတလီဖိုက်တာ ဆန်တီယာဂိုလူနာတို့ တွဲဆိုင်းထည့်သွင်းကျင်းပရန် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း UFC Fight သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

UFC အဖွဲ့အစည်းက UFC Dohaပြိုင်ပွဲတွင်ထည့်သွင်းကျင်းပမည့် တွဲဆိုင်းများကို အတည်ပြုထားခြင်းမရှိသေးဘဲ အဲလက်စ်တိုပူရီးယားနှင့် ဆန်တီယာဂိုလူနာတို့ တွဲဆိုင်းကို ဘင်တန်ဝိတ်တန်း




တွဲဆိုင်းအဖြစ် ထည့်သွင်းကျင်းပရန်စီစဉ်နေခြင်းဖြစ်သည်။

အဲလက်စ် တိုပူရီးယားသည် နောက်ဆုံးပွဲစဉ်အဖြစ် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၂ ရက်က UFC Fight Night ပြိုင်ပွဲတွင် ကာဇက်စတန်ဖိုက်တာ အယ်မာခန်းနှင့် ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့သည်။

ထို့ပြင် ဆန်တီယာဂိုလူနာသည်လည်း နောက်ဆုံးပွဲစဉ်အဖြစ်ပြီးခဲ့သည့် ဇွန် ၆ ရက်က UFC Fight Night ပြိုင်ပွဲတွင် အမေရိကန်ဖိုက်တာ မစ်ချဲလ်နှင့် ထိုးသတ်ခဲ့ရာ တတိယအချီတွင် အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ဆန်တီယာဂိုလူနာက အစောပိုင်းကတည်းက ဘင်တန်ဝိတ်တန်းတွင် အဲလက်စ်တိုပူရီးယားနှင့် ထိုးသတ်လိုသည်ဟု ပြောကြားထားကြောင်းသိရသည်။

**Ref : UFC Fight**
**Trs : STA**



# မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၅)တွင် ဂလက်ဆီအက်ဖ်စီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကိုယ်စီအနိုင်ရ

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၅) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ဂလက်ဆီအက်ဖ်စီ အသင်းနှင့် ရန်ကုန်ယူနိုက်တက် အသင်းတို့ ကိုယ်စီအနိုင်ရခဲ့ကြောင်း သိရသည်။




မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၅)ပွဲစဉ်များအဖြစ် ညနေ ၃နာရီခွဲက ဗဟန်းအားကစားကွင်းတွင် ရှောဝတီယူနိုက်တက် အသင်းနှင့် ဂလက်ဆီအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ဂလက်ဆီအက်ဖ်စီအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ဂလက်ဆီအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၄ မိနစ်တွင် ပိုင်ဇေသူ၊ ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပို နှစ်မိနစ်တွင် ကောင်းခန့်လင်း၊ ပွဲချိန် မိနစ် ၆၀ တွင် ခွန်စိုင်းကြယ်စင်တို့က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက YUSCအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ရန်ကုန် ယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန်မိနစ် ၂၀နှင့်၂၄ မိနစ်တို့တွင် လမင်းပြည့်စုံ၊ ပွဲချိန် ၈၉ မိနစ်တွင် ဇေထက်အောင်တို့က သွင်းယူခဲ့ပြီး မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် ကျော်ဇေယျာခန့်က သွင်းယူခဲ့သည်။

ထို့ပြင် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့သီဟဒီပအားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက် အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို အောင်ဇော်ဦးနှင့် ဒဂုံစတားအသင်းအတွက်သွင်းဂိုးကို အောင်ကောင်းခန့်က သွင်းယူခဲ့ကြောင်း သိရသည်။ **STA**

# အသက် ၁၅ နှစ်အောက် ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်တွင် မြန်မာအသင်း အုပ်စု (W) ၌ ကျရောက်

**ရန်ကုန် စက်တင်ဘာ ၁၇**

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ် (FIFA)က အဇာဘိုင်ဂျန်နိုင်ငံဘာကူးမြို့တွင်ကျင်းပမည့် အသက် ၁၅ နှစ်အောက် ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော် (FIFA U-15 World Cup & Festival 2026) ပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲနှင့် ပွဲစဉ်ဇယားများကို ယနေ့တွင် တရားဝင်ထုတ်ပြန်ခဲ့ရာ မြန်မာအသင်းသည်အုပ်စု (W) ၌ ကျရောက်ခဲ့ကြောင်းသိရသည်။

အသက် ၁၅နှစ်အောက် ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော်ကို စက်တင်ဘာ ၂၂ ရက်မှ ၃၁ ရက်ထိ အဇာဘိုင်ဂျန်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှ ယူ-၁၅ လက်ရွေးစင် ၁၉၂ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ကျင်းပသည့် စနစ်အရ အုပ်စု ၃၂ ခု ခွဲခြားကာ တစ်အုပ်စုလျှင် အသင်းခြောက်သင်းစီ ပါဝင်မည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(W)တွင် ဂူအမ်အသင်း၊ ဂါနာအသင်း၊ ဘာဟားမားစ်အသင်း၊ ကာဇက်စတန်အသင်း၊ ဥဇဘက်ကစ္စတန်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၄ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဂူအမ်အသင်း၊ စက်တင်ဘာ ၂၅ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဂါနာအသင်း၊ ည ၁၀နာရီ ၄၅ မိနစ်တွင် ဘာဟားမားစ်အသင်း၊ စက်တင်ဘာ ၂၆ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် ကာဇက်စတန်အသင်း၊ အောက်တိုဘာ ၂၈ ရက်တွင် ဥဇဘက်ကစ္စတန်အသင်းနှင့် ကစားရမည်ဖြစ်ပြီး ဥဇဘက်ကစ္စတန်အသင်းနှင့် ပွဲစဉ်ကျင်းပမည့်အချိန်ကို ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်းသိရသည်။ **STA**

# အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းက မြောက်ကိုရီးယားအသင်းကို ရှစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်

**ရန်ကုန် စက်တင်ဘာ ၁၇**

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီက မြန်မာအသင်းနှင့် မြောက်ကိုရီးယား အသင်းတို့ ကစားခဲ့ရာ မြန်မာအသင်းက မြောက်ကိုရီးယား အသင်းကို ရှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင်ပွဲစကတည်းက မြောက်ကိုရီးယားအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ကိုးမိနစ်တွင် Ri Myoung Gum၊ ပွဲချိန် ၁၇ မိနစ်တွင် Ri Song၊ ပွဲချိန် မိနစ် ၄၀နှင့် ၄၂ မိနစ်တို့တွင် Jon Ryong Jong တို့က မြောက်ကိုရီးယားအသင်းအတွက် သွင်းဂိုးများသွင်းယူခဲ့ပြီး ပွဲချိန် ၃၇ မိနစ်တွင် မြန်မာအသင်းမှ ခင်မာလာထွန်းက ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သည့်အတွက် ပထမပိုင်းတွင် မြောက်ကိုရီးယားအသင်းက ငါးဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မြောက်ကိုရီးယားအသင်းက ဆက်လက်ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၅၈ မိနစ်တွင် Ri Song၊ ပွဲချိန် ၆၆ မိနစ်တွင် Kum Jong၊ ပွဲချိန် ၇၇ မိနစ်တွင် Choe Kum Okတို့က မြောက်ကိုရီးယားအသင်းအတွက် ဦးဆောင်ဂိုးများ ဆက်လက် သွင်းယူခဲ့ပြီးနောက် ပွဲပြီးဆုံးချိန်တွင် မြောက်ကိုရီးယားအသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် စက်တင်ဘာ ၂၀ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ဆက်လက် ကစားရမည်ဖြစ်ကြောင်းသိရသည်။ **STA**

# ၂၀၂၆ တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဂျိုကိုဗစ် ပါဝင်ကစားမည်ဟု အတည်ပြု



**ပေကျင်း စက်တင်ဘာ ၁၇**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ATP 500 အဆင့် တင်းနစ်ပြိုင်ပွဲဖြစ်သည့် ၂၀၂၆ တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဆားဘီးယားထိပ်တန်းကစားသမား ဂျိုကိုဗစ်ပါဝင်ယှဉ်ပြိုင်မည်ဟု အတည်ပြုခဲ့ကြောင်း Sportskeeda Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆ တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ဂျိုကိုဗစ်အပါအဝင် ကမ္ဘာ့အဆင့်(၁)အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာ၊ ကမ္ဘာ့အဆင့်(၂) ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဖ်၊ ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်၊ အီတလီတင်းနစ်ကစားသမားကိုဘိုလီတို့ ပါဝင်မည်ဖြစ်သည်။

ဂျိုကိုဗစ်သည် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ယခုနှစ်မတိုင်မီက ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၃ ခုနှစ်၊၂၀၁၄ခုနှစ်၊ ၂၀၁၅ ခုနှစ်တို့တွင် ခြောက်ကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခြောက်ကြိမ်လုံး ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ပြီး ယခုအခါ ၁၁ နှစ်အကြာတွင် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို ပြန်လည်ဝင်ရောက်ကစားမည်ဖြစ်သည်။

ဂျိုကိုဗစ်သည် နောက်ဆုံးဝင်ရောက်ကစားခဲ့သည့်ပြိုင်ပွဲအဖြစ် ပြီးခဲ့သည့် U.S.Open တင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ကစားခဲ့သော်လည်း ပထမအဆင့်တွင်ပင် အာဂျင်တီးနား တင်းနစ်ကစားသမား မာရီယာနိုနိုဗိုနီကို(၇-၆)၊(၅-၇)၊(၆-၄)၊(၂-၆)၊(၁-၆) ရလဒ်ဖြင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

**Ref : Sportskeeda Tennis**

**Trs : STA**

# ချဲလ်ဆီးအသင်းပူးတွဲပိုင်ရှင် တော့ဘိုလီက အသင်းရှယ်ယာများကို ရောင်းချခဲ့ပြီးနောက် အသင်းဥက္ကဋ္ဌရာထူးမှ ထွက်ခွာ

**လန်ဒန် စက်တင်ဘာ ၁၇**

ချဲလ်ဆီးအသင်း ပူးတွဲပိုင်ရှင် တော့ဘိုလီက အသင်းရှယ်ယာများကို Clearlake Capital ကုမ္ပဏီထံရောင်းချခဲ့ပြီး အသင်းဥက္ကဋ္ဌရာထူးမှလည်း ထွက်ခွာခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။



ချဲလ်ဆီးအသင်းတွင် ၂၀၂၂ ခုနှစ်က အသင်းပိုင်ရှင်အပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး အသင်းပိုင်ရှင်ဟောင်း ရုရှားဘီလျံနာ အေဘရာမိုဗစ်ချ်က အသင်းကို ရောင်းချခဲ့ရာ Clearlake Capitalက ရှယ်ယာ ၆၁ ဒသမ ၆ ရာခိုင်နှုန်း ဝယ်ယူခဲ့ပြီး အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့် တော့ဘိုလီ၊ ဝိုင်းစ်၊ ဝေါ်တာတို့က ၁၂ ဒသမ စရာခိုင်နှုန်းစီ ဝယ်ယူခဲ့ကာ အသင်းပူးတွဲပိုင်ရှင်ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ထို့နောက် တော့ဘိုလီသည် အသင်းပူးတွဲပိုင်ရှင် ဖြစ်လာခဲ့ပြီးနောက် အသင်းဥက္ကဋ္ဌရာထူးကို ရယူကာ အသင်း၏အားကစားဆိုင်ရာကိစ္စရပ်များကို ဦးဆောင်လုပ်ကိုင်ခဲ့သော်လည်း ၂၀၂၄ ခုနှစ်မှစတင်ကာ ချဲလ်ဆီးအသင်းတွင် ပူးတွဲ အသင်းပိုင်ရှင်များကြား တင်းမာမှုများ စတင်ဖြစ်ပွားလာခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်း ပူးတွဲပိုင်ရှင်များကြား ၂၀၂၄ ခုနှစ်မှစတင်ပြီး အိမ်ကွင်းသစ်စီမံကိန်းနှင့် ပတ်သက်၍ သဘောထားတင်းမာမှုများရှိလာခဲ့သကဲ့သို့ ပူးတွဲပိုင်ရှင်တစ်ဦးဖြစ်သည့် ဝေါ်တာသည်လည်း အမေရိကန်အစိုးရက ငွေကြေးပိုင်း စစ်ဆေးမှုများရှိလာခဲ့ပြီးနောက် ၎င်းတို့ပိုင်ဆိုင်ထားသည့် အသင်းရှယ်ယာ ၁၂ ဒသမ ၈ ရာခိုင်နှုန်းစီကို Clearlake Capital ထံရောင်းချခဲ့ပြီး တော့ဘိုလီလည်းအသင်းဥက္ကဋ္ဌရာထူးမှ ထွက်ခွာခဲ့ကြောင်း သိရသည်။

**Ref : The Athletic**

**Trs : STA**

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

မောင်မောင်ထွန်း(ပန်းပျိုးအိမ်)

သဘာဝနှင့်လူသား ခွဲခြား၍မရသကဲ့သို့ အသက်ရှူရန် လေ၊ သောက်သုံးရန် ရေကို သဘာဝမှ ရရှိကြသည်။ လူတို့သည် မြေယာ၊ သစ်တော၊ မြစ်ချောင်း၊ ပင်လယ်နှင့် သဘာဝအရင်းအမြစ်များကို မှီခိုနေကြရသည်။ ထို့ပြင် နေစရာအိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများသည်လည်း သဘာဝနှင့် ဆက်စပ်လျက်ရှိသည်။

သဘာဝပတ်ဝန်းကျင် ကောင်းမွန်လျှင် လေကောင်းလေသန့်၊ ရေသန့်ရရှိပြီး မြေဆီလွှာကောင်းမွန်မည်။ စားနပ်ရိက္ခာထုတ်လုပ်နိုင်စွမ်းမြင့်မားမည်။ လူတို့၏ ကျန်းမာရေးနှင့် စီးပွားရေးလည်း တိုးတက်လာမည်။

သစ်တောများပြုန်းတီးခြင်း၊ ရေထုနှင့် လေထုညစ်ညမ်းခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ သဘာဝမျိုးစိတ်များလျော့နည်းပျောက်ကွယ်ခြင်းတို့ဖြစ်ပေါ်လာပါက လူသားတို့၏ဘဝလုံခြုံရေးနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးကိုပါထိခိုက်နိုင်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းခြင်းသည် လူတို့၏ဘဝနှင့်အနာဂတ်ကို ကာကွယ်ခြင်းပင်ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်**

သဘာဝပတ်ဝန်းကျင်သည် သစ်ပင်၊ ပန်းပင်၊ တောတောင်၊ မြစ်ချောင်းများကိုသာ ဆိုလိုသည်မဟုတ်။ လေထု၊ ရေထု၊ မြေဆီလွှာ၊ သစ်တောများ၊ တောရိုင်းတိရစ္ဆာန်များ၊ ငှက်များ၊ ရေသတ္တဝါများ၊ အပင်မျိုးစုံနှင့် သေးငယ်သောသက်ရှိများအပါအဝင် ၎င်းတို့အချင်းချင်းဆက်နွယ်နေသည့် သဘာဝစနစ်တစ်ခုလုံးပါဝင်သည်။

သစ်တောတစ်ခုကိုကြည့်လျှင် သစ်ပင်များသာရှိသည်ဟုထင်ရသော်လည်း အမှန်တကယ်တွင် သစ်ပင်များ၊ မြေဆီလွှာ၊ ရေ၊ အဏုဇီဝပိုးမွှားများ၊ ငှက်များနှင့် တောရိုင်းတိရစ္ဆာန်များ အပြန်အလှန်မှီခိုနေကြသည်။ သစ်ပင်သစ်တောများသည် မိုးရေကိုထိန်းသိမ်းပေးသည့်အပြင် မြေဆီလွှာတိုက်စားမှုကို လျှော့ချပေးသည်။ ရာသီဥတုထိန်းညှိရာတွင် အထောက်အကူပြုပြီး တောရိုင်းတိရစ္ဆာန်များအတွက် နေထိုင်ရာဖြစ်သည်။ လူသားတို့အတွက်လည်း သစ်နှင့် သစ်တောထွက်ပစ္စည်းများ၊ ဆေးဖက်ဝင်အပင်နှင့် အခြားသဘာဝထွက်ပစ္စည်းများကို ပေးစွမ်းနိုင်သည်။ သဘာဝအစိတ်အပိုင်းတစ်ခုနှင့်တစ်ခု ဆက်စပ်နေသည့်အတွက် အစိတ်အပိုင်းတစ်ခု ပျက်စီးလျှင် အခြားအစိတ်အပိုင်းများပါ အကျိုးသက်ရောက်နိုင်သည်။

**ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်**

လူသားတို့၏ အခြေခံလိုအပ်ချက်များ ပြည့်မီစေရန် စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ မဖြစ်မနေလိုအပ်သည်။ လမ်းများ၊ တံတားများ၊ အိမ်ရာများ၊ စက်ရုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် အခြားအခြေခံအဆောက်အအုံများ တည်ဆောက်ရမည်။ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်ရမည်ဖြစ်သည်။

သို့သော် ဖွံ့ဖြိုးတိုးတက်မှုသည် သဘာဝသယံဇာတများကို အလွန်အကျွံအသုံးချပြီး ယနေ့အကျိုးအတွက်သာ ရယူသုံးစွဲခြင်းမဖြစ်သင့်ပေ။ သဘာဝသယံဇာတများကို စနစ်တကျအသုံးချမှု၊ ထုတ်ယူသုံးစွဲမှုနှင့် ပြန်လည်ဖြည့်တင်းနိုင်မှုတို့ကို ဟန်ချက်ညီအောင်ဆောင်ရွက်ရမည်။ စီးပွားရေးတိုးတက်မှုရှိသော်လည်း လေထုညစ်ညမ်းခြင်း၊ ရေထုညစ်ညမ်းခြင်း၊ သစ်တောများပြုန်းတီးလာခြင်း၊ မြေဆီလွှာပျက်စီးခြင်းတို့ဖြစ်ပေါ်လာပါက ထိုဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်တည်တံ့နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ယနေ့ကမ္ဘာတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုသည် ပိုမိုအရေးပါလာသည်။

**သစ်တောစိမ်းလန်းမှ နိုင်ငံသာယာမည်**

သစ်တောများသည် သစ်သားရရှိရန်အတွက်သာမက လေထုအတွင်းရှိကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူ၍ အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးသည်။ မြေဆီလွှာကို ထိန်းသိမ်းပေးပြီး ရေဝေရေလဲဒေသများကိုကာကွယ်ပေးသည်။ တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ရာနေရာများဖြစ်သည်။

သစ်တောများပြုန်းတီးလာလျှင် မိုးရေစီးဆင်းမှုပြင်းထန်ကာ မြေဆီလွှာတိုက်စားမှုဖြစ်နိုင်သည်။ ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းတို့လည်း ဖြစ်ပွားနိုင်သည်။ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းသည် အရိပ်ရရှိခြင်း၊ လေထုသန့်ရှင်းစေခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်းနှင့် သဘာဝအလှတရားဖန်တီးခြင်းတို့အပြင် နောင်မျိုးဆက်များအတွက် အစိမ်းရောင်အမွေအနှစ်တစ်ခုချန်ထားပေးခြင်းလည်းဖြစ်သည်။

ထို့ကြောင့် စိုက်ပျိုးသောသစ်ပင်များ ရှင်သန်ကြီးထွားလာအောင် ပြုစုထိန်းသိမ်းခြင်းက ပို၍အရေးကြီးသကဲ့သို့ သစ်တောပြန်လည်ထူထောင်ရေး၊ မြို့ပြစိမ်းလန်းစိုပြည်ရေးနှင့် ရပ်ရွာအခြေပြုသစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ပြည်သူအားလုံးပါဝင်ဆောင်ရွက်သင့်သည်။

**ရေသည်အသက်**

လူသားတို့၏အသက်ရှင်ရေးအတွက် ရေသည်မရှိမဖြစ်လိုအပ်သည်။ ရေရှိခြင်းနှင့် သန့်ရှင်းသောရေရရှိခြင်းသည် မတူညီပေ။ စက်ရုံစွန့်ပစ်ရေများ၊ အိမ်သုံးအမှိုက်များ၊ ပလတ်စတစ်များ၊ ဓာတုပစ္စည်းများနှင့် အခြားအညစ်အကြေးများကို မြစ်ချောင်း၊ အင်းအိုင်များအတွင်း စနစ်မဲ့စွန့်ပစ်ခြင်းသည် ရေထုညစ်ညမ်းမှုကို ဖြစ်စေနိုင်သည်။

ရေထုညစ်ညမ်းလာလျှင် ရေသတ္တဝါများနှင့် လူတို့အတွက်လည်း ကျန်းမာရေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ပြီး သန့်ရှင်းသောရေရရှိရေးအတွက် ကုန်ကျစရိတ်များလာနိုင်သည်။

ထို့ကြောင့် ရေကိုချွေတာသုံးစွဲခြင်း၊ ရေမြောင်းများနှင့် မြစ်ချောင်းများထဲသို့အမှိုက်မပစ်ခြင်း၊ စက်မှုလုပ်ငန်းများမှ စွန့်ပစ်ရေများကို စနစ်တကျစီမံခန့်ခွဲခြင်းနှင့် ရေအရင်းအမြစ်များ ရေရှည်ရပ်တည်ရေးအတွက် ကာကွယ်ခြင်းတို့ကို လူသားအားလုံး ပူးပေါင်းဆောင်ရွက်ရမည်။

**လေထုသန့်ရှင်းမှ ကျန်းမာရေးကောင်းမည်**

လူတစ်ဦးသည် အစားအစာမစားဘဲ ရက်အတော်ကြာ အသက်ရှင်နိုင်သော်လည်း လေမရှူဘဲ မိနစ်အနည်းငယ်မျှပင် နေထိုင်ရန်မဖြစ်နိုင်ပေ။ ထို့ကြောင့် လူသားတို့အတွက် သန့်ရှင်းသောလေရရှိရန် အခြေခံလိုအပ်ချက်ဖြစ်သည်။

ယာဉ်များမှထွက်သည့် မီးခိုးများ၊ စက်ရုံများမှ ထွက်ရှိသည့်အမှုန်အမွှားနှင့် ဓာတ်ငွေ့များ၊ အမှိုက်မီးရှို့ခြင်းနှင့် အခြားလေထုညစ်ညမ်းစေသည့် လုပ်ဆောင်ချက်များသည် လေထုအရည်အသွေးကို ထိခိုက်စေနိုင်သည်။ အထူးသဖြင့် မြို့ပြများတွင် ယာဉ်အသွားအလာများပြားလာခြင်းနှင့် စက်မှုလုပ်ငန်းများတိုးချဲ့လာခြင်းတို့နှင့်အတူ လေထုညစ်ညမ်းမှုကို စနစ်တကျထိန်းချုပ်ရန် လိုအပ်လာသည်။

အမှိုက်ကို မီးရှို့ခြင်းထက် စနစ်တကျစွန့်ပစ်ခြင်း၊ သစ်ပင်များကို ထိန်းသိမ်းခြင်းနှင့် အများသုံးသယ်ယူပို့ဆောင်ရေးကို သင့်လျော်သလိုအသုံးပြုခြင်းတို့သည် အထောက်အကူဖြစ်စေနိုင်သည်။

ယနေ့ကမ္ဘာကြီးသည် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို ပိုမိုရင်ဆိုင်လာရသည်။ အပူချိန်မြင့်တက်လာခြင်း၊ မိုးရွာသွန်းမှုပုံစံပြောင်းလဲလာခြင်း၊ မိုးသည်းထန်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် မုန်တိုင်းများ၏ သက်ရောက်မှုများသည် လူသားတို့၏ စားနပ်ရိက္ခာ၊ ရေ၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အပေါ် သက်ရောက်နိုင်သည်။

ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းရန် နိုင်ငံအဆင့်၊ ကမ္ဘာလုံးဆိုင်ရာအဆင့်များတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ လူတစ်ဦးချင်းစီ၏ နေ့စဉ်ဘဝ အလေ့အထများလည်း အရေးကြီးသည်။

❖ သစ်ပင်တစ်ပင်ကိုထိန်းသိမ်းခြင်းသည် သစ်တောကိုကာကွယ်ခြင်း၏အစဖြစ်သည်။ ရေတစ်စက်ကိုချွေတာခြင်းသည် ရေအရင်းအမြစ်ကို ကာကွယ်ခြင်း၏အစဖြစ်သည်။ အမှိုက်တစ်စကို စနစ်တကျစွန့်ပစ်ခြင်းသည် သန့်ရှင်းသောမြို့ပြကိုတည်ဆောက်ခြင်း၏အစဖြစ်သည်။ မိသားစုတစ်စု၏ အလေ့အထကောင်းသည် ရပ်ရွာတစ်ခု၏ အစိမ်းရောင်အနာဂတ်ကို ဖန်တီးနိုင်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အခြားသူတစ်ဦးက စတင်ပေးရန်စောင့်မနေဘဲ မိမိကိုယ်တိုင် ယနေ့ကတည်းက စတင်ကြရန် လိုအပ်မည်။ ❖

**နိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင်ထိန်းကြစို့**

နိုင်ငံတစ်နိုင်ငံ သာယာဝပြောရေးတွင် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိခြင်း၊ လေထုသန့်ရှင်းခြင်း၊ မြေဆီလွှာကောင်းမွန်ခြင်း၊ သစ်တောများစိမ်းလန်းစိုပြည်ခြင်း၊ မြစ်ချောင်းများရေစီးရေလာကောင်းမွန်ခြင်း၊ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝမျိုးစိတ်များရှင်သန်နိုင်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိခြင်းတို့ပါဝင်သည်။

ယနေ့မျိုးဆက်များ ဖွံ့ဖြိုးတိုးတက်ကာ နောင်မျိုးဆက်များ၏အခွင့်အရေးဆုံးရှုံးမှုမရှိမှသာ အမှန်တကယ်သာယာဝပြောသော နိုင်ငံတော်ဖြစ်သည်။ သဘာဝတရားကြီးသည် အသက်ရှူရန်လေ၊ သောက်သုံးရန်ရေ၊ စားသုံးရန်အစာနှင့် နေထိုင်ရန်မြေကို ပေးအပ်နေသည်။ ထိုကျေးဇူးကို ပြန်လည်တုံ့ပြန်ရန် လူသားတို့ဘက်မှ တာဝန်ယူစိတ်ဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

သစ်ပင်တစ်ပင်ကို ထိန်းသိမ်းခြင်းသည် သစ်တောကိုကာကွယ်ခြင်း၏ အစဖြစ်သည်။ ရေတစ်စက်ကို ချွေတာခြင်းသည် ရေအရင်းအမြစ်ကိုကာကွယ်ခြင်း၏အစဖြစ်သည်။ အမှိုက်တစ်စကို စနစ်တကျစွန့်ပစ်ခြင်းသည် သန့်ရှင်းသောမြို့ပြကိုတည်ဆောက်ခြင်း၏အစဖြစ်သည်။ မိသားစုတစ်စု၏ အလေ့အထကောင်းသည် ရပ်ရွာတစ်ခု၏ အစိမ်းရောင်အနာဂတ်ကို ဖန်တီးနိုင်သည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အခြားသူတစ်ဦးက စတင်ပေးရန် စောင့်မနေဘဲ မိမိကိုယ်တိုင် ယနေ့ကတည်းက စတင်ကြရန်လိုအပ်မည်။ မိမိအိမ်ကို သန့်ရှင်းအောင်ထားသကဲ့သို့ မိမိရပ်ကွက်ကို သန့်ရှင်းသာယာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ အမှိုက်များကို လျှော့ချကြကာ ရေ၊ လျှပ်စစ်နှင့် စွမ်းအင်တို့ကို ချွေတာပြီး သန့်ရှင်းသောသဘာဝပတ်ဝန်းကျင်ကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းနိုင်မည်ဖြစ်သည်။

ယနေ့ ကျွန်ုပ်တို့စိုက်ပျိုးသည့်သစ်ပင်သည် မနက်ဖြန်၏အရိပ်ဖြစ်လာမည်။ ယနေ့ ကျွန်ုပ်တို့ ကာကွယ်သည့်သဘာဝသည် မနက်ဖြန်၏ အသက်ရှင်မှုဖြစ်လာမည်။ ယနေ့ ကျွန်ုပ်တို့ထိန်းသိမ်းသည့် ပတ်ဝန်းကျင်အသိသည် မနက်ဖြန်နိုင်ငံတော်သာယာမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် မဖြစ်မနေဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ ထို့ပြင် အနာဂတ်မျိုးဆက်သစ်များအတွက် သန့်ရှင်းသော လေထု၊ စိမ်းလန်းစိုပြည်သော သစ်တောများနှင့်သာယာလှပသော သဘာဝပတ်ဝန်းကျင်ကို အမွေပေးခဲ့နိုင်ရန်မှာ ယနေ့ မိမိတို့၏ ကြိုးပမ်းအားထုတ်မှုအပေါ်မူတည်နေသည်။ ထို့ကြောင့် နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့ဟူသောဆောင်ပုဒ်နှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်မျိုးသားလုံး တက်ကြွစွာပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

**- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးအစီအမံစာတမ်းများ။**

# မန္တလေးတောင်ခြေအနီး၌ သီတင်းကျွတ်ကျောက်တော်ကြီးဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်



ယခင်နှစ်က သီတင်းကျွတ်ကျောက်တော်ကြီးဘုရားပွဲတော်ကို တွေ့ရစဉ်။

**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မန္တလေးတောင်ခြေအနီးတွင် သီတင်းကျွတ် ကျောက်တော်ကြီးဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည် ဖြစ်ကြောင်း မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့ဝင် ဦးမြစ်နံထံမှ သိရသည်။

သီတင်းကျွတ် ကျောက်တော်ကြီးဘုရားပွဲတော်ကို မန္တလေးတောင်ခြေအနီးရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား၊ နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားသုံးဆူတို့ စုပေါင်းကျင်းပခြင်းဖြစ်ပြီး နှစ်စဉ် သီတင်းကျွတ်လဆန်း ၈ ရက်မှ လပြည့်ကျော် ၃ ရက်ထိ ကျင်းပလေ့ရှိကြောင်း သိရသည်။

"သီတင်းကျွတ်ကျောက်တော်ကြီးဘုရားပွဲတော်ကို ဒီနှစ်မှာ အရင်နှစ်တွေထက် ပိုမိုစည်ကားစွာ ကျင်းပဖို့ပြင်ဆင်နေပါပြီ။ ရိုးရာဖျော်ဖြေရေး အစီအစဉ်တွေလဲ ထည့်သွင်းကျင်းပသွားမှာပါ။ မကြာမီကျင်းပမဲ့ မန္တလေးမြို့ရဲ့ အထင်ကရ သီတင်းကျွတ်ကျောက်တော်ကြီးဘုရားပွဲတော်ကို ဒီနှစ်မှာ သမိုင်းတစ်လျှောက် အစည်ကားဆုံး နှစ်တစ်နှစ်အဖြစ် မှတ်တမ်းတင်နိုင်ဖို့ ကြိုတင်စီစဉ် ပြင်ဆင်မှုတွေ ပြုလုပ်နေပါတယ်" ဟု ဂေါပကအဖွဲ့ဝင် ဦးမြစ်နံက ပြောပြသည်။

မန္တလေးတောင်ခြေအနီးရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား၊ နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား သုံးဆူတို့ စုပေါင်းကျင်းပသည့် သီတင်းကျွတ်ကျောက်တော်ကြီး ဘုရားပွဲတော်ကာလအတွင်း နေ့စဉ်လာရောက်သူဦးရေ တစ်သိန်းကျော်ထိရှိတတ်ပြီး မန္တလေးမြို့၏ ထင်ရှားသော ရိုးရာပွဲတော်ကြီး တစ်ခုဖြစ်ကြောင်းသိရသည်။

ယခုနှစ်ပွဲတော်ကို ပြန်လည်စည်ကားစေရန် ရိုးရာဖျော်ဖြေရေး အစီအစဉ်များအပါအဝင် ပွဲခင်းအတွင်း လာရောက်သူများ အဆင်ပြေစေရေးနှင့် လိုအပ်သည့် အစီအစဉ်များကိုလည်း ကြိုတင် ပြင်ဆင်နေကြောင်း သိရသည်။

ASH

# ဟယ်ရီစတိုင်လ်စ်၏ Together, Together ကမ္ဘာလှည့်ဖျော်ဖြေပွဲကို ၂၀၂၇ ခုနှစ်ထိ တိုးမြှင့်ကျင်းပမည်

**နယူးယောက် စက်တင်ဘာ ၁၇**

နာမည်ကျော် ဗြိတိန်ပေါ့ပ်အဆိုတော်ဟယ်ရီစတိုင်လ်စ်သည်၎င်း၏ အောင်မြင်မှုများစွာ ရရှိနေသော Together, Together ကမ္ဘာလှည့် ဖျော်ဖြေရေးခရီးစဉ်ကို ၂၀၂၇ ခုနှစ်ထိ တိုးမြှင့်ကျင်းပမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၆ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကမ္ဘာလှည့်ဖျော်ဖြေပွဲကို ကမ္ဘာတစ်ဝန်းရှိထင်ရှားသည့် အားကစား ကွင်းကြီးများတွင် ကြီးကျယ်ခမ်းနားစွာ ကျင်းပရန် စီစဉ်ထားပြီး ပရိသတ်များ၏ တောင်းဆိုမှုကြောင့် ကွင်းအတွင်း အထူးဖျော်ဖြေမှုများကိုပါ ထပ်မံဖြည့်စွက်ထားကြောင်း သိရသည်။

ဟယ်ရီစတိုင်လ်စ်၏ ယခုကဲ့သို့ ဖျော်ဖြေပွဲကာလ တိုးမြှင့်ကျင်းပမှုသည် ဂီတလောကတွင် ကြီးမားသော အောင်မြင်မှုတစ်ခု ဖြစ်လာစေပြီး ပရိသတ် သန်းပေါင်းများစွာနှင့် တိုက်ရိုက်တွေ့ဆုံနိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်လည်းဖြစ်သည်။

ယခင်ကျင်းပခဲ့သည့် ဖျော်ဖြေပွဲများတွင်လည်း လက်မှတ်များ အားလုံး စံချိန်တင်ရောင်းချခဲ့ရပြီးဖြစ်ရာ ၂၀၂၇ ခုနှစ်အတွက် ဖျော်ဖြေပွဲများမှာလည်း အထူးစည်ကားမည်ဟု ခန့်မှန်းထားကြကြောင်း သိရသည်။

Ref : Russia Today
Trs : YZA



# တေးသံရှင် ကော်နီ၏ Colourful Connie 2.0 တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၁၇**

တေးသံရှင် ကော်နီ၏ Colourful Connie 2.0 တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ (ရန်ကုန်)၌ အောက်တိုဘာ ၁၁ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

တေးသံရှင် ကော်နီ၏ Colourful Connie 2.0 တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် ဂီတနယ်ပယ်မှ ထင်ရှားသည့်တေးသံရှင်များကလည်း ဧည့်သည်အဆိုတော်အဖြစ် ပါဝင်ကာ မွေးနေ့လက်ဆောင် တေးများဖြင့် အားဖြည့်သီဆိုပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"အခုတီကော်က ၅၈ နှစ်ပြည့်ပြီဆိုတော့ ၅၉ နှစ်ထဲမှာပေါ့နော်။ အမှန်တော့ တီကော်အသက် ၆၀ ပြည့်မှလုပ်မလို့ပဲ။ ကိုချစ်ကောင်းက နင် ၆၀ ပြည့်မှာ မဆိုနိုင်တော့ရင် ဘယ်လိုလုပ်မလဲ လုပ်စရာရှိတာ လုပ်တာမဟုတ်ဘူးဆိုတာနဲ့ လုပ်ဖြစ်သွားတာပေါ့။ အမှန်တော့ တီကော်က ဟိုးအရင်ကတည်းက ဆယ်နှစ်ကို တစ်ဖြတ်နှုန်းနဲ့ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲတွေလုပ်ခဲ့ပါတယ်။




အခုကတော့ နောက်ဆုံးပွဲနဲ့ဆိုရင် ၁၁ နှစ်လောက်ခြားသွားမှာပေါ့လေ။ အရင်ပွဲတွေလို အနုပညာမောင်နှမတွေ ဝန်းရံမှာဖြစ်သလို ထွန်းတောက်လာမဲ့ မျိုးဆက်သစ်လူငယ်လေးတွေနဲ့လဲ အတူတွဲပြီးတော့ ဆိုတာ၊ ကတာတွေပါလာမှာပါ။ အခု တီကော်တို့ စပြီးတော့သီချင်းတွေနဲ့ အကတိုက်တာတွေလုပ်နေပါပြီ"ဟု တေးသံရှင် ကော်နီက ပြောပြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ (ရန်ကုန်) ၌ အောက်တိုဘာ ၁၁ ရက် ည ၆ နာရီမှစတင်ကာ သီဆိုဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ဒါရိုက်တာ ရယ်ဘယ်ဝီလ်ဆင်၏ ဟာသရုပ်ရှင်ဇာတ်ကားသစ် Girl Group ထွက်ရှိ

**နယူးယောက် စက်တင်ဘာ ၁၇**

နာမည်ကျော် ဟောလိဝုဒ်မင်းသမီးနှင့် ဒါရိုက်တာရယ်ဘယ်ဝီလ်ဆင် တင်ဆက်ထားသည့် ပေါ့ပ်ဂီတနှင့်ဟာသနှောထားသော Girl Group ရုပ်ရှင်ဇာတ်ကားသစ် ထွက်ပေါ်လာပြီဖြစ်ကြောင်း Variety သတင်းဌာန၏ စက်တင်ဘာ ၁၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားတွင် လူငယ်အနုပညာရှင်အသစ်များကို ပွဲထုတ်ထားပြီး ဖျော်ဖြေရေးနှင့် ဟာသဆန်ဆန် တေးသီချင်းကပြ ဖျော်ဖြေမှုများကို ပုံစံအသစ် တစ်မျိုးဖြင့် ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်သည်။

ရယ်ဘယ်ဝီလ်ဆင်၏ ထူးခြားသည့် ရုပ်ရှင်ဖန်တီးမှုလက်ရာများနှင့်အတူ လူငယ်ပရိသတ်များကြား ရေပန်းစားမည့် ဇာတ်အိမ်ခိုင်မာမှုများကြောင့် အဆိုပါဇာတ်ကားသည် Streaming နှင့် ရုပ်ရှင်ဈေးကွက်တွင် အထူးအာရုံစိုက်ခြင်းခံနေရသည်။

ရယ်ဘယ်ဝီလ်ဆင်၏ ထူးခြားဆန်းသစ်သော Girl Group ရုပ်ရှင်ဇာတ်ကားသစ်ကို မကြာမီ ပရိသတ်များ ခံစားကြည့်ရှုခွင့်ရရှိတော့မည် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : YZA



# အတ္တကမ်းပါး ရုပ်ရှင်ဇာတ်ကား FAMILY SHOW ပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၁၇**


မြန်နန်းတော်ဝင် ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ရိုက်ကူးသည့် အတ္တကမ်းပါး ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၈ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည် ဖြစ်ကြောင်း သရုပ်ဆောင် မေမြင့်မိုရ်က ပြောပြ၍ သိရသည်။

အတ္တကမ်းပါး ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ပုဏ္ဏမီ၏ အောင်မြင်ခဲ့သည့် လုံးချင်းဝတ္ထုကို ညမွေးပန်းနှင့် ငွေစင်သွန်းတို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ဟိန်းစိုးက မြန်နန်းတော်ဝင် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"အတ္တကမ်းပါးမှာ မေလေးက ပိုချိုဆိုတဲ့ ဇာတ်ကောင်ကာရိုက်တာနေရာက ပါဝင်ထားပါတယ်။ သူက မိခင်တစ်ယောက်လဲဖြစ်တယ်။ ဒါပေမဲ့ အနှိမ့်ချခံရတဲ့သူမို့ တစ်ချိန်မှာပြန်ပြီး အတ္တတွေ ပေါက်ဖွားတာပေါ့နော်။ အပြိုးကြီးတဲ့ မိန်းကလေးပေါ့။ အတ္တအလွန်ကြီးရင်လဲ မှားတတ်တယ်ဆိုတဲ့ မက်ဆေ့လေးရမယ်။ လူတစ်ယောက်ကို အပေါ်ယံကြည့်ပြီး တော့မဆုံးဖြတ်သင့်ဘူးဆိုတာတွေ မြင်ရမှာပါ"ဟု သရုပ်ဆောင် မေမြင့်မိုရ်က ပြောပြသည်။

အတ္တကမ်းပါး ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ရှင်မွေလ၊ ဖော်ဝင်းနိုင်၊ သက်ဦးကို၊ ခိုင်နှင်းဝေ၊ မေမြင့်မိုရ်၊ ဝေလာရီ၊ သုန္ဒြေဦး၊ ဝင်းမင်းသန်း၊ ကလေးသရုပ်ဆောင် သွန်းပြည့်သဒ္ဒါစိုးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Vice President U Nyo Saw delivers speech at 23rd China-ASEAN Expo and China-ASEAN Business and Investment Summit in Nanning




**Vice President U Nyo Saw and leaders of China and ASEAN member states pose for a group photo at the opening ceremony of the 23rd China-ASEAN Expo and the 23rd China- ASEAN Business and Investment Summit.**

**Nanning September 17**

Vice President U Nyo Saw, who is in Nanning, People's Republic of China, together with Union Minister U Tun Ohn and members of the delegation, attended and delivered a speech at the opening ceremony of the 23rd China-ASEAN Expo and the 23rd China-ASEAN Business and Investment Summit held at the Nanning International Convention and Exhibition Center at 10 am local time on September 17.

At the ceremony, the Vice President, the Vice Premier of the People's Republic of China, and Deputy Prime Ministers and heads of government from ASEAN member states delivered opening speeches and officially opened the 23rd China-ASEAN Expo and the 23rd China-ASEAN Business and Investment Summit.

In his speech, the Vice President said that the China-ASEAN Expo is not only an exhibition that promotes trade and investment between China and ASEAN member states, but also an important platform for building trust, exploring business opportunities, exchanging technology and experience, and promoting friendship among the peoples. Regarding trade and investment, he said that the new areas covered by the ASEAN-China Free Trade Area (ACFTA) 3.0, including the digital economy, green economy, supply chains, competition and consumer protection, could further open up investment and trade opportunities and contribute to developing free, fair, rules-based and mutually beneficial trade.

The Vice President said that since assuming State responsibilities, President U Min Aung Hlaing of the Republic of the Union of Myanmar has made visits to eight countries, including China and four ASEAN member states, enabling the further strengthening of existing friendly relations, mutual understanding and practical cooperation for mutual benefit. During the President's goodwill visit to China in June 2026, a joint statement between Myanmar and China was also issued with President Xi Jinping of the People's Republic of China. The joint statement reflected the two countries' agreement to continue promoting cooperation based on equality, mutual respect, consultation and mutual benefit. In addition, the two sides agreed to promote economic cooperation in areas including the China-Myanmar Economic Corridor, energy, electricity, the digital economy, artificial intelligence, agriculture, healthcare, education and human resources development.

Myanmar will continue to strengthen its Pauk-Phaw relations with China and further promote ASEAN-China cooperation based on ASEAN centrality, equality and mutual benefit, the Vice President said.

In the afternoon, the Vice President attended and delivered a speech at the China-ASEAN Business Leaders Forum of the 23rd China-ASEAN Business and Investment Summit, together with leaders from ASEAN member states and invited countries.

Afterwards, the Vice President, accompanied by members of the delegation, attended and opened the ceremony for the launch of the "City of Charm" booth representing Bago, Myanmar, held at the Nanning International Convention and Exhibition Center. He then toured and viewed the Myanmar and ASEAN country booths on display and encouraged the exhibitors.

At the 23rd China-ASEAN Expo, Myanmar is showcasing agricultural products, handicrafts and gems at 81 booths. More than 1,000 booths from the People's Republic of China and ASEAN member states have been opened to display products from their respective countries, it is reported.

MNA

# Plan underway to grow more than 3,000 acres of chickpea in Salingyi Township

**Salingyi September 17**

More than 3,000 acres of chickpea will be planted in Salingyi Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 winter crop season, Salingyi Township has set a target of cultivating 3,650 acres of chickpeas, with cultivation scheduled to take place from October to December this year.

"This year, we have set a target of cultivating more than 3,000 acres of chickpeas in Salingyi Township during the coming winter crop season. We will make efforts to achieve the targeted acreage. Chickpea cultivation has been increasing year by year. We will work together with farmers to provide the quality and pure seeds, agricultural inputs and post-harvest technologies necessary to improve the yield and quality of pulses," said U Wai Lin Htun, Head of the Salingyi Township Agriculture Department.

It is reported that farmers select and cultivate Yezin-8 and Yezin-11 chickpea varieties, which are suitable for local conditions and produce good yields. The cost of cultivating one acre of chickpeas is more than K300,000.

During this year's winter crop season, the respective Agriculture Departments are working together with farmers to provide quality and pure seeds, agricultural inputs and post-harvest technologies needed to improve the yield and quality of various pulses. They will also conduct awareness-raising and extension activities among lead farmers to encourage the use of beneficial Trichoderma fungi in pulse cultivation.

Sagaing Region has the largest area of pulse cultivation and production in Myanmar. In addition to being able to grow pulses as major crops, farmers can also cultivate them as multiple or intercropped crops. Therefore, local farmers are cultivating pulses as income-generating crops.

206

# Japan PM Takaichi reshuffles cabinet, retains key ministers, taps first JIP member

**Tokyo September 17**

Japanese Prime Minister Sanae Takaichi reshuffled her cabinet on Thursday, retaining most key ministers while bringing in a newcomer from the Japan Innovation Party (JIP), the junior coalition partner of the ruling Liberal Democratic Party (LDP).

It is Takaichi's first cabinet reshuffle since she took office last October.

According to the new lineup, Chief Cabinet Secretary Minoru Kihara, Foreign Minister Toshimitsu Motegi, Defense Minister Shinjiro Koizumi and Finance Minister Satsuki Katayama all remained in their respective posts.

Among those entering the cabinet for the first time, House of Representatives members Kazuo Yana and Yoshihiro Seki had previously been disciplined by the LDP over a high-profile political slush fund scandal. They were named agriculture minister and education minister, respectively. This marked the first time since the scandal came to light that lawmakers disciplined by the party over the affair had received cabinet positions.

Hiroshi Nakatsuka, formerly secretary general of the JIP, was appointed minister in charge of regulatory reform, making him the first JIP member to serve as a cabinet minister. The move marked a shift from the LDP and JIP cooperating outside the cabinet to cooperation within the cabinet.

Shigeaki Koga, a former official at Japan's Ministry of Economy, Trade and Industry, said that on foreign and security policies, the JIP is even more hawkish than Takaichi and could potentially encourage the prime minister to pursue more hawkish policies.

Another focus of the reshuffle is the absence of former Internal Affairs and Communications Minister Yoshimasa Hayashi from the new cabinet. Hayashi was Takaichi's rival in last year's LDP presidential election.

Analysts said the personnel changes indicate, on the one hand, that the Takaichi administration will press ahead with its established military buildup, proactive fiscal policy, and diplomatic agenda.

Xinhua

# Online scam/gambling operators detained with paraphernalia near Koneyaung village in Namsang township



Arrest of online scam and gambling suspects along with operational equipment near Koneyaung village, Namsang Township.





Seizure of buildings and premises used for online scam and gambling operations near Koneyaung village, Namsang Township.

**Nay Pyi Taw September 17**

The government has placed emphasis on uncovering and preventing online scam/gambling operators, who crossed into Myanmar illegally and totally jeopardized socioeconomic lives not only of people in the region but also of mankind across the world, as a national responsibility and effectively uncovered, detained and taken action against them by co-ordinating with neighboring governments.

In doing so, joint task-forces including security forces, acting on a tip-off by the responsible public that online scam/gambling operators were staying in Namsang township, Shan State (South), conducted investigations in the township, leading to the arrest of 50 online scam/gambling operators including nine male Chinese nationals, one female Chinese national, 26 male Myanmar nationals and 14 female Myanmar and seizure of one 60x20-foot workshop building (thatched, brick-walled), one 50x20-foot staff quarter building (thatched, brick-walled), two 40x20-foot residential buildings ( corrugated iron roofing, brick-walled), one 30x20-foot kitchen building (corrugated iron roofing and wall), 20 sets of Starlink, 25 laptops, 20 all-in-one computers, 217 assorted phones, nine system cases, two printers, one refrigerator, one freezer, 50 assorted chairs, one generator (big), 15 3x6-foot tables and four electrical fans about 1,500 meters northeast of Koneyaung village in Namsang township at about 9 am today.

Effective and severe action will be taken against the detainees in accordance with the law after necessary investigations and paraphernalia will be dealt with according to rules and regulations.

The government has continued to actively carry out combats against online scam/gambling operations in cooperation with neighboring countries, regional countries and international organizations to eradicate online scams/gambling and to prevent their operations from establishing footholds in Myanmar.

100

# Katha District to plant more than 2,000 acres of green gram this year

**Katha September 17**

Statistics of Katha District Agriculture Department stated that local farmers decided to grow more than 2,000 acres of green gram as cold season crops in Katha District of Sagaing Region this year.

During the 2026-2027 winter crop season, Katha District has set a target of cultivating a total of 2,022 acres of green gram, with 537 acres in Katha Township, 439 acres in Indaw Township, 529 acres in Htigyaing Township and 517 acres in Bamauk Township.

"This year's winter crop season, we have set a target of cultivating more than 2,000 acres of green gram in Katha District. We will make efforts to ensure that the targeted acreage is fully cultivated. During the cultivation period, we will also provide necessary technical assistance, quality seeds and pest and disease prevention measures through field visits," said Daw Khin Myat Myat Oo, Head of the Katha District Agriculture Department.

In Katha District, township-level Agriculture Department officials will provide farmers cultivating green gram with awareness on the use of quality and pure seeds suitable for local conditions, proper cultivation methods, pest prevention, systematic application of fertilizers and measures to improve yields.

During this year's winter crop season, the respective Township Agriculture Departments are also working together with farmers to provide quality and pure seeds, agricultural inputs and post-harvest technologies needed to improve the yield and quality of various pulses.

206



A thriving green gram plantation.

# Farmers plan to cultivate more than 6,000 acres of winter sunflower this year

**Kalewa September 17**

Local farmers will plant more than 6,000 acres of winter sunflower as cold season crops in Kalewa Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 winter crop season, Kalewa Township has set a target of cultivating 6,757 acres of winter sunflower, with cultivation scheduled to take place from October to December this year.

"This year, we have set a target of cultivating more than 6,000 acres of sunflower in Kalewa Township during the coming winter crop season. We will make efforts to achieve the targeted acreage. To reduce reliance on imported palm oil, we will promote the expansion of sunflower cultivation as an oilseed crop. Sunflower produces more oil per acre than other oilseed crops such as groundnut and sesame. Sunflower is cultivated only during the winter season," said U Myo Naing, Head of the Kalewa Township Agriculture Department.

To expand sunflower cultivation in Kalewa Township, the Township Agriculture Department will step up training and awareness programmes. It will also conduct training programmes to enhance the capacity of staff and farmers who plan to cultivate sunflower.

This year, arrangements have been made to provide seeds to farmers who will cultivate sunflower in Kalewa Township and to sell urea fertilizer at affordable prices. The sunflower varieties produced will also be distributed through farmer-to-farmer seed exchange programmes.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဖင်လန် Patria ကုမ္ပဏီက MUSCL Passive ရေဒါစနစ်ကို ရောင်းချရန် NATO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံနှင့် လက်မှတ်ရေးထိုး



ဖင်လန်နိုင်ငံ Patria ကုမ္ပဏီသည် MUSCL Passive ရေဒါစနစ်ကို ရောင်းချရန် NATO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံနှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံအမည်ကို ထုတ်ပြန်ထားခြင်းမရှိကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါရောင်းချမှုတွင် စိတ်ဝင်စားရာ ဧရိယာများကို လွှမ်းခြုံစောင့်ကြည့်နိုင်ရန် လိုအပ်သည့် အာရုံခံစနစ်များစွာအပြင် အပိုပစ္စည်းများ၊ နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များနှင့် လေ့ကျင့်သင်ကြားပေးမှုများလည်း ပါဝင်မည်ဖြစ်သည်။ ၎င်းတို့သည် လုပ်ငန်းခွင်အတွင်း စနစ်ကို လျင်မြန်စွာ အသုံးချနိုင်ရန်နှင့် အသုံးပြုသူ၏ စွမ်းဆောင်ရည်ကို ဆက်လက်မြှင့်တင်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ သဘောတူညီချက်နှင့် ပတ်သက်၍ အခြားအသေးစိတ် အချက်အလက်များကို ထုတ်ပြန်ထားခြင်း မရှိသေးပေ။

Patria ကုမ္ပဏီ၏ Defence and Weapon Systems လုပ်ငန်းဌာန အမှုဆောင် ဒုတိယဥက္ကဋ္ဌ Mikko Leino က "ဤသဘောတူညီချက်သည် သုံးစွဲသူနိုင်ငံနှင့် Patria ကုမ္ပဏီ၏ ဈေးကွက်ဦးဆောင်နေသော အာရုံခံကိရိယာနည်းပညာအပေါ် ယုံကြည်မှုကို ပြသခြင်းဖြစ်သည်။ MUSCL Passive ရေဒါစနစ်သည် လျှို့ဝှက်စွာစောင့်ကြည့်နိုင်မှု၊ လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်လျောညီထွေရှိမှုနှင့် ကုန်ကျစရိတ်ထိရောက်သော စွမ်းဆောင်ရည်တို့ကို ပေါင်းစပ်ပေးထားပါသည်"ဟု ပြောကြားခဲ့သည်။

၎င်းက ဆက်လက်၍ စစ်ဘက်တပ်ဖွဲ့များအနေဖြင့် လေကြောင်းရန်ကာကွယ်ရေးနှင့် လုံခြုံရေးစွမ်းရည်များကို ဆက်လက်မြှင့်တင်လာကြသည့်အတွက် မိမိတို့၏ တည်နေရာကို ထုတ်ဖော်မပြဘဲ ယုံကြည်စိတ်ချရသော ကြိုတင်သတိပေးမှုနှင့် ဒရုန်းစစ်ဆင်ရေးများကို အထောက်အကူပြုနိုင်သည့် Passive ရေဒါနည်းပညာများအပေါ် ဥရောပတစ်ဝန်း လိုအပ်ချက် မြင့်တက်လာနေကြောင်း ပြောကြားခဲ့သည်။

MUSCL Passive ရေဒါစနစ်သည် ရွှေ့ပြောင်း သယ်ဆောင်အသုံးပြုနိုင်သည့် စနစ်တစ်ရပ်ဖြစ်ပြီး လေကြောင်းပစ်မှတ်များကို အချိန်နှင့်တစ်ပြေးညီရှာဖွေခြေရာခံ၍ အချက်အလက်ပေးပို့နိုင်သည်။ အဆိုပါစနစ်သည် ပတ်ဝန်းကျင်ရှိ ရှိပြီးသား ရေဒီယိုနှင့် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ အချက်ပြလှိုင်းများကို Illuminators of Opportunity အဖြစ် အသုံးချ၍ လေကြောင်းပစ်မှတ်များမှ ပြန်လည်ဖြန့်ကြက်လာသည့် အချက်ပြမှုများကို ခွဲခြမ်းစစ်ဆေးကာ ပစ်မှတ်များကို ရှာခြင်း၊ တည်နေရာသတ်မှတ်ခြင်းနှင့် ခြေရာခံခြင်းများ ပြုလုပ်သည်။

MUSCL Passive ရေဒါစနစ်၏ အဓိကထူးခြားချက်မှာ ကိုယ်တိုင်ရေဒါအချက်ပြလှိုင်းထုတ်လွှင့်ခြင်း မရှိသည့်အတွက် မိမိ၏တည်နေရာကို ရန်သူဘက်မှ ရေဒါအချက်ပြရှာဖွေရေး စနစ်များဖြင့် ရှာဖွေတွေ့ရှိရန် ခက်ခဲစေခြင်းဖြစ်သည်။ ထိုသို့သော လျှို့ဝှက်စွာ စောင့်ကြည့်နိုင်သည့် ဒီဇိုင်းကြောင့် မြို့ပြပတ်ဝန်းကျင်များတွင်လည်း အသုံးပြုနိုင်ပြီး၊ လေကြောင်း စောင့်ကြည့်ခြင်း၊ ဒရုန်းရှာဖွေထောက်လှမ်းခြင်း၊ အရေးကြီး အခြေခံအဆောက်အအုံများ ကာကွယ်ခြင်းနှင့် နယ်စပ်စောင့်ကြည့်ခြင်း စသည့်လုပ်ငန်းများတွင် အသုံးချနိုင်သည်။

MUSCL Passive ရေဒါစနစ်ကို တစ်ခုတည်း သီးခြားအသုံးပြုနိုင်သကဲ့သို့ MUSCL Station များစွာကို ကွန်ရက်တစ်ခုအဖြစ် ချိတ်ဆက်အသုံးပြု၍ ဧရိယာကျယ်ပြန့်စွာ စောင့်ကြည့်နိုင်သည်။ Patria ကုမ္ပဏီ၏ အချက်အလက်များအရ ၎င်းစနစ်သည် ၃၆၀ ဒီဂရီ လွှမ်းခြုံစောင့်ကြည့်နိုင်ပြီး ရာနှင့်ချီသော ကီလိုမီတာအကွာအဝေးတွင် လေကြောင်းပစ်မှတ်များကို ရှာဖွေထောက်လှမ်းနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

ထို့ပြင် MUSCL Passive ရေဒါစနစ်ကို ရွှေ့ပြောင်းသယ်ဆောင်နိုင်သည့် ပုံစံသို့မဟုတ် အမြဲတမ်း တပ်ဆင်ထားသည့် ပုံစံဖြင့် အသုံးပြုနိုင်ပြီး Command-and-Control (C2) ကွန်ရက်များနှင့်လည်း ပေါင်းစပ်ချိတ်ဆက်နိုင်သည်။ ထို့ကြောင့် ကုန်ကျစရိတ်သက်သာပြီး ဧရိယာကျယ်ပြန့်စွာ စောင့်ကြည့်မှုနှင့် သီးခြားအရေးကြီးနေရာများ စောင့်ကြည့်မှုတို့အပြင် လေကြောင်းစောင့်ကြည့်ရေး၊ ဒရုန်းရှာဖွေထောက်လှမ်းရေး၊ အရေးကြီး အခြေခံအဆောက်အအုံများ ကာကွယ်ရေးနှင့် နယ်စပ်လုံခြုံရေး စသည့်လုပ်ငန်းများတွင် အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Patria MUSCL Passive Radar to Boost NATO Country's Drone, Aircraft Detection ကို ဘာသာပြန်ဆိုထားပါသည်။**

# ရုရှားနိုင်ငံက Dan-T ဒရုန်းများကို ယူကရိန်းစစ်ဆင်ရေး၌ ပစ်လွှတ်အသုံးပြုခဲ့ကြောင်း Rostec ကုမ္ပဏီက ထုတ်ပြန်ထား

ရုရှားနိုင်ငံက ပြည်တွင်းထုတ် Dan-T တိုက်ခိုက်ရေးဒရုန်းများကို ယူကရိန်းနိုင်ငံအတွင်း စစ်ဆင်ရေးများ၌ ပစ်လွှတ်အသုံးပြုခဲ့ကြောင်း ရုရှားနိုင်ငံပိုင် Rostec ကုမ္ပဏီက ထုတ်ပြန်ထားသည်ဟု Sputnik သတင်းဌာနက စက်တင်ဘာ ၁၄ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါ Dan-T ဒရုန်းသည် လေကြောင်းမှ ပစ်လွှတ်အသုံးပြုနိုင်သည့် Loitering Munition အမျိုးအစား တိုက်ခိုက်ရေး ဒရုန်းဖြစ်သည်။

Rostec ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ Dan-T ဒရုန်းတွင် အရွယ်အစားသေးငယ်သော ဂျက်အင်ဂျင်တပ်ဆင်ထားပြီး ကီလိုမီတာ ရာနှင့်ချီဝေးကွာသည့် ပစ်မှတ်များထိ ရောက်ရှိတိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ထို့ပြင် ပျံသန်းရာတွင် အမြင့်ဆုံးအမြန်နှုန်းကို ရရှိစေရန်နှင့် လေကြောင်း ရန်ကာကွယ်ရေးစနစ်များ၏ ရှာဖွေကြားဖြတ်မှုကို ရှောင်ရှားနိုင်ရန် အထူးပျံသန်းမှု စနစ်တစ်ရပ် ထည့်သွင်းထားသည်။

Rostec ကုမ္ပဏီသည် Dan-T ဒရုန်းကို လက်တွေ့စစ်ဆင်ရေးအတွင်း ထိရောက်မှုရှိကြောင်း အတည်ပြုနိုင်ခဲ့ပြီး ရန်သူ့ပစ်မှတ်များကို တိုက်ခိုက်ရန် ရာနှင့်ချီဝေးကွာသော ပစ်မှတ်များထိ ပစ်လွှတ်မှုများ အောင်မြင်စွာ ပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် အဆိုပါဒရုန်းသည် ပစ်လွှတ်ပြီးနောက် ပစ်မှတ်ထံသို့ ကိုယ်တိုင်အလိုအလျောက် ပျံသန်းတိုက်ခိုက်နိုင်သည့် Fire-and-Forget အမျိုးအစား လက်နက်စနစ်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

Dan-T ဒရုန်းကို လေယာဉ်များနှင့် ရဟတ်ယာဉ်များမှ ပစ်လွှတ်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားပြီး နိုင်ငံခြားထုတ်လေယာဉ်များနှင့် ရဟတ်ယာဉ်များပေါ်တွင်လည်း လိုက်လျောညီထွေ အသုံးပြုနိုင်ရန် ပြင်ဆင်နိုင်ကြောင်း Rostec ကုမ္ပဏီကဆိုသည်။ ၎င်းကြောင့် အဆိုပါ လေကြောင်းမှ ပစ်လွှတ်တိုက်ခိုက်ရေး ဒရုန်းအပေါ် နိုင်ငံခြားဖောက်သည်များ၏ စိတ်ဝင်စားမှု မြင့်တက်လာမည်ဟု မျှော်လင့်ထားကြောင်းလည်း Rostec ကုမ္ပဏီ ကိုယ်စားလှယ်များက ပြောကြားထားသည်။

Dan-T ဒရုန်းကို ရုရှားနိုင်ငံက စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်ထိ အီဂျစ်နိုင်ငံ၌ ကျင်းပခဲ့သည့် El Alamein International Airshow 2026 တွင် ပထမဆုံးအကြိမ် နိုင်ငံတကာဈေးကွက်သို့ မိတ်ဆက်ပြသခဲ့သည်။ အဆိုပါ ပြပွဲတွင် Rosoboronexport ကုမ္ပဏီက ရုရှားနိုင်ငံ၏ လေတပ်နှင့် လေကြောင်းရန်ကာကွယ်ရေးဆိုင်ရာ လက်နက်စနစ်များကို ပြသခဲ့ပြီး Dan-T ဒရုန်းသည် ၎င်းပြသမှုအတွင်း ထင်ရှားသည့် လေကြောင်းမှ ပစ်လွှတ်တိုက်ခိုက်ရေးစနစ်တစ်ရပ်အဖြစ်ပါဝင်ခဲ့သည်။




Dan-T ဒရုန်း၏ အဓိကထူးခြားချက်မှာ သမားရိုးကျ Propeller အင်ဂျင်သုံး တိုက် ခိုက်ရေးဒရုန်းများထက် ပိုမိုမြန်ဆန်သည့် တွန်းကန်အားစနစ်၊ ကီလိုမီတာ ရာနှင့်ချီသည့် တိုက်ခိုက်ရေးအကွာအဝေးနှင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ရှောင်ရှားနိုင်ရန် ရည်ရွယ်ထားသည့် ပျံသန်းမှုပုံစံတို့ ပေါင်းစပ်ထားခြင်းဖြစ်သည်။ ၎င်းကဲ့သို့ အမြန်နှုန်းနှင့် အကွာအဝေးကို အလေးထားသည့် ဒရုန်းစနစ်များ ပေါ်ပေါက်လာခြင်းသည် ခေတ်သစ်စစ်ဆင်ရေးတွင် တန်ဖိုးနည်းပြီး အရေအတွက်များပြားစွာ အသုံးပြုနိုင်သည့် ဒရုန်းများမှတစ်ဆင့် အဝေးပစ်တိုက်ခိုက်ရေးစွမ်းရည်ကို တိုးမြှင့်လာသည့် လမ်းကြောင်းတစ်ရပ်ကို ဖော်ပြနေကြောင်း သိရသည်။

**Russia's New Dan-T Drone Launched Hundreds of Times During Operation in Ukraine - Rostec ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၅၅၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၅၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၅၅၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ပဲတီစိမ်း စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ပဲတီစိမ်းဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးပါမယ်။ ပဲတီစိမ်း စိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို ကွင်းဆင်းဆောင်ရွက် ပေးသွားပါမယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေး စသည်တို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းသီးနုပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ကန်ကြီးထောင့် စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းသီးနုပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှလှဝင်းက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဇူလိုင်လအတွင်းက ကွမ်းသီးနုပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကွမ်းသီးနုပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကန်ကြီးထောင့်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဩဂုတ်လထဲမှာ ကွမ်းသီးနုပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ကွမ်းသီးနုတွေ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများလာလို့ တင်ပို့အား ကောင်းခဲ့တာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးနု တစ်ပိဿာကို ငွေကျပ် ၁၆၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ကန်ကြီးထောင့်မြို့နယ်ကနေ ထွက်ရှိတဲ့ ကွမ်းသီးနုတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှဝင်းက ပြောပြသည်။



ကန်ကြီးထောင့်မြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးနုများ တင်ပို့အား ကောင်းလာရခြင်းကြောင့် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကွမ်းသီးပင်စိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း ကန်ကြီးထောင့်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပွင့်ဖြူမြို့နယ် ပိန္နဲတောကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းဘူး စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်အုပ်ကျေးရွာအုပ်စု ပိန္နဲတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဋ္ဌေးမောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)၏ သဘောသဘာဝ ရည်မှန်းချက်မူဝါဒနှင့် လိုက်နာရမည့် စည်းကမ်းချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီဝင်ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ တာဝန်နှင့်ရပိုင်ခွင့်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အစည်းအဝေးသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ရေနံချောင်းမြို့နယ် ခြံကန်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**ရေနံချောင်း စက်တင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စိန်ပန်းပင်ကျေးရွာအုပ်စု ခြံကန်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်နှင့် ဝန်ထမ်းများက ခြံကန်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခြံကန်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ် ၂၆ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၁၆ ဒသမ ၁၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၂ ဒသမ ၇သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း ချောက်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်ထံမှ သိရသည်။

**နေဘ်လူး**


## ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့ ကိုယ်စားလှယ်များတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၁၇

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် နိုင်ငံရေးပါတီများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းနိုင်ရန် ရည်ရွယ်၍ နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၀) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်၊ နိုင်ငံရေးပါတီများအစုအဖွဲ့ ၃၂ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယနေ့နိုင်ငံရေးပါတီများနှင့်တွေ့ဆုံမှုသည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် NSPNC နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အမြဲတမ်းအလုပ်အဖွဲ့ ၁၆ ဦးကို ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများသည် ပြည်သူလူထုကို ကိုယ်စားပြုသူများဖြစ်ကြောင်း၊ ယခင်ဆွေးနွေးရန်သဘောတူညီထားသည့်ဆွေးနွေးချက်များကိုလည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်များကို တရားဥပဒေဘောင်အတွင်း ဝင်ရောက်ရန် နိုင်ငံရေးပါတီများအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းများ၊ NCAလက်မှတ်ရေးထိုးပြီး အကြောင်းအမျိုးမျိုးကြောင့် ကင်းကွာသွားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနိုင်ရေး နိုင်ငံရေးပါတီများက ကူညီဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများကို ဆွေးနွေးပေးစေလိုကြောင်း၊ ပဋိပက္ခဖြစ်ပွားနေသည့်ဒေသများကို ယခင်ပုံစံအတိုင်း ပြန်လည်ရောက်ရှိနိုင်ရေးဆောင်ရွက်မည့်အခြေအနေများကိုလည်း ဆွေးနွေးပေးစေလိုကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနေထိုင်ရာ ဒေသများတွင်ရှိသည့် နိုင်ငံရေးပါတီများအနေဖြင့်လည်း ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဆွေးနွေးပေးစေလိုကြောင်း၊ နိုင်ငံရေးပါတီများနှင့် ယခင်ဆွေးနွေးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသောဒေသများတွင်ရှိသည့် နေရပ်စွန့်ခွာသူများ နေရပ်ပြန်လည်ရောက်ရှိနိုင်ရေးကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့အတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဒီမိုကရေစီအစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်ချက်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်နိုင်မှုများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ချမှတ်ပေးထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

အလားတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)က ယခင်အတွေ့အကြုံနှင့် အောင်မြင်မှုများအပေါ် အခြေခံပြီး လက်ရှိနိုင်ငံရေးအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ပိုမိုချိတ်ဆက်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မူဘောင်၊ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဦးတည်ချက်၊ အသွင်ကူးပြောင်းရေးမဟာဗျူဟာနှင့် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီ ၃၂ ပါတီမှ ကိုယ်စားလှယ်များက ယခင်လက်မှတ်ရေးထိုးခဲ့သည့် Bilateral ပါကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ငြိမ်းချမ်းရေးစကားဝိုင်းများကျင်းပဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မီဒီယာများ၏ အခန်းကဏ္ဍအရေးပါပုံ၊ အငြင်းပွားမှုများကို ဥပဒေနှင့်အညီ ဖြေရှင်းနိုင်မည့်နည်းလမ်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးအပ်နိုင်ရေးကိစ္စရပ်များ၊ နိုင်ငံရေးပါတီများပါဝင်မှုနှင့်ပတ်သက်ပြီး လုပ်ထုံးလုပ်နည်း၊ စည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်ပေးနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများပါဝင်လာနိုင်ရေးကိစ္စရပ်များ၊ နိုင်ငံရေးပါတီများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်မည့်နည်းလမ်းများ၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)မှ ပြင်ဆင်ဆောင်ရွက်နိုင်သည့် အချက်များ၊ ပြည်သူလူထုကို အသိပညာပေးဆောင်ရွက်မှုလုပ်ဆောင်နိုင်ရေးကိစ္စများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးအတွက် အမြင်သဘောထားများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး ဆွေးနွေးပွဲပထမနေ့ကို ရပ်နားခဲ့သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို စက်တင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO) တိုင်းရင်းဆေးပညာဆိုင်ရာဖိုရမ် ၂၀၂၆ ကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းရှီးပြည်နယ် နန်ချန်းမြို့ Traditional Chinese Medicine Sci-Tech Innovation City Conference Center တွင် ယနေ့ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) တိုင်းရင်းဆေးပညာဆိုင်ရာဖိုရမ် ၂၀၂၆သို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

ယနေ့နံနက်ပိုင်းတွင်ကျင်းပသည့် ဖိုရမ်ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

အဆိုပါဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီနှင့် ကျန်းရှီးပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ တက္ကသိုလ်များမှ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပညာရှင်များ၊ တိုင်းရင်းဆေးထုတ်လုပ်မှုနှင့် စက်မှုနယ်ပယ်မှ အသိပညာ၊ အတတ်ပညာရှင်များ တက်ရောက်ကြသည်။

အဆိုပါဖိုရမ်သည် တိုင်းရင်းဆေးပညာပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေရန်နှင့် လူသားအားလုံး၏ ပြည်သူ့ကျန်းမာရေးကို မြှင့်တင်ရန်အတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၏ ခိုင်မာသော ကတိကဝတ်ကိုထင်ဟပ်စေပြီး ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် "Empowering Traditional Medicine with Modern Technology to Co-build Human Health for All" သည် ခေတ်ကာလနှင့် လျော်ညီကာ ရှေးဟောင်းတိုင်းရင်းဆေးပညာအသိပညာများကို ထိန်းသိမ်းရန်နှင့် ခေတ်မီသိပ္ပံနှင့် နည်းပညာ၏ ပြောင်းလဲတိုးတက်မှုစွမ်းအားများကို ပေါင်းစပ်အသုံးပြုရန် ရည်ရွယ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖိုရမ်တက်ရောက်သူများနှင့်အတူ နန်းချန်းတိုင်းရင်းဆေးရုံ၌ ကျင်းပဆောင်ရွက်လျက်ရှိသော တိုင်းရင်းဆေးပညာရက်သတ္တပတ်အစီအစဉ်၊ နန်ချန်းမြို့၌ ဆက်လက်ကျင်းပသည့် New Policies, Standards, Technologies and Products of Traditional Medicine ဖွင့်ပွဲတို့ကို တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

# လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုနှင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ရေရှည်တည်တံ့စွာရရှိစေရန် ကြိုတင်စီမံကိန်းချမှတ်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ပြောကြား

နေပြည်တော် စက်တင်ဘာ ၁၇

အရည်အသွေး အာမခံမှုလုပ်ငန်းသည် အဆင့်မြင့်ပညာ အဖွဲ့အစည်းများတွင် သင်ကြားသင်ယူမှု၊ စီမံခန့်ခွဲမှုနှင့် ပံ့ပိုးဝန်ဆောင်မှုများကို တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်သော စဉ်ဆက်မပြတ်လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုနှင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ရေရှည်တည်တံ့စွာရရှိစေရန် ကြိုတင်စီမံကိန်းချမှတ်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့နံနက်ပိုင်းက နေပြည်တော်ရုံးအမှတ်(၁၃) တွင်ကျင်းပသည့် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ(NAQAC) အစည်းအဝေးတွင် ပြောကြားသည်။



ထို့အတူ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တက္ကသိုလ်အဆင့်၊ ဦးစီးဌာန အဆင့်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာကြည်ရွှင်က အဆင့်မြင့်ပညာဦးစီးဌာနက ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၏ကဏ္ဍ (၃)တွင် ဆုံးဖြတ်ခဲ့သော အရည်အသွေး အာမခံမှုဆိုင်ရာ ရည်မှန်းချက် သုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် NAQAC Institutional Quality Assurance Principles, Standards and Criteria များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြကာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ ဌာနမှူးများကို Virtual စနစ်ဖြင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကို ဒေသတွင်း အာဆီယံနိုင်ငံများ၏ ပညာရေးစနစ်နှင့်နှိုင်းယှဉ်လေ့လာကာ ဘွဲ့ကြို သင်တန်းများ၏ သင်တန်းကာလကို ယနေ့ခေတ်နှင့် လိုက်လျောညီထွေဖြစ်စေရန် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပရေး၊ ရန်ကုန်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်များကို National Open University များအဖြစ် အကောင်အထည်ဖော်နိုင်ရေးနှင့် တက္ကသိုလ်များတွင် Library-based learning နှင့် Project-based learning များ ထိရောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်သည့် အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ်ခံယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ပြောကြား

နေပြည်တော် စက်တင်ဘာ ၁၇

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲတစ်ခုအဖြစ်သာမက မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်သည့် အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ် ခံယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ပြောကြားခဲ့သည်။

ယနေ့နံနက် ၉ နာရီတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းထိန်းသိမ်းပေးနိုင်ရေး၊ အမျိုးသားယဉ်ကျေးမှုစိတ်ဓာတ်ကိုမြှင့်တင်ပေးနိုင်ရေးနှင့် မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အမျိုးသားရေးဆိုင်ရာ ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့သည်။



အဆိုပါအစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှေ့ဖုံးမှအဆက်

ဒုတိယဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ အကြီးအကဲများက အဖွင့်မိန့်ခွန်းပြောကြားကြပြီး ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုထိပ်သီး အစည်းအဝေးကို ဖွင့်လှစ်ပေးကြသည်။

ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် China-ASEAN EXPO သည် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပေးသည့် ပြပွဲတစ်ခုအဖြစ်သာမက ယုံကြည်မှုတည်ဆောက်ရေး၊ စီးပွားရေး အခွင့်အလမ်းများရှာဖွေရေး၊ နည်းပညာနှင့် အတွေ့အကြုံများဖလှယ်ရေး၊ ပြည်သူ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး တို့အတွက် အရေးပါသည့် စင်္ကြံတစ်ခုလည်း ဖြစ်ကြောင်း။

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ ASEAN-China Free Trade Area - ACFTA 3.0 တွင် ကဏ္ဍသစ်များဖြစ်သည့် ဒစ်ဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်၊ ယှဉ်ပြိုင်မှု၊ စားသုံးသူကာကွယ်ရေးကဏ္ဍများသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး အခွင့်အလမ်းများကို ပိုမိုဖွင့်လှစ်ပေးနိုင်သည့်အပြင် လွတ်လပ်မျှတပြီး စည်းမျဉ်းအခြေခံသည့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသော ကုန်သွယ်မှုကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေဖြင့် နိုင်ငံတော်တာဝန်ယူပြီးနောက်ပိုင်း တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံ လေးနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ရှစ်နိုင်ငံသို့ ခရီးစဉ်များ သွားရောက်ခဲ့ပြီး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် နှစ်ဖက်အကျိုးရှိမည့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ၂၀၂၆ ခုနှစ် ဇွန်လအတွင်း တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်နှင့်လည်း မြန်မာ-တရုတ် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါထုတ်ပြန်ချက်သည် နှစ်နိုင်ငံကြား တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ ဆွေးနွေးညှိနှိုင်းမှုနှင့် အပြန်အလှန်အကျိုးရှိမှုတို့အပေါ်အခြေခံပြီး ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်မြှင့်တင်သွားရန် သဘောတူခဲ့ကြောင်း၊ ထို့ပြင် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ၊စွမ်းအင်၊ လျှပ်စစ်၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ဉာဏ်ရည်တုနည်းပညာ၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍများနှင့် နှစ်နိုင်ငံကြားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက်လည်း သဘောတူခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ဆက်လက်ခိုင်မာစေပြီး အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုကိုလည်း အာဆီယံ၏အချက်အချာကျမှု၊ တန်းတူညီမျှမှု၊ အပြန်အလှန်အကျိုးရှိမှုတို့အပေါ်အခြေခံ၍ ဆက်လက်မြှင့်တင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး၏ တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များ ဖိုရမ်သို့ အာဆီယံနိုင်ငံများ၊ ဖိတ်ကြားထားသည့်နိုင်ငံများမှ အကြီးအကဲများနှင့်အတူ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်ပြပွဲစင်တာ၌ ကျင်းပသည့် မြန်မာနိုင်ငံ၏နှစ်လိုဖွယ်ရာမြို့ ပဲခူးမြို့ (City Of Charm) ပြခန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံပြခန်းများနှင့် အာဆီယံနိုင်ငံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

၂၃ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ပြခန်းပေါင်း ၈၁ ခန်းဖြင့် စိုက်ပျိုးရေးထွက်ကုန်များ၊ လက်မှုအနုပညာပစ္စည်းများ၊ ကျောက်မျက်ရတနာများကို ခင်းကျင်းပြသလျက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြခန်းစုစုပေါင်း ၁၀၀၀ ကျော်ခန့်ဖွင့်လှစ်ကာ နိုင်ငံအလိုက် ထွက်ကုန်များကို ခင်းကျင်းပြသလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်း နေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် ၆/၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
(၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

**ပြည်ထောင်စုဝန်ကြီး အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂ ပုဒ်မခွဲ (က)နှင့် (ခ)၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၃)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃)တို့အရ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကြီးကိုကိုဦး အား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၁၇-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၉ ~ ၃၆၇၁ | ၅၁၅.၃ ~ ၅၁၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၄၀၈,၀၆၂.၈၄ | ၉,၈၁၁,၄၇၇.၇၈ | ၆,၈၇၆,၂၈၈.၁၄ | - |

## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ် အဆက်ဆက် တပ်မတော်သမိုင်းအစဉ် အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာ နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကိုတပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင် ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ရှိ အခြေခံပညာအထက်တန်းကျောင်း များမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများ နှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှု ကြသည်။ ဆက်လက်၍ ပြတိုက်တာဝန် ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများ အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများ သည် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်း များကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှု ခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထား သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များ၊ တပ်မတော်လေယာဉ် များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံ များ ရိုက်ကြသည်။

ထို့နောက် ယနေ့လေ့လာမှတ်သားခဲ့ သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ ပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူ များ၏ မေးမြန်းချက်များ မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူ များကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု၊ အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ကို ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကို လည်း အခုလိုပဲကြားသိခဲ့ရပါတယ်-

"ဒီပြတိုက်ကို လာရောက်ပြီးတော့ လည်ပတ်ရတာဆိုရင် အဓိကရည်ရွယ် ချက်ကတော့ ကျောင်းသား၊ ကျောင်းသူ တွေ အသိပညာဗဟုသုတကြွယ်ဝဖို့ရယ် ပညာလဲတော်တော်ရမယ်လို့ မျှော်လင့်ပါ တယ်။ ဗဟုသုတလဲကြွယ်ဝမယ်လို့ ထင်ပါ တယ်ရှင့်။ လာရောက်လည်ပတ်ခွင့်ပေးတဲ့ သက်ဆိုင်ရာ လူကြီးတွေ၊ တာဝန်ရှိသူတွေ ကိုလဲ ကျေးဇူးအများကြီးတင်ပါတယ်"ဟု ပြောသည်။

"သမီးတို့ နေပြည်တော် စစ်သမိုင်း ပြတိုက်ကို လာရောက်ကြည့်ရှုရတဲ့ ရည်ရွယ်ချက်ကတော့ တပ်မတော် (ကြည်း၊ ရေ၊ လေ)ရဲ့ သမိုင်းကြောင်းတွေ ကို အသေးစိတ်ကြည့်ရှုခွင့်ရချင်တဲ့ အတွက် လာရောက်ကြည့်ရှုခြင်းဖြစ်ပါ တယ်ရှင့်။ သမီးစိတ်အဝင်စားဆုံးကတော့ လေတပ်ပဲဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ လေတပ်က သမီးငယ်ငယ်တုန်းကဆိုရင် လေယာဉ်တွေဆို သေးသေးလေးတွေပဲ မြင်ဖူးတာပေါ့နော်။ အခုမှာဆိုရင် မျက်မြင် ကိုယ်တွေ့ အကြီးကြီးတွေမြင်ရတယ်။ လေယာဉ်အမျိုးမျိုးကိုလဲ တွေ့ခဲ့ရတဲ့ စစ်သမိုင်းပြတိုက်မှာ ခင်းကျင်းပြသထား တဲ့ တပ်မတော်(ကြည်း၊ ရေ၊ လေ)နဲ့ ပတ်သက်တဲ့ ကမ္ဘာ့အသီးသီးက ဗဟုသုတ ဖြစ်ဖွယ်အကြောင်းအရာတွေကို ကလေး တွေ လက်တွေ့သိရှိဖို့ဖြစ်ပါတယ်ရှင့်။





ဒီကိုလာရောက်ရတဲ့အခါ ကလေး တွေက ကဏ္ဍပေါင်းစုံမှာရှိတဲ့ ကလေးတွေ မသိသေးတဲ့အကြောင်းအရာကို စာအုပ်ထဲ မှာ သင်ကြားရတာတွေမကဘဲနဲ့ အပြင် လက်တွေ့ဘဝမှာပါ ကိုယ်တိုင်ကိုယ်ကျ လေ့လာရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အတွက် တကယ်ကိုပဲ ဝမ်းသာပီတိဖြစ်မိ ပါတယ်ရှင့်။ သမီးတို့ကို အခုလိုလေ့လာ လည်ပတ်ခွင့်ရအောင် အခွင့်အရေးပေးခဲ့ တဲ့ နိုင်ငံတော်အကြီးအကဲနဲ့တကွ တာဝန် ရှိသူတွေအားလုံးကို ကျေးဇူးအများကြီး တင်ပါတယ်ရှင့်"ဟု ပြောသည်။ (၅၀၁)

# တတိယအကြိမ်မြောက် လူငယ်ဆိုင်ရာစာပေများနှီးနှောဖလှယ်ခြင်း အစည်းအဝေးသို့တက်ရောက်ရန် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



**ရန်ကုန် စက်တင်ဘာ ၁၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေး ဆရာအသင်း၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းကျန်း ပြည်နယ် ဟန်ကျိုးနှင့် ကွမ်းရှီးကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တို့တွင် စက်တင်ဘာ ၁၇ ရက်မှ ၂၄ ရက်ထိ ကျင်းပမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ + အာဆီယံနိုင်ငံများ၏ တတိယအကြိမ်မြောက် လူငယ်ဆိုင်ရာစာပေများ နှီးနှောဖလှယ်ခြင်းအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် ဒလမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမင်းမင်းထိုက် (မြတ်မင်းသန့်)တို့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

---

# “အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့ - Together Against Corruption” ခေါင်းစဉ်ဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးက ကျင်းပမည့် လူငယ်အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လူမှုကြော်ငြာပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်နိုင်ရေး အသိပေးတိုက်တွန်းနှိုးဆော်ခြင်း

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးအနေဖြင့် “မျိုးဆက်သစ်လူငယ်များ အဂတိလိုက်စားမှုပြဿနာများကို ပိုမိုအာရုံစိုက်မိစေရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိအမြင်များ တိုးပွားလာစေရန်၊ လူမှုကြော်ငြာများ တီထွင်ဖန်တီးမှုစွမ်းအားများ တိုးပွားလာစေရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် လူ့အဖွဲ့အစည်းနှင့် အစိုးရအဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရန်” ရည်ရွယ်၍ “အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့ – Together Against Corruption” ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လူမှုကြော်ငြာပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို အသက်အုပ်စုနှစ်ခုခွဲခြားဆောင်ရွက်သွားမည်ဖြစ်ပြီး အသက် ၁၀ နှစ်မှ အသက် ၁၇ နှစ်ထိနှင့် အသက် ၁၈ နှစ်မှ အသက် ၂၅ နှစ်ထိ မျိုးဆက်သစ်လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး စိတ်ပါဝင်စားသည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိတို့ကိုယ်တိုင်ဖန်တီးပုံဖော်ထားကြသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုများကို ပြိုင်ပွဲ Website ဖြစ်သည့် https://anticorruption.life/ တွင် ၁-၁၀-၂၀၂၄ ရက်မတိုင်မီ အောက်ဖော်ပြပါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကိုယ်တိုင်တိုက်ရိုက်ပေးပို့လျှောက်ထားနိုင်ပါသည်–

(က) **ပိုစတာပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များ**

| | | |
|---|---|---|
| File Format | – | JPG , A3 Format with the Correct Aspect Ratio |
| Resolution | – | 300 dpi |
| File Size | – | 15 MB |

( ခ ) **ပန်းချီပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များ**

| | | |
|---|---|---|
| File Format | – | JPG , A3 Format with the Correct Aspect Ratio |
| Resolution | – | 300 dpi |
| File Size | – | 15 MB |

( ဂ ) **ဗီဒီယိုပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များ**

| | | |
|---|---|---|
| File Format | – | mp4 |
| Resolution | – | 3840 × 2160 p |
| File Size | – | 300 Mb |
| Sound | – | 16 bit, stereo |
| Duration | – | 120 Seconds |

၃။ ပြိုင်ပွဲဝင်များအနေဖြင့် တစ်ဦးလျှင် ပြိုင်ပွဲဝင်လက်ရာ ၁၀ ခုထိ ပေးပို့ယှဉ်ပြိုင်နိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ပြိုင်ပွဲ Website – https://anticorruption.life/ တွင် ဝင်ရောက်ကြည့်ရှုလေ့လာကာ ပါဝင်ယှဉ်ပြိုင်နိုင်ကြပါကြောင်း မျိုးဆက်သစ်လူငယ်များသို့ အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

---

# အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ် အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များကို အောက်ပါအတိုင်းကြေညာလိုက်သည်–

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များအားလုံး | - | ၁-၁၀-၂၀၂၆ မှ ၇-၁၀-၂၀၂၆ ထိ |
| ဒုတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၂-၁၀-၂၀၂၆ မှ ၃၀-၁၀-၂၀၂၆ ထိ |
| တတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၆-၁၁-၂၀၂၆ မှ ၂၅-၁၁-၂၀၂၆ ထိ |

**အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန**

---

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

---

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၁၇၉ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၁၇**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၁၈ ရက်မှ ၂၄ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၇၁၇၉ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်–

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊
( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊
( ဂ ) မြေဆီလွှာဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

❑ **တားဆီးကာကွယ်ရေးလုပ်ငန်းများမှ** (ဧရာဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင်(၁၂/၂)နှင့် (၁၂/၃)ကြားရှိ စွန့်ပစ်တာ၌ ယနေ့ နံနက်ပိုင်းတွင် အလျား ပေ ၁၆၀ ခန့် တာပြိုကျမှုထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ တာကိုယ်ထည်တိုက်စားခံရမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ယာယီကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်း၊ စွန့်ပစ်တာ အလျား ပေ ၁၆၀ ခန့်ထပ်မံပြိုကျသည့်နေရာကို တာခြေထောက်ခြင်း၊ ပန်းတာတည်ဆောက်ခြင်းစသည့် မြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ခြင်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် တာကိုယ်ထည်တိုက်စားခံရမှုဖြစ်ပေါ်လျက်ရှိသည့်နေရာများကို ကြည့်ရှုစစ်ဆေးစဉ်။

ပေးသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင်မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက် ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တွင် ယနေ့ထိရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဥ၀၁)



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

# တရုတ်-အာဆီယံ နည်းပညာဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်း ဦးဆောင်သည့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၇**

တရုတ်နိုင်ငံ နန်နင်းမြို့၌ စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပခဲ့သည့် ၁၄ ကြိမ်မြောက် တရုတ်-အာဆီယံ နည်းပညာလွှဲပြောင်းရေးနှင့် ပူးပေါင်းဆန်းသစ်တီထွင်မှုဖိုရမ်နှင့် တရုတ်-အာဆီယံကုန်စည်ပြပွဲဆိုင်ရာအခမ်းအနားကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်း ဦးဆောင်သည့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

စက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည့် တရုတ်-အာဆီယံ နည်းပညာလွှဲပြောင်းရေးနှင့် ပူးပေါင်းဆန်းသစ်တီထွင်မှုဖိုရမ်တွင် ဒုတိယဝန်ကြီးက AI Innovation Cooperation နှင့်စပ်လျဉ်း၍ လည်းကောင်း၊ AI နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် တရုတ်-အာဆီယံနိုင်ငံများကြား AI နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကိုလည်းကောင်း မျှဝေဆွေးနွေးပြီး တရုတ်-အာဆီယံ ဆန်းသစ်တီထွင်မှုနှင့်စွန့်ဦးတီထွင်မှုဆုချီးမြှင့်ပွဲတက်ရောက်ကာ ဆုများပေးအပ်သည်။

ထို့ပြင် ဖိုရမ်နှင့်ဆက်စပ်အခမ်းအနားများတွင်ပါဝင်ပြီး တရုတ်-အာဆီယံဒေသအတွင်း သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နည်းပညာလွှဲပြောင်းမှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် နည်းပညာများကို စီးပွားရေးနှင့်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာအသုံးချနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ဖိုရမ်အတွင်း Wuxiang Cloud Valley Co., Ltd နှင့် Guangxi Institute of Artificial Intelligence တို့ကို သွားရောက်ပြီး Artificial Intelligence နှင့် ဆက်စပ်ခေတ်မီနည်းပညာများ၊ သုတေသနနှင့် လက်တွေ့အသုံးချမှုဆိုင်ရာ လုပ်ငန်းများကို လေ့လာခဲ့သည်။

စက်တင်ဘာ ၁၇ ရက်တွင် ဒုတိယဝန်ကြီးသည် ၂၃ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲတက်ရောက်ပြီး အဆိုပါကုန်စည်ပြပွဲအတွင်း ပြသထားသည့် အဆင့်မြင့်နည်းပညာဆိုင်ရာပြခန်းများကို လေ့လာကြည့်ရှုကာ နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအခြေပြု ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးမှုများမှတစ်ဆင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများကြား သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ နည်းပညာလွှဲပြောင်းမှုများနှင့် နည်းပညာအသုံးချမှုများ ပိုမိုမြှင့်တင်နိုင်ခြင်း၊ Artificial Intelligence အပါအဝင် ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အတွေ့အကြုံနှင့်အသိပညာများ အပြန်အလှန်ဖလှယ်ခြင်းတို့ဆောင်ရွက်နိုင်ပြီး ဒေသတွင်း နည်းပညာဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် စီးပွားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်သည့် အခွင့်အလမ်းများရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● **နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်မှ**

ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၂၁ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။**(မိုး/ဇလ)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၇**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် အပါး ၃၀ နှင့် သာသနာ့နွယ်ဝင် သီလရှင် သုံးပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါ ကျောင်းတိုက်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**မန္တလေး စက်တင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် ၆၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည့် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်ရင်ပြင်တော်နှင့် ပရိဝုဏ်အတွင်း၊ အပြင်တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ယာယီရဲမှူးချုပ်ကျော်စိုးဝင်းနှင့် တပ်ဖွဲ့ခွဲမှူးများဦးစီး၍ တပ်ဖွဲ့ခွဲအသီးသီးမှ ရဲတပ်ဖွဲ့ဝင်အရာရှိများ၊ အခြားအဆင့်နှင့် မိသားစုဝင်များ စုစုပေါင်း ၄၅၄ ဦးတို့ဖြင့် မဟာမုနိရုပ်ရှင်တော် ရင်ပြင်တော်နှင့် ပရိဝုဏ်အတွင်း၊ အပြင်တို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိစစ်သည်၊မိသားစုဝင်များ၊ပြိုင်ပွဲဝင် အားကစားအသင်းများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုနှင့် ဒိုင်းဆုရရှိသော တြိဂံဒေသတိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်းတို့ကို ဒိုင်းဆုနှင့်ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် စက်တင်ဘာ ၄ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Rashit" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သာယာအေးရပ်ကွက်နေ အောင်ဇေဗ္ဗူထွဋ်ခေါ် ရာရှီစ်းဒ်ကို ညနေ ၅ နာရီ မိနစ် ၄၀ တွင် ဇေယျာသီရိနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**✱ ကျန်းမာရေးစောင့်ရှောက်မှုမှ**

၁၃ ရက်တို့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလားသို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားများကို အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆေးကုသမှုပေးရာတွင် အထွေထွေရောဂါအထူးကုလူနာ ၁၈၂ ဦး၊ ခွဲစိတ်ရောဂါအထူးကုလူနာ ၉၉ ဦး၊ ကလေးလူနာ ၆၄ ဦး၊ သားဖွားမီးယပ်အထူးကုလူနာ ၃၅ ဦး၊ အရိုးအကြောအထူးကုလူနာ ၈၇ ဦး၊ မျက်စိအထူးကု လူနာ ၅၄ ဦး၊ နား၊ နှာခေါင်း၊လည်ချောင်းအထူးကုလူနာ ၅၄ ဦး၊ အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးလူနာ ၁၁၆ ဦး၊ သွားနှင့်ခံတွင်းလူနာ ၆၇ ဦး၊ စိတ်ကျန်းမာရေးအထူးကုလူနာ ၁၂ ဦး၊ ကင်ဆာရောဂါအထူးကုလူနာ ငါးဦး စုစုပေါင်း ၇၈၃ ဦးကို ဆေးကုသမှုဆောင်ရွက်ပေးခြင်း၊ လူနာ ၇၂ ဦးကို ECG ဖြင့်စမ်းသပ်စစ်ဆေးပေးခြင်း၊ လူနာ ဦးရေ ၁၁၀ ကို Ultrasound ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်း၊လူနာ ၃၅ ဦးကို ဓာတ်ခွဲစစ်ဆေးပေးခြင်း၊ လူနာဦးရေ ၄၀ ကို ဓာတ်မှန်ရိုက်၍ရောဂါရှာဖွေပေးခြင်း၊ လူနာနှစ်ဦးကို အသေးစားခွဲစိတ်ကုသမှုပေးခြင်း၊ ဒေသခံအာခါတိုင်းရင်းသားများကို အာခါတိုင်းရင်းသားဘာသာစကားဖြင့် ဘာသာပြန်အသံသွင်းထားသော ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ အသံဖိုင်ကိုအသုံးပြု၍ မကူးစက်နိုင်သောရောဂါများနှင့် တီဘီရောဂါကာကွယ်ကုသမှုဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**❍ ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်မှု**

၁၁ ကေဗွီ ရာဇသင်္ဂဟအိမ်ရာ(၂) ဓာတ်အားလိုင်းကို စက်တင်ဘာ ၁၈ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်ရာ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဇဝနသိဒ္ဓိရပ်ကွက်နေရာအချို့၊ ရတနာသိဒ္ဓိရပ်ကွက်တို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ဆိုင်ကယ်ဖြင့်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ဆိုင်ကယ်ဖြင့် လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၇)ရပ်ကွက်နေ ဒေါ်အေးအေးသန်းသည် စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရွှေနံ့သာကျေးရွာအုပ်စု ပုလဲ(၁)ရပ်ကွက် အမှတ်(၃)လမ်းမပေါ်ရှိ တံတားဖြူမှတ်တိုင်အနီး YBS ယာဉ်စီးနင်းရန် စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသား နှစ်ဦးက ၎င်း၏စလင်းဘတ်အိတ်ကို လုယူ မောင်းနှင် ထွက်ပြေးသွားခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေး ထောက်ကြန့်နယ်မြေ ရဲစခန်းက(ပ)၂၂၃/၂၀၂၆ ရာဇသတ်ကြီး ပုဒ်မ ၃၈၂ ဖြင့် အမှုရေးဖွင့်၍ စုံစမ်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၅ ရက် ညနေပိုင်းတွင် လုယက်မှုကျူးလွန်ရာ၌ ဆိုင်ကယ်မောင်းနှင်သူဖြစ်သည့် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်နေ တရားခံ ဝင်းထွဋ်ခေါ် ဂီးဂီး ၄၂ နှစ်ကို မင်္ဂလာဒုံမြို့နယ် ၂(က)ရပ်ကွက် ခရေပင်လမ်းမကြီးရှိ "ရွှေတက်လူ" လက်ဖက်ရည်ဆိုင်အနီး၌ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် HONDA 125 အမျိုးအစား အနက်ရောင် ဆိုင်ကယ်တစ်စီးဖြင့် လည်းကောင်း၊ အဆိုပါဆိုင်ကယ်တွင် နောက်ထိုင်လိုက်ပါပြီး ဒေါ်အေးအေးသန်းထံမှ စလင်းဘတ်အိတ်ကို လုယူခဲ့သူ မင်္ဂလာဒုံမြို့နယ် ၂(က)ရပ်ကွက်နေ တရားခံ နိုင်အောင်ရင် ၂၈ နှစ်ကို ၎င်း၏နေအိမ်၌ လုယက်မှုကျူးလွန်ရာမှရရှိသည့် Samsung အမျိုးအစား အနက်ရောင်လက်ကိုင်ဖုန်း တစ်လုံး၊ Itel K 70 အမျိုးအစား အနက်ရောင် လက်ကိုင်ဖုန်း တစ်လုံး၊ ဒေါ်အေးအေးသန်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ် တစ်ခု၊ လူမှုဖူလုံရေးကတ် တစ်ခု၊ အစိုးရအဖွဲ့ရုံး ဝင်ထွက်ခွင့်ကတ် တစ်ခု၊KBZ Bank ကတ် တစ်ခု၊ ရဲရင့်ဘုန်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ် တစ်ခု၊ ကျောင်းကြိုပို့ကတ် တစ်ခု၊ အသားရောင် စလင်းဘတ်အိတ် တစ်လုံးဖြင့်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး တရားခံများကို ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)





နမ့်စန်မြို့နယ် ကုန်းယောင်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

◆ ဖမ်းဆီးရမိမှု

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ နေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါမြို့နယ်အတွင်း စုံစမ်းရှာဖွေဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၉ နာရီခန့်တွင် နမ့်စန်မြို့နယ် ကုန်းယောင်းကျေးရွာ၏ အရှေ့မြောက်ဘက်မီတာ ၁၅၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ကိုးဦး၊ အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်းဦးရေ ၅၀ တို့ကို အလျား ပေ ၆၀၊ အနံ ပေ ၂၀ အလုပ်ရုံ (သက်ငယ်မိုး၊ အုတ်ကာ) အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၅၀၊ အနံ ပေ ၂၀၊ အလုပ်သမားတန်းလျား (သက်ငယ်မိုး၊ ပျဉ်ကာ) အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ပေ ၂၀ လူနေဆောင် (သွပ်မိုး၊ အုတ်ကာ) အဆောက်အအုံ နှစ်လုံး၊ အလျား ပေ ၃၀၊ အနံ ပေ ၂၀ (သွပ်မိုး၊သွပ်ကာ) စားချက်ဆောင် တစ်လုံး၊ Star Link အစုံ ၂၀၊ Laptop ၂၅ လုံး၊ ALL In One Computer အလုံး ၂၀၊ ဖုန်းမျိုးစုံ ၂၁၇ လုံး၊ System ပုံး ကိုးလုံး၊ Printer နှစ်လုံး၊ ရေခဲသေတ္တာ တစ်လုံး၊ Freezer တစ်လုံး၊ ထိုင်ခုံမျိုးစုံ အလုံး ၅၀၊မီးစက်အကြီး တစ်လုံး၊ အလျား သုံးပေ၊ အနံ ခြောက်ပေ စားပွဲ ၁၅ လုံး၊ ပန်ကာ လေးလုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



နမ့်စန်မြို့နယ် ကုန်းယောင်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံနှင့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှအဆက်

ရန်ကုန်တိုင်းဒေသကြီးအသင်းမှ လရောင်လင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းမှ ဇင်မျိုးမင်း၊ တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ကျော်ဆန်းလင်း၊ အမျိုးသမီး တစ်ကိုယ်တော်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ မေသက်မှူး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဆွေဇင်စု၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းမှ ဝင်းဝင်းခိုင်၊ အမျိုးသားအသင်းလိုက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်း၊ တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ အမျိုးသား(၅၅-၆၀)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဝေယံကျော်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ မင်းခန့်ထူး၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းမှ ဟန်လင်းဌေး၊ ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းမှ ငြိမ်းချမ်းအောင်၊ အမျိုးသမီး (၅၅-၆၀)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ သီတာအောင်၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းမှ ခိုင်သဇင်မော်၊ တတိယဆုရရှိသည့် နေပြည်တော်အသင်းမှ စန်းသူဇာဝေ၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ နန်းသဥ္ဇာမိုး၊ အမျိုးသား (၆၅-၇၀)ကီလိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ နေထူးပိုင်၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းမှ စိုင်းဝေယံဖြိုး၊ တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဖွဲ့မာန်၊ ပူးတွဲတတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ဟိန်းထွဋ်အောင်၊ အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိသည့် ရှမ်းပြည်နယ်အသင်းတို့ကို ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ၊ တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ကြသည်။

ဆက်လက်၍ အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုဖလားများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ ဖွဲ့ထက်ကို(ပြန်/ဆက်)

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၇

မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ (မိုး/ဇလ)

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# ရွေ့လျားမိုဘိုင်းယာဉ် (COW) ဖြင့် ပြည်သူများ မိုဘိုင်းဆက်သွယ်မှုစနစ်ရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိ




**နေပြည်တော် စက်တင်ဘာ ၁၇**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာ မြို့နယ် စာရေးကွင်းကျေးရွာတွင် ရွေ့လျား မိုဘိုင်းယာဉ်(COW)ဖြင့် ပြည်သူများမိုဘိုင်း ဆက်သွယ်မှုစနစ်ရရှိစေရေး ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရွေ့လျားမိုဘိုင်းယာဉ်(COW) ဖြင့် မိုဘိုင်းဆက်သွယ်မှုစနစ်ရရှိစေရေး ဆောင်ရွက်ပေးမှု၊ မိုဘိုင်းဆင်းကတ်နှင့် ဖုန်းဘေလ်ဖြည့်ကတ်များ ရောင်းချပေး နေမှုတို့ကို ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်သည် ယနေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာ များ ပေးအပ်သည်။

ထို့အတူ ရေကြီးနစ်မြုပ်နေသည့် လေးမျက်နှာမြို့ အော်တိုအိတ်ချိန်းနှင့် မိုဘိုင်းစခန်း ရပ်ကွက်(၁) သီရိအောင်မြေ လမ်းရှိ မိုဘိုင်းစခန်း၊ ညောင်ပင်ဝန်း ကျေးရွာရှိ မိုဘိုင်းစခန်း၊ ခမောက်စု ကျေးရွာရှိ မိုဘိုင်းစခန်းများကို ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဟင်္သာတမြို့နယ်ရှိ မိုက္ကရိုဝေ့စခန်းကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ကျုံပျော်မြို့၊ ငါးသိုင်း ချောင်းမြို့၊ ရေကြည်မြို့နယ်တို့ရှိ အိတ်ချိန်းများ၊ မိုဘိုင်းစခန်းများကို ကြည့်ရှုစစ်ဆေးပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်ပါက စက်ပစ္စည်းများကို ရေလွတ် ရာသို့ မြှင့်တင်ဆောင်ရွက်မည့်အစီအမံကို လက်တွေ့မြေပြင်အခြေအနေနှင့်ကိုက်ညီ မှုရှိအောင် စိစစ်ဆောင်ရွက်ရန်၊ လက်ရှိ ရေအမြင့်ဆုံး မြင့်တက်ခဲ့မှုအခြေအနေနှင့် ချိန်ညှိ၍ အောက်ခံ Foundation ကို မြှင့်တင်ရန်လိုအပ်မှု ရှိမရှိ စိစစ်ဆောင် ရွက်သွားရန် မှာကြားသည်။

ထို့ပြင် ဆက်သွယ်ရေးလိုင်းများ ပိုမို ကောင်းမွန်နေစေရေးနှင့် ဒေသခံပြည်သူ များ အင်တာနက်နှင့် မိုဘိုင်းဆက်သွယ် ရေးဝန်ဆောင်မှုများကို အဆင်ပြေ ချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့် ကြိုတင်ကာကွယ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

---

**❖ အမျိုးသမီးဘောလုံးပြိုင်ပွဲမှ**

တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင် ကစားနေမှုများကို သက်ဆိုင်ရာဇုန်များ အလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိ သူများ၊ အားကစားဝါသနာရှင်များက တစ်ခဲနက် လာရောက်ကြည့်ရှုအားပေး ခဲ့သည်။

ယနေ့ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီး နှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံး ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဖွဲကပင် အားကစားကွင်း၌ မန္တလေးတိုင်းဒေသ ကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေး တိုင်းဒေသကြီးအသင်းက လေးဂိုး ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီး ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ် အားကစားကွင်း၌ ကချင်ပြည်နယ် အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း တို့ ယှဉ်ပြိုင်ကစားနေစဉ် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပြိုင်ပွဲကိုရပ်နားခဲ့ကာ စက်တင်ဘာ ၁၈ ရက်**(ယနေ့)** နံနက် ၇ နာရီတွင် ပြန်လည်ယှဉ်ပြိုင်ကစားသွား မည်ဖြစ်သည်။

အခြားဇုန်များ၌ စက်တင်ဘာ ၁၈ ရက် **(ယနေ့)**တွင် ပြိုင်ပွဲတစ်ရက်နားမည်ဖြစ်ပြီး စက်တင်ဘာ ၁၉ ရက် ညနေ ၃ နာရီမှ စတင်၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဖွဲကပင်အားကစားကွင်း၌ အိမ်ရှင် ကရင် ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသ ကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ အားကစားဥယျာဉ်ကွင်း၌ အိမ်ရှင် ပဲခူး တိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ် အသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ အိမ်ရှင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ် အသင်း၊ ရောဝတီတိုင်းဒေသကြီး ပုသိမ် မြို့ရှိ ကိုးသိန်းအားကစားကွင်း၌ အိမ်ရှင် ရောဝတီတိုင်းဒေသကြီး အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိတ်ပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်း များကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲ ဥပဒေများနှင့် အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ် ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

---

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)လုပ်ငန်းများ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ခုနစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့



ပြည်ပနိုင်ငံသား ခုနစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦး၊ သီရိလင်္ကာနိုင်ငံသား နှစ်ဦး၊ တရုတ်နိုင်ငံသား တစ်ဦး၊ အိန္ဒိယနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ခုနစ်ဦးတို့ကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၄၄ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ဦးရေ ၆၄၀ ရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၀၄ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# လုံခြုံရေးတပ်ဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ခါးပိုက်နှိုက်မှု ၂၀၆ မှုမှ ကျူးလွန်သူ တရားခံ ၁၈၆ ဦးတို့ကို ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့















လုံခြုံရေးတပ်ဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ခါးပိုက်နှိုက်မှု ကျူးလွန်သူတရားခံများကို ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၁၇**

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ YBS ယာဉ်လိုင်းများ၊ ကားမှတ်တိုင်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် နေရာများတွင် အုပ်စုဖွဲ့ ခါးပိုက်နှိုက်ကျူးလွန်မှုများ လျော့နည်းကျဆင်းစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ပြီး ပြစ်မှုကျူးလွန်သူတရားခံများကို ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဧပြီ ၁၀ ရက်မှ စက်တင်ဘာ ၁၆ ရက်ထိ ခြောက်လတာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့မှ ခါးပိုက်နှိုက်မှု ၂၀၆ မှုမှ ကျူးလွန်သူတရားခံ အမျိုးသား ၁၆၅ ဦး၊ အမျိုးသမီး ၂၁ ဦး၊ စုစုပေါင်း ၁၈၆ ဦးတို့ကို ခါးပိုက်နှိုက်မှုကျူးလွန်ရာမှရရှိခဲ့သည့် သက်သေခံပစ္စည်းများဖြစ်သော လက်ကိုင်ဖုန်းမျိုးစုံ ၂၃၅ လုံးနှင့် ငွေကျပ် ၆၈၈၅၇၀၀ တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများကင်းစင်စေရေးအတွက် နယ်မြေအတွင်းသက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်ခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ မှုခင်းအသိပညာပေးဟောပြောခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောခြင်း၊ စည်းကမ်းမဲ့ယာဉ်များဖမ်းဆီးခြင်းများစသည့် မှုခင်းကျဆင်းရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နေ့၊ ညမပြတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)


**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# နယူးမက္ကဆီကိုပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် ဒေသခံတချို့ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



**ဝါရှင်တန် စက်တင်ဘာ ၁၇**

အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားသဖြင့် ဒေသခံတချို့ကို ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း နယူးမက္ကဆီကိုပြည်နယ် ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင်ဖော်ပြထားသည်။

နယူးမက္ကဆီကိုပြည်နယ် အနောက်တောင်ဘက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှု အခြေအနေဆိုးရွားနေပြီး အမေရိကန် အင်ဒီးယန်း တိုင်းရင်းသားများ နေထိုင်ရာ နယ်မြေများတွင် ရေကြီးရေလျှံမှု ဖြစ်ပွားနေကြောင်း၊ ရေစီးကြောင့် လမ်းမကြီးတချို့ ပျက်စီးကာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်နေကြောင်း၊ ကယ်ဆယ်ရေး ဝန်ထမ်းများက ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေပြီး ယာယီ ကယ်ဆယ်ရေး စခန်းများတွင် နေရာချပေးထားကာ အရေအတွက်ကို စိစစ်နေဆဲဖြစ်ကြောင်း နယူးမက္ကဆီကိုပြည်နယ် ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ခဲ့သည်။

"နယူးမက္ကဆီကိုပြည်နယ် အနောက် တောင်ဘက်ပိုင်းဒေသတွေမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ရေစီးကြောင့် လမ်းမကြီးတချို့ ပျက်စီးနေတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးတွေ ပြတ်တောက်နေပါတယ်။ ရေဘေးအန္တရာယ်ကြောင့် ဒေသခံ သုံးယောက် သေဆုံးခဲ့ပါတယ်။ မိသားစုနဲ့ထပ်တူ ဝမ်းနည်းရပါတယ်"ဟု အမေရိကန်အင်ဒီးယန်း တိုင်းရင်းသား အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ နိုင်ဂရင်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# နီပေါနိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ်ပွားပြီး သေဆုံးသူ ၁၃၉၉ ဦးထိရှိကာ ဦးရေ ၅၂၀၀ ခန့် ပျောက်ဆုံးနေဆဲဖြစ်

**ခတ္တမန္ဒူ စက်တင်ဘာ ၁၇**

နီပေါနိုင်ငံတွင် ဩဂုတ်လအတွင်းဖြစ်ပွားခဲ့သည့် ရေခဲမြစ်ပြိုကျမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၃၉၉ ဦးထိရှိကာ ဦးရေ ၅၂၀၀ ခန့် ပျောက်ဆုံး နေဆဲဖြစ်ကြောင်း နီပေါအမျိုးသား သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ ယနေ့ ထုတ်ပြန်ချက်အရ သိရသည်။

ပျောက်ဆုံးနေသူများအနက် နိုင်ငံခြားသား ၆၃၆ ဦးပါဝင်ကြောင်း၊ ဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် တွေ့ရှိခဲ့သည့် ရုပ်အလောင်းများအနက် တချို့ကို ယခုအချိန်ထိ မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုနိုင်ခြင်းမရှိသေးသဖြင့် အာဏာပိုင်များက DNA နည်းပညာအသုံးပြု၍ စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ရေကြီးမှုကြောင့် လမ်းများ၊ တံတားများနှင့် ဆက်သွယ်ရေး အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သဖြင့် အချို့တောင်တန်းဒေသများသို့ ကယ်ဆယ်ရေးအဖွဲ့များ ဝင်ရောက်ရန် အခက်အခဲများ ရှိနေကြောင်း၊ ထို့ပြင် ရေကြီးမှုအပြီး မြေပြိုကျမှုများ ဆက်လက်ဖြစ်ပေါ်နိုင်သဖြင့် ရှာဖွေကယ်ဆယ်ရေး အဖွဲ့များအနေဖြင့် ဘေးကင်းရေးကို အထူးဂရုပြု၍ လုပ်ငန်းများ ဆောင်ရွက်နေရပြီး ပျောက်ဆုံးသူများကို ရှာဖွေရာတွင် ရဟတ်ယာဉ်များ၊ ဒရုန်းများနှင့် အထူးကျွမ်းကျင်အဖွဲ့များဖြင့် ရှာဖွေနေကြောင်း၊ အသက်ရှင်ကျန်ရစ်သူများ အတွက်လည်း အစားအစာ၊ သောက်သုံးရေနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများကို ကယ်ဆယ်ရေး အဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အီကွေဒေါနိုင်ငံ ကွီတိုမြို့တွင် ပူပြင်းခြောက်သွေ့မှုကြောင့် တောမီးများ လောင်ကျွမ်းမှုဖြစ်ပွား

**ကွီတို စက်တင်ဘာ ၁၇**

အီကွေဒေါနိုင်ငံ မြို့တော် ကွီတိုတွင် ပူပြင်းခြောက်သွေ့မှုကြောင့် တောမီးများ လောင်ကျွမ်းမှုဖြစ်ပွားနေကြောင်း ယနေ့သတင်းများအရ သိရသည်။

တောမီးသည် ကွီတိုမြို့အနီးရှိ တောင်တန်းနှင့် သစ်တောဧရိယာများတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ခြောက်သွေ့သော မြက်ပင်များနှင့် သစ်ပင်တို့ကြောင့် တောမီးလောင်ကျွမ်းမှု ပိုမိုလျင်မြန်စွာ ပျံ့နှံ့နေကြောင်း၊ မီးသတ်တပ်ဖွဲ့နှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များက လူနေရပ်ကွက်များဆီသို့ တောမီး ကူးစက်မလာစေရေး မီးတားလမ်းများဆောင်ရွက်ခြင်းနှင့် မီးငြိမ်းသတ်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ကွီတိုမြို့သည် တောင်တန်းဒေသအတွင်းတည်ရှိပြီး မြို့ပတ်ဝန်းကျင်တွင် သစ်တော၊ မြက်ခင်းပြင်ဧရိယာများ ကျယ်ပြန့်စွာရှိပြီး ပူပြင်းခြောက်သွေ့မှုကြောင့် သစ်ပင်နှင့် မြက်ပင်များ ခြောက်သွေ့ကာ ယခုကဲ့သို့ တောမီးလောင်မှုများ ဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ ထို့ပြင် လေပြင်းတိုက်ခတ်မှုကြောင့် တောမီးသည် တစ်နေရာမှ တစ်နေရာသို့ လျင်မြန်စွာ ကူးစက်နေကြောင်း သိရသည်။



ဒေသအာဏာပိုင်များနှင့် မီးသတ်တပ်ဖွဲ့များက တောမီးဖြစ်ပွားသည့်နေရာများကို ဆက်လက်စောင့်ကြည့်နေပြီး ထပ်မံမီးလောင်ကျွမ်းမှု မဖြစ်ပွားစေရန် အန္တရာယ်ရှိသည့် နေရာများတွင် ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ ဒေသခံများကိုလည်း တောအတွင်း မီးမွှေးခြင်း မပြုလုပ်ကြရန်နှင့် စီးကရက်မီးနှင့် မီးလောင်လွယ်သည့်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ကြရန် သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဖီဂျီနိုင်ငံတွင် မိုးခေါင်မှုပြဿနာ လျှော့ချရေးလုပ်ငန်းများကို ထိရောက်သော စီမံချက်များဖြင့် ဦးစားပေးဆောင်ရွက်နေ

**ဆူဗာ စက်တင်ဘာ ၁၇**

ဖီဂျီနိုင်ငံတွင် မိုးခေါင်မှုပြဿနာဖြင့် ကာလရှည်ရင်ဆိုင်ခဲ့ရပြီး မိုးခေါင်မှုပြဿနာ လျှော့ချရေးလုပ်ငန်းများကို ထိရောက်သော စီမံချက်များဖြင့် ဦးစားပေးဆောင်ရွက်နေကြောင်း ဖီဂျီအစိုးရက ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ စီမံချက်များကို ဖီဂျီမိုးလေဝသညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဖူနာကီက ဦးဆောင်နေကြောင်း၊ မိုးခေါင်မှုတိုက်ဖျက်ရေး လုပ်ငန်းများ ဦးဆောင်သူ ဖူနာကီ စက်တင်ဘာ ၁၆ ရက်က အစည်းအဝေး တစ်ရပ်ပြုလုပ်ကာ စီမံချက်ကို အကောင်အထည်ဖော်နေသည့် လုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"မိုးခေါင်မှုနဲ့ ပတ်သက်ပြီးတော့ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက နေ့စဉ်သတင်းအချက်တွေကို အစိုးရအဖွဲ့ထံ တင်ပြနေပါတယ်။ အခုနှစ်အတွင်း မိုးရေချိန်က တော်တော်လေးကို နည်းခဲ့ပါတယ်။ အစိုးရအဖွဲ့အနေနဲ့လဲ မိုးခေါင်မှုတိုက်ဖျက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်နေပြီး လိုအပ်တဲ့ အရင်းအမြစ်အားလုံးကို သုံးစွဲခွင့်ပြုထားပါတယ်။ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်ရပြီဆိုရင်တော့ အရင်ဆုံး ထိခိုက်နစ်နာတာက ပြည်သူတွေပါပဲ။ နောက်ထပ် အရေးကြီးတာက စိုက်ပျိုးရေးကဏ္ဍနဲ့ စွမ်းအင်ကဏ္ဍမှာ သိသိသာသာကို ရိုက်ခတ်မှုတွေဖြစ်ပေါ်စေပါတယ်။ ဒါကြောင့် မိုးခေါင်မှုတိုက်ဖျက်ရေး လုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေပါတယ်"ဟု ဖီဂျီမိုးလေဝသညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဖူနာကီ ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ပြင်သစ်နိုင်ငံတွင် နွေကာလအတွင်း အပူလှိုင်းဖြတ်သန်းသဖြင့် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး သေဆုံးသူ ၈၁၇ ဦးထိရှိခဲ့

**ပဲရစ် စက်တင်ဘာ ၁၇**

ပြင်သစ်နိုင်ငံတွင် နွေကာလအတွင်း အပူလှိုင်းဖြတ်သန်းသဖြင့် အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်ကာ အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်ပြီး သေဆုံးသူ ၈၁၇ ဦး ထိရှိခဲ့ကြောင်း ပြင်သစ်ကျန်းမာရေး ဝန်ကြီးဌာနက အတည်ပြု ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံတွင် နွေကာလအတွင်း အပူချိန်သိသိသာသာ မြင့်တက်ခဲ့ခြင်းဖြစ်ပြီး သေဆုံးသူ ၈၁၇ ဦးရှိခဲ့ကြောင်း၊ သေဆုံးသူအများစုမှာ အသက် ၇၅ နှစ်နှင့် အထက်ရှိသော သက်ကြီးရွယ်အိုများဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"နွေကာလအတွင်းမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ပုံမှန်ဖြစ်ပေါ်လေ့ရှိတဲ့ အပူချိန်ပမာဏထက် သိသိသာသာ မြင့်တက်ခဲ့ပါတယ်။ နွေကာလအတွင်း အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်ပြီး သေဆုံးသူ ၈၁၇ ယောက်ထိရှိခဲ့ပါတယ်။ သေဆုံးသူတွေအနက် ၇၅၁ ယောက်ဟာ အသက် ၇၅ နှစ်နဲ့အထက်ရှိတဲ့ သက်ကြီးရွယ်အိုတွေဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်နိုင်မှုမရှိရင်တော့ နှစ်စဉ်နှစ်တိုင်းမလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရအုံးမှာပါ" ဟု ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆန်တီက ပြောကြားခဲ့သည်။


Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ထိုနေ့က တက်သောကြောင့် ကျသည်

မစန္ဒာ



**ယမန်နေ့မှအဆက်**

ဟိုး... ဘုရင်တွေ လက်ထက်တုန်းက အိုင်ချင်း၊ တျာချင်းဆိုတာတွေကို ရေးကြ၊ စပ်ကြ၊ သီကုံးကြသည်ဟုကြားဖူးသည်။ အခုအသစ်ပေါ်လာသည်က ညည်းချင်းဖြစ်သည်။ တွေ့လိုက်လျှင် ညည်းချင်းချသူချည်းဖြစ်နေတော့ အကြီးကောင်လည်း မကြားချင်။

"ငါတို့စစ်ဆင်ရေးက ဟုတ်မှဟုတ်ပါ့မလား ရွှေဒေါ်လာရေ ခါတိုင်းလောက်တောင်မရဘဲ ငတ်ကိန်းဆိုက်နေပြီ"

ကိုမောင်အုန်းက တီးတိုးပြောသည်။ အကြီးကောင်လည်း ငိုင်တိုင်တိုင်ဖြစ်နေသည်။ ဒီလိုပုံနှင့်ဆိုလျှင် ဆန်ဖိုး၊ ဆီဖိုးလေးပင် ရမှရနိုင်ပါ့မလားမသိရ။ အဖေ့အတွက် ချောင်းဆိုးပျောက်ဆေးဝယ်နိုင်ဖို့တော့ သိပ်မလွယ်လှပေ။

"ရွှေဒေါ်လာရေ ပြန်မယ်ဟေ့"

ဒီတစ်ခါ ရောက်လာသူက သုံးရက်နေမှ တစ်ခါသာ ဈေးလာသော မမဝဝဖြစ်သည်။ သူကလည်း အန်ကယ်ချစ်တို့ လမ်းထဲတွင်ပင်နေသည်။ ပြီးခဲ့သောနှစ်က ယောကျ်ားဆုံးသွား၍ မုလတန်းအရွယ်ကလေးသုံးဦးကျန်ခဲ့သည်။ အတူနေ မိခင်ကြီးက ရောဂါသည်ဟုပြောသည်။ ဘာရောဂါမှန်းတော့ အကြီးကောင်မသိ။ မိခင်ကြီးကို ပြုစုရန် ခေါ်ထားရသော အဒေါ်အပျိုကြီးကလည်း ဟိုဟာမစားဘူး၊ ဒီဟာ မစားဘူး၊ ခါးနာတယ်၊ ခေါင်းကိုက်တယ်နှင့် ထွေလီကာလီတွေများလွန်း၍ သူ့ကိုတစ်ခါထပ်ပြီး ပြုစုနေရရှာသည်။

မမဝဝက မျက်နှာလေးလှသော်လည်း လူကတော့ တော်တော်ဝသည်။ သူ့ကလေးသုံးယောက်ကလည်း သူ့လိုပင် ဝတုတ်ကလေးများဖြစ်သည်။ သူကတော့ သူတို့အမျိုးကိုက "ဝ"တဲ့မျိုးဟု ပြောသည်။

"ဈေးတက်သွားပြီနော်အစ်မ"

"ဟော... တော့"

သူက ခြင်းတောင်းနှစ်တောင်းကို တစ်ဖက်စီဆွဲထားသည်။

သုံးရက်တစ်ခါသာ ဈေးလာသူမို့ ဈေးခြင်းများက လေးလေးလံလံရှိလှသည်။ သူ့ခြင်းထဲကို ကဲကြည့်လိုက်တော့ အာလူး၊ ကြက်သွန်နှင့် နဂါးမောက်သီးနှစ်လုံးကိုပါတွေ့ရသည်။ နောက်တစ်ခြင်းထဲတွင်တော့ ဂေါ်ရခါးသီး၊ ပုံလုံသီး၊ ရွှေဖရုံသီးများကို တွေ့ရသည်။ အောက်ဘက်ရောက်နေသော အသားငါးများကိုတော့မမြင်ရ။ သူက "ခုနစ်ရာ" ဟု ပြောတော့ မမဝဝက သက်ပြင်းချရှာသည်။

"ခုနစ်ရာဖြစ်သွားပြီလားဟယ်" ဟု ခပ်တိမ်တိမ်ပြောသည်။ ခြင်းတောင်းအလေးကြီးနှစ်တောင်းကို သူ့အိမ်ထိ ဆွဲနိုင်မည်မဟုတ်။ သူ၏ဆိုက်ကားကို မဖြစ်မနေစီးကိုစီးရမည်ဟု အကြီးကောင်က တွက်သည်။

သို့သော် မမဝဝက သူတွက်သလို ဖြစ်မလာ။

"နင်တို့ ဈေးတက်တာက သဘာဝကျပါတယ်။ ဒါပေမဲ့ ငါကလဲ ငါ့ဟာငါ မနည်းတိုင်းထွာပြီး သုံးနေရတာ"

မမဝဝကဆိုက်ကားဘေးတွင်ခေတ္တချထားသော ပလတ်စတစ်ခြင်းတောင်းနှစ်တောင်းကို ဘယ်တစ်ဖက်၊ ညာတစ်ဖက်ပြန်ဆွဲသည်။ ထို့နောက် စတင်၍ လမ်းလျှောက်သည်။

"ဟာ... အစ်မ၊ နိုင်လို့လား"

"နိုင်ပါတယ်ဟယ်၊ ဒီလိုပဲ နားနားပြီး ဆွဲသွားရမှာပေ့ါ"

နဂိုကမှ ဝရသည့်အထဲ အလေးအပင်ကို လက်နှစ်ဖက်စလုံးက ဆွဲထားရတော့ သူ့ကိုကြည့်ရသည်မှာ မသက်သာ။ ပုံပျက်ပန်းပျက်ဆွဲထားသော ကာတွန်းရုပ်ကြီးနှင့် တူနေသည်။

ခြေလှမ်းနှစ်ဆယ်လောက် ကြိုးစားလျှောက်ပြီးတော့ သူခဏနားသည်။ ခြင်းတောင်းနှစ်တောင်းကို ခေတ္တချသည်။ ထိုနောက် ခြင်းတောင်းများကို ပြန်ဆွဲသည်၊ ပြန်လျှောက်သည်။ နှစ်ခါနား နှစ်ခါလျှောက်ပြီး သုံးကြိမ်မြောက်နားသောအခါတွင်တော့ အကြီးကောင်ကြည့်မနေနိုင်တော့။ သူ့နောက်သို့ ဆိုက်ကားတွန်းပြီး လိုက်သွားသည်။

"အစ်မရာ... မောလှပါတယ်၊ ကဲ... တက်၊ တက်၊ အရင်ဈေးပဲ ပေးပါတော့"

"အကြီးကောင်က ခြင်းတောင်းကို လှမ်းဆွဲသည်။ သူ့ခမျာ စိတ်ဆောင်နေ၍သာ အတင်းလျှောက်နေရသော်လဲ မျက်နှာကြီး နီမြန်းကာ တဟောဟောနှင့် မောနေသည်။

မမဝဝက သူ့ပိုက်ဆံအိတ်ကို ဖွင့်ကြည့်သည်။ ထို့နောက် အကြီးကောင်လက်ထဲမှ သူ၏ခြင်းတောင်းကို ပြန်ဆွဲသည်။

"အရင်ဈေးတောင်မပေးနိုင်ဘူး ရွှေဒေါ်လာရယ်။ ငါ့အိတ်ထဲမှာ လေးရာပဲကျန်တော့တယ်။ ဒါတောင် ကုလားဟင်းအတွက် ရုံးပတီသီး မဝယ်ဖြစ်ခဲ့လို့"

အကြီးကောင်ခမျာ စိတ်လည်းညစ်၊ ရယ်လည်း ရယ်ချင်သွားသည်။ သူတို့က ကိုယ့်ထက်ချမ်းသာသော်လည်း ကိုယ့်ထက်ပင် ဒုက္ခကြီးနေကြဟန်ရှိလေသည်။

ကိုမောင်အုန်းတို့၊ ဦးပြုံးတို့ကို လှမ်းကြည့်တော့ သူတို့ဘာပြောနေသနည်း နားစွင့်နေကြပုံရလေသည်။ နည်းနည်းလေးလှမ်းသွားပြီမို့ အသေအချာကြားရဟန်တော့ မတူချေ။ မမဝဝကတော့ တဟောဟောနှင့် ဆက်လျှောက်ရန်ဟန်ပြင်နေသည်။ "နှစ်ရာတော့ တိုးမပေးနိုင်၊ သေချင်လျှင်လဲ သေပါစေတော့'' ဟူ၍များ သန္နိဋ္ဌာန်ချထားလေသလားမသိရ။

"ကဲ... ကဲ... လေးရာဆိုရင်လဲ လေးရာပဲပေးပါတော့ အစ်မရာ၊ တက်... တက်။ ကျွန်တော် လိုက်ပို့ပါ့မယ်"

ဒီလိုနှင့်ပင် အမျိုးသမီးဝဝကြီးသာမက လေးလေးလံလံ ခြင်းတောင်းကြီးနှစ်တောင်းလည်း ဆိုက်ကားပေါ်သို့ရောက်လာသည်။ လှမ်းကြည့်နေကြသော ဦးပြုံးတို့၊ ကိုမောင်အုန်းတို့ကတော့ မမဝဝခမျာ ဆက်မလျှောက်နိုင်၍ ရွှေဒေါ်လာကို အရှုံးပေးလိုက်သည်ဟု ထင်ကြပေလိမ့်မည်။

"ငါက ကပ်တာမဟုတ်ပါဘူး ကောင်ကလေးရယ်။ တကယ်ကိုချွေတာနေရလို့ပါ။ ယောကျ်ားမသေခင်ရင်းနှီးမြှုပ်နှံထားခဲ့တဲ့ အတိုးရင်းပွားလေးတွေနဲ့ စားနေရတာ။ ဘာစီးပွားရေး၊ ဘာဝင်ငွေမှ မရှိဘူးဟဲ့"

သူက သဘောကောင်းကောင်း၊ ပါးစပ်ဖွာဖွာဆိုတော့ သူ၏စီးပွားရေးအခြေအနေကို မမေးဘဲနှင့် ပြောနေသည်။

"အမေ့အတွက် ဆေးတွေမဝယ်လို့မရဘူး။ ခေါ်ထားတဲ့ အမေ့ညီမကလဲ အမေနဲ့အဖော်အလျော်ရအောင်၊ အမေ့ဘေးနေရအောင်ခေါ်ထားတာ သူကပါရောပြီး အမေ့လို အပြုအစုခံချင်နေတယ်။ အိမ်မှာ အိမ်ဖော်လဲ မထားနိုင်တော့ဘူး။ တစ်လရှစ်သောင်းဆိုတဲ့ လခကိုမှ မပေးနိုင်တာ။ ငါ့ဟာငါချည်းပဲ လုပ်ရတာ"

ခုနတုန်းက တဟောဟောမောနေသော အစ်မကြီးသည် အခုတော့လည်း တသောသောပြောနေသည်မှာ ပါးစပ်မပိတ်တော့။ "အစ်မရေ.. မောမယ်လေ၊ မောမယ်၊ ပါးစပ်ပိတ်ထားပါလား" ဟု ပြောချင်စိတ်ပေါက်လာသည်။ သူကလည်း ဦးပြုံးလိုပင် နားပူခံချင်သူမဟုတ်။ ညည်းသံညူသံ ကြားချင်သူမဟုတ်။

"တစ်လတလေ မကုန်မဖြစ်လို့ ကုန်နေရတဲ့ ပိုက်ဆံတွေက အများကြီး။ အမေ့ဆေးဖိုး၊ ကလေးတွေ ကျူရှင်ဖိုး၊ ကျောင်းကားခ၊ ရေဖိုး၊ မီတာဖိုး တစ်လောကမော်တာပျက်တော့လဲ ကုန်ရပြန်ရော။ ဒီကြားထဲ စားသောက်စရိတ်တွေကတက်၊ နင်တို့တွေ ဆိုက်ကားခတိုးတောင်းတာ ငါအပြစ်မတင်ပါဘူးဟယ်။ နားလည်ပါတယ်။ ဒါပေမဲ့ နင်တို့လဲ နင်တို့ဒုက္ခနဲ့နင်တို့၊ ငါကလဲ ငါ့ဒုက္ခနဲ့ငါပဲလေ။ တစ်ပြား၊ နှစ်ပြားချွာပြီး သုံးနေရတာ"

ဦးပြုံးက ပိုက်ဆံနှစ်ရာဖိုး နားပူခံခဲ့သည်ဟုပြောသည်။ သူကတော့ တစ်ရာလျှော့ယူပြီး နားပူခံခဲ့ရသည်မို့ ပို၍ပင် ဒုက္ခကြီးနေသေးတယ်။ ဦးပြုံးလိုပင် "ကဲ... ရော့ အစ်မကြီး၊ ဆိုက်ကားကိုကိုယ့်ဟာကိုယ်သာ ဆက်နင်းသွားပါတော့။ ကျွန်တော်ဆင်းနေရစ်တော့မယ်"ဟူ၍ပင် ပြောချင်စိတ်ပေါက်လာသည်။ ရှင်းရှင်းပြောရလျှင် ညည်းသံညူသံတွေကို ကြားကိုမကြားချင်တော့။

သူ့မှာလည်း "ချင်"တွေရှိသည်။

အဖေ့အတွက် ချောင်းဆိုးပျောက်ဆေးဝယ်ချင်သည်။ အင်နာဗွန်စီဝယ်ချင်သည်။ ငါးရံ့ခြောက်ကောင်းကောင်းဝယ်ချင်သည်။ ကြက်စွပ်ပြုတ်လေးတိုက်ချင်သည်။ အမေ့ဒူးနာကိုလည်း ဆေးကုသပေးချင်သည်။ နူဖလမ်ဆိုသောဆေး ဝယ်တိုက်ချင်သည်။ အငယ်ကောင်ကိုလည်း ကျောင်းခန်းထဲ ပြန်ပို့ချင်သည်။ ချင်... ချင်... ချင်...။ သူ၏ချင်တွေက သိပ်ပြီး မကြီးကျယ်လှသော်လည်း သူ့မှာပြည့်ဖို့မလွယ်။ အကုန်လုံးကို ထိန်းချုပ်ထားရသည်။

လေယာဉ်ပျံစီးသူက လေး၊ ငါးထောင်တိုးပေးရန် မခဲယဉ်းသော်လည်း၊ တက္ကစီစီးသူက လေး၊ ငါးရာတစ်ထောင်တိုးပေးနိုင်သော်လည်း ဆိုက်ကားစီးသူများအတွက်တော့ တစ်ရာ၊ နှစ်ရာတိုးပေးရန် မလွယ်ကူကြောင်းကို ကောင်းကောင်းသဘောပေါက်သွားသည်။

"ငါတို့ကို အခြေခံလူတန်းစားလို့ ခေါ်ကြတာကို အခုမှ သဘောပေါက်တော့တယ်။ အောက်ခြေမှာနေပြီး အလူးအလဲခံနေရတဲ့လူတွေမို့လို့ကိုး"

အကြီးကောင်က ရင်ထဲမှ တီးတိုးပြောမိသည်။

"အားနာပါတယ်ဟယ်"

မမဝဝက နှစ်ရာတန်ခပ်နွမ်းနွမ်းနှစ်ရွက်ကို လှမ်းပေးသည်။ သူကတော့ ကိုတိုးဝေတို့၊ ဦးပြုံးတို့ မေးလျှင် ဘယ်လိုဖြေရပ့ါမလဲ စဉ်းစားနေသည်။ အမှန်အတိုင်းပြောလျှင် "မင်း .. သစ္စာဖောက်တယ်၊ လျှော့ဈေးနဲ့ မပို့ကြေးလေကွာ" ဟု ပြောကြလိမ့်မည်။ ထို့နောက် ရယ်ကြလိမ့်မည်။ လိမ်ပြီးတော့လည်း မပြောချင်။ မပေါ်ဘဲနေမည်လည်းမဟုတ်။

တော်ပါပြီ။ အိမ်ပြန်တာပဲ ကောင်းပါတယ်။

"ဟော.. သားကြီးပြန်လာပြီ"

အဖေက ဆီး၍ နှုတ်ဆက်သည်။ ဦးကြီးပြုံး၏ လျက်ဆားတန်ခိုးနှင့် ချောင်းဆိုးသက်သာနေပုံရသည်။ ရေမိုးချိုးပြီး လန်းလန်းဆန်းဆန်း ဖြစ်နေသည်။

"အဆင်ပြေရဲ့လားသား"

စာမျက်နှာ ၂၇ သို့ á

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၈၇၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၈၇၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၂၈၇၅ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ နေကြာ ၂၈၇၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပကနေစားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးသွားပါမယ် "ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ငါးကြင်းပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း စက်တင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ငါးကြင်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇူလိုင်လအတွင်းက ငါးကြင်း ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးကြင်းပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အား တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးကြင်းဈေးကလဲ အရောင်းအဝယ်လုပ်လို့ အဆင်ပြေပါတယ်။ ဒေသပွဲရုံတွေကို ငါးကြင်း အဝင်နည်းနေတာရယ်၊ ရန်ကုန်ဘက်က အဝယ်လိုက်နေတာကြောင့် ငါးကြင်းတွေ တင်ပို့ရောင်းချအား တက်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်ကို ငါးကြင်းတွေ ပြီးခဲ့တဲ့လ ပထမပတ်လောက်ကတည်းက ပိုမိုတင်ပို့ခဲ့ရပါတယ်" ဟု ညောင်တုန်းမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရေထွက်ကုန်ပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကို ဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးကြင်းတစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

**စာမျက်နှာ ၂၆ မှအဆက်**

အဖေက သူ၏အတွေ့အကြုံကို နားထောင်ချင်လွန်း၍ မျှော်နေခြင်းဖြစ်ဟန်တူသည်။ သူတို့တွေ ဒီနေ့ဈေးတက်ဖို့ အကြံအစည်ရှိသည်ကို သိထားသည်မဟုတ်ပါလား။ အကြီးကောင်ခများမှာတော့ အဖေ့ကိုတွေ့တော့မှ ပိုပြီးစိတ်ညစ်သွားရှာသည်။ ထို့ကြောင့် ဘာမှ ပြန်မပြောသေးဘဲ ရေအိုးစင်ဆီသို့ တန်းသွားကာ သောက်ရေတစ်ခွက်ကို ပြည့်ပြည့်ခပ်ပြီး အချိန်ဆွဲကာ သောက်နေမိသည်။

"သားကြီး ထမင်းဆာပြီလား"

အမေက လှမ်းမေးသည်။ အမေ့လက်ထဲတွင် ချဉ်ပေါင်ရွက်များကို တွေ့ရသည်။ သံဇလုံထဲတွင်ထည့်ထားသောမျှစ်ဝါကလေးများကိုလည်း တွေ့ရသည်။

"ချဉ်ပေါင်ကြော်မလို့လား အမေ၊ ဆီရောရှိရဲ့လား"

"အငယ်ကောင်က ဆီတစ်ပုလင်းနဲ့ ကသပိုးလေးတွေ လာပေးသွားတယ်။ ငါးကလေးတွေက လတ်ကလတ်နဲ့၊ ဆီရှိတုန်း ငါးကလေးကြော်ပြီး ချဉ်ပေါင်ကို မျှစ်လေးနဲ့ ပျစ်ပျစ်ချက်ပေးမယ်လေ"

အမေ့မျက်နှာက ပြုံးနေသည်။ သားကလေး၊ ငါးကလေးများ ချက်ရလျှင် အမေက ဝမ်းသာနေတတ်သူဖြစ်သည်။ သူလည်း အတော်ဝမ်းသာသွားသည်။ အိမ်တွင် ဆီနှင့်ဆန်သာမက ဟင်းပါရှိနေတော့ ဒီနေ့ တစ်နေ့အတွက် စိတ်အေးသွားရပြီမို့ ဖြစ်သည်။

"ကြီးတော်ထူးကတောင် အမေ့ကို မေးလိုက်သေးတယ်၊ နေကောင်းရဲ့လားတဲ့"

အဖေနှင့် စကားပြောရမှာကြောက်၍ အကြီးကောင်က အမေ့ကို စကားစရှာပြီး ပြောနေခြင်းဖြစ်သော်လည်းရှောင်၍မရ၊ အဖေက သူတို့နားလာထိုင်သည်။ အခါတိုင်း သားဖြစ်သူပြန်လာလျှင် အဖေ့နားထိုင်ပြီး တွေ့ခဲ့၊ ကြုံခဲ့ရသမျှကို ပြောနေကျမို့ ဒီတစ်ခါလည်း အတွေ့အကြုံအသစ်အဆန်းလေးများကို ကြားချင်စိတ်စောနေဟန်ရှိသည်။ လွယ်လွယ်ကူကူ ဈေးတက်၍ရခဲ့ပြီး အခါတိုင်းထက် ဝင်ငွေကောင်းခဲ့သည်ဟုလည်း ထင်နေပုံရသည်။ ခက်တော့နေပါပြီ။

"ခုနတုန်းကပဲ အိမ်ရှေ့မှာဖြတ်သွားတဲ့လူတွေ ပြောသွားကြတယ်။ အမေရိကန် ဒေါ်လာက ထောင့်ခြောက်ရာတောင်ကျော်သွားပြီတဲ့။ ပြောပါအုံး၊ ငါ့သားကြီး မြန်မာဒေါ်လာ၊ ရွှေဒေါ်လာကရော ဘယ်နှရာကျော် ဖြစ်လိုက်ပြီလဲ"

"ဟိုဒေါ်လာဈေးတက်ပေမဲ့ ဒီဒေါ်လာကတော့ ဈေးကျတယ် အဖေရေ့" ဟု ပြောပစ်လိုက်ချင်သော်လည်း "ဒီတစ်ခါ ငါတို့တက်ရမဲ့ အလှည့်ပဲ၊ သူတို့တက်ရင် ငါတို့လဲ တက်မှာပေါ့" ဟူ၍ မျှော်လင့်တကြီး အားတက်သရောဖြစ်နေသော အဖေ့ကို နည်းနည်း သနားသွားသည်။

"ဒေါ်လာဆိုတိုင်း တူတာမှမဟုတ်တာပဲအဖေရယ်။ တစ်ခါတလေကျတော့ တစ်ဖက်ကတက်သွားတာဟာ နောက်တစ်ဖက်ကျသွားဖို့လဲ ဖြစ်နေတတ်တာပဲ"

အကြီးကောင်က သူ့အဓိပ္ပာယ်နှင့်သူ ပြောလိုက်သည်။ အဖေက နားမလည်။ ကြားချင်နေသော စကားမဟုတ်၍ အာသာမပြေဖြစ်သွားသည်။ မရွှင်လှသော သား၏ မျက်နှာကိုလည်း အခုမှ သတိပြုမိပုံရလေသည်။

သူက အဖေ၏အကြည့်ကို ရှောင်လွှဲကာ အိမ်ပေါ်မှဆင်းခဲ့သည်။ ဘောက်ဆတ်ဘောက်ဆတ်လျှောက်ရင်း မကြားတကြား ပြောသွားသော ကောင်မလေးကို သတိရသည်။

"ပြည်တွင်းဖြစ် ဒေါ်လာကြီးကများ ... ကြီးကျယ်လို့. . . ၊ သေ... သေ... သွားသေ... သေလိုက်တော့" တဲ့လေ။

သူ ဆိုက်ကားပေါ် ပြန်တက်သည်၊ ပြန်နင်းသည်။ နင်းမဲ့သာ နင်းရသော်လည်း ဘယ်ကိုသွားရမည်မသိ။ အိမ်မှာလည်း မနေချင်၊ ဆိုက်ကားဂိတ်ကိုလည်း ပြန်မသွားချင်။ ကဲဟာ... ရောက်ချင်ရာရောက်... ပေါက်ချင်ရာပေါက်... နင်းသာနင်း... ဆက်နင်း. . . ။

နင်းလိုက်တိုင်း ကကျီ၊ ကကျီနှင့် မြည်နေသော ဆိုက်ကား တစ်စီးသည် နေကျဲကျဲပူနေသောလမ်းပေါ်တွင် မောမောပန်းပန်းပြေးနေသည်။

"ကကျီ... ကကျီ.. က.... ကျီ.. က.. ကျီ.. ကျီ.. ကျီ.. ကျီ"

## စည်းကမ်းသည် လူ့တန်ဖိုး

- အခြေခံ စည်းကမ်းအစ
လိုက်နာကြ နေထိုင်မယ်၊
မကောင်းမှုရှောင် ကောင်းတာလုပ်ဖို့
အဟုတ်တကယ်၊
နေမှုထိုင်ခင်း တင့်တင့်တယ်
လောကအလယ် မှောင်ကွယ်မဖုံး၊
လူ့ဂုဏ်ရည် လူ့တန်ဖိုးမို့
မြတ်နိုးကျင့်သုံး ။

- ရင်တွင်းတည် စိတ်နှလုံးရယ်နှင့်
အကောင်းဆုံး အရာရာ၊
ပွင့်ပန်းမန် အလှလွှမ်းသို့
စည်းကမ်းရှိပါ၊
စားဝတ်နေရေး ပရမ်းပတာ
ရှောင်ဖယ်ခွာ ရွေးလျှောက်၊
အဖိုးတန်လူ သရဖူဆောင်းလို့
လမ်းကောင်းကိုဖောက် ။

- လူ့ဘဝကို ခဏရောက်ပါတဲ့
တတ်စွမ်းသလောက် ကောင်းတာအမှန်၊
ထာဝစဉ် မြတ်သောစိတ်တို့
ယိုဖိတ်ရှင်သန်၊
ရိုးရိုးကျင့် မြင့်မြင့်ကြံ
စာရိတ္တတစ်ဖန် ရင်မှာတရား၊
မေတ္တာထုံ အချစ်ပိုက်လို့
နှစ်ခြိုက်လူသား ။ ။

ရင်ခတ်ပန်း (စွယ်တော်)

# နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နမ့်စန် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းစိတ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မြင့်လွင်ဦး၊ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက RBF စီမံကိန်းရန်ပုံငွေဖြင့် ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မိုင်းစိတ်ကျေးရွာ၌ RBF စီမံကိန်းဖြင့် ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အသင်းသား၊ အသင်းသူ စုစုပေါင်း ငါးဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်မြင့်လွင်ဦးထံမှ သိရသည်။

**သံသာ**

# ခရီးစုန်ဆန်အချိန်တန် သီပေါမြို့ကအပြန်

သက်နိုင်(ပြင်ဦးလွင်)

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ကိုရောက်နေစဉ်မှာ မဟာမုနိဘုရားကြီးကို ဖူးမြော်ပြီးတာနဲ့ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ပထမအစီအစဉ်က မြို့ခံစာရေးဆရာသီပေါကိုလတ်ရဲ့အိမ်ကို သွားကြဖို့ပါ။ ဒါပေမဲ့ မြို့လယ်မီးပွိုင့်လမ်းဆုံကိုရောက်တာနဲ့ စိတ်ကူးပြောင်းသွားခဲ့ပြီး ဒုဋ္ဌဝတီမြစ်ကူးတံတားရှိရာကို မောင်းနှင်လာခဲ့လိုက်တယ်။ တံတားက သီပေါမြို့တွင်း ရပ်ကွက်တစ်ခုရဲ့ အစွန်မှာရှိနေတာကြောင့် မကြာခင်မှာ ရောက်လာခဲ့ကြတယ်။ တံတားကိုရောက်တာနဲ့ တံတားပေါ်ကနေ ဒုဋ္ဌဝတီမြစ်အလှနဲ့ သီပေါမြို့ရှုခင်းတွေကို မြင်တွေ့ရတယ်။

တံတားထိပ်မှာ ကားရပ်ခဲ့ပြီးတာနဲ့ တံတားပေါ်ကနေ စတင်လမ်းလျှောက်လာခဲ့ကြတယ်။ တံတားပေါ်ကနေ ကားတွေ ဖြတ်သန်းမောင်းနှင်ခြင်းကို ခွင့်ပြုမထားတဲ့အတွက် ရှင်းလင်းနေပြီး ရှုခင်းတွေကို လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး ကြည့်ရှုခွင့်ရနေတယ်။ တံတားအောက်မှာရှိနေတဲ့ ဒုဋ္ဌဝတီမြစ်ရေတွေက ကြည်လင်စိမ်းမြနေတယ်။ တံတားပေါ်ကနေတွေ့မြင်နေရတဲ့ သီပေါမြို့ကလဲ သာယာလှပနေတယ်။ သီပေါမြို့ ဒုဋ္ဌဝတီမြစ်ကူးတံတားကနယ်နိမိတ်သတ်မှတ်ထားတဲ့ တံတားတစ်ခုမဟုတ်ဘဲ တံတားရဲ့တစ်ဖက်ထိပ်မှာလဲ သီပေါမြို့ဖြစ်နေပြီး စေတီပုထိုးတွေ၊ လူနေရပ်ကွက်တွေရှိတယ်။ စက်သုံးဆီအရောင်းဆိုင်တွေ၊ ကားပြုပြင်ဆိုင်တွေ၊ စားသောက်ဆိုင်တွေနဲ့ ဒေသထွက်ကုန်အရောင်းဆိုင်တွေများပါတယ်။ စားသောက်ဆိုင်တွေက သာယာတဲ့ရှုခင်းအလှကို ဒုဋ္ဌဝတီမြစ်အလှနဲ့ ယှဉ်တွဲဖွင့်လှစ်ရောင်းချနေကြတယ်။ အစားအစာတွေကို စားသောက်ကြရင်း မြစ်အလှနဲ့ ရှုခင်းတွေကို ကြည့်ရှုရင်း အပန်းဖြေအနားယူစရာနေရာ တစ်ခုလဲဖြစ်နေတယ်။ ဒေသထွက်ကုန် အရောင်းဆိုင်တွေကတော့ နာနတ်သီး၊ လိမ္မော်သီး၊ ပျားရည်၊ ဆေးမြစ်စုံ စတဲ့ကုန်ပစ္စည်းတွေပါ။

တံတားပေါ်မှာ ခဏတာကြည့်ရှုပြီးကြတာနဲ့ သီပေါဟော်အနီးမှာတည်ရှိနေတဲ့ မြို့ခံစာရေးဆရာ သီပေါကိုလတ်ရဲ့အိမ်ကို ဆက်လက်သွားရောက်ခဲ့ကြတယ်။ စာရေးဆရာသီပေါကိုလတ်ရဲ့ အိမ်ကိုရောက်တာနဲ့ စာပေရေးရာတွေဆွေးနွေးပြောဆိုကြရင်း အချိန်အနည်းငယ်ကြာသွားခဲ့ရတယ်။ စကားတွေပြောဆိုကြပြီးမှ ဆရာသီပေါကိုလတ်ရဲ့ အကူအညီနဲ့ သီပေါဟော်ကို ဆက်လက်သွားခဲ့ကြတယ်။ သီပေါဟော်က မြို့ရဲ့အစွန်မှာ သီးခြားတည်ရှိနေတယ်။

အခုအချိန်မှာ သီပေါဟော်ကို အများပြည်သူတွေ လေ့လာကြည့်ရှုလိုသူတွေအတွက် မနက်ပိုင်းတစ်ပိုင်း နေ့လယ် ၁၂ နာရီ အချိန်ထိ ဖွင့်လှစ်ပြသထားတယ်။ ဟော်ရဲ့နောက်ခံသမိုင်းကြောင်းတွေနဲ့ သိလိုတာတွေကို နောက်ဆုံးစော်ဘွားကြီးရဲ့ အမွေဆက်ခံသူတစ်ဦးက လိုက်လံရှင်းလင်းပြသပေးတယ်။ ဟော်အတွင်းမှာ ရှေးဟောင်းသမိုင်းဝင်ဓာတ်ပုံတွေနဲ့ မှတ်တမ်းမှတ်ရာတွေ၊ စိတ်ဝင်စားစရာတွေကို ပြသထားတယ်။ ဟော်ရဲ့သမိုင်းကြောင်းတွေနဲ့ အခြားသိချင်တာတွေကို ဟော်မှာရှိနေတဲ့ တာဝန်ရှိသူတွေအပြင် မြို့ခံစာရေးဆရာကပါ ထပ်မံရှင်းလင်းပြောပြနေတာကြောင့် အကြောင်းအရာပြည့်ပြည့်စုံစုံတွေကို သိရှိလေ့လာခွင့်ရခဲ့ကြတယ်။ သီပေါဟော်ကြီးတွေနဲ့ စော်ဘွားကြီးတွေရဲ့ သမိုင်းကြောင်းတွေ၊ မိဖုရားတွေရဲ့အကြောင်းက စိတ်ဝင်စားစရာကောင်းနေပါတယ်။ အခုမိမိတို့ရောက်ရှိ လေ့လာနေတဲ့ ဟော်ကြီးကတော့ သီပေါစော်ဘွားတွေရဲ့ နောက်ဆုံးဟော်ကြီးတစ်ခုဖြစ်သလို ရှေးခေတ်အဆက်ဆက်က ဟော်တွေနဲ့မတူဘဲ ဥရောပပုံစံဖြစ်နေတယ်။ ဟော်အတွင်းမှာတော့ ရှေးအဆက်ဆက်ဟော်ကြီးတွေရဲ့ သမိုင်းဓာတ်ပုံတွေကို ပြသပေးထားပါတယ်။ လေ့လာသိရှိထားရသလောက် မီးလောင်ပျက်စီးဆုံးရှုံးသွားတဲ့ ဟော်ကြီးတွေက အလွန်နှမြောစရာကောင်းနေတယ်။ အခုအချိန်ထိ ဆက်လက်တည်ရှိနေမယ်ဆိုရင် အဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းအဆောက်အအုံကြီးတွေ၊ သမိုင်းဝင်အဆောက်အအုံကြီးတွေဖြစ်နေကြမှာပါ။



ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ သီပေါဟော်ကို တွေ့ရစဉ်။

ဟော်အတွင်းပိုင်းကို လေ့လာပြီးတာနဲ့ ဟော်ရဲ့အနောက်ထောင့်မှာရှိနေတဲ့ ရေကူးကန်နေရာကို လမ်းလျှောက်ထွက်လာခဲ့ကြတယ်။ ရေကူးကန်ရှိရာကို သွားတဲ့လမ်းလေးက သပ်သပ်ရပ်ရပ် ရှင်းရှင်းလင်းလင်းပါ။ သီပေါဟော်ကို ပထမဦးဆုံးအကြိမ်ရောက်ဖူးခဲ့တဲ့အချိန်က ရေကူးကန်ကို ပြုပြင်ရခြင်းမရှိသေးပါဘူး။ ဒါ့ပြင် အဲဒီတုန်းက ရေကူးကန်ကြီးကို ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးအုပ်နေတာကို မှတ်မိနေပါသေးတယ်။ အခုမြင်တွေ့နေရတဲ့ ရေကူးကန်က ကောင်းကောင်းမွန်မွန် လှလှပပဖြစ်နေပါပြီ။ သီပေါစော်ဘွားကြီးရှိစဉ် အခါကတည်းက တည်ဆောက်ထားတဲ့ ရေကူးကန်ဆိုတဲ့အတိုင်း ရေကူးကန်ရဲ့သက်တမ်းက နှစ်ရာချီကြာမြင့်နေပါပြီ။

ရေကူးကန်ကိုလေ့လာပြီးတာနဲ့ ဟော်ရဲ့အရှေ့ဘက်ခြံထောင့်မှာရှိနေတဲ့ ဘုရားဆောင်ကို ရောက်လာခဲ့ကြတယ်။ ဘုရားဆောင်က ပင်မဟော်အဆောက်အအုံကြီးရဲ့ မလှမ်းမကမ်းမှာလဲ တည်ရှိနေတယ်။ ဘုရားဆောင်ကို သစ်သားတွေနဲ့ ဆောက်လုပ်ထားပြီး ဘုံအဆင့်ဆင့်တွေ ပါဝင်နေတယ်။ ဒါပေမဲ့ အချို့နေရာတွေက ပျက်စီးယိုယွင်းနေကြပါပြီ။ ဒါ့ပြင် အနီးပတ်ဝန်းကျင်မှာလဲ ချုံနွယ်တွေ ရှိနေကြတယ်။ လောလောလတ်လတ် မြင်တွေ့နေရတဲ့ အခြေအနေကတော့ ဘုရားဆောင်ကို သက်တမ်းရင့် ညောင်ပင်ကြီးက အုပ်မိုးထားတယ်။ စော်ဘွားကြီးရှိစဉ်အခါက ဒီဘုရားဆောင်ကြီးမှာ မနက်တိုင်း ဆွမ်းတော်ကပ်လှူ ဘုရားကန်တော့တရားရှုမှတ်တာတွေ လုပ်ခဲ့တယ်လို့ဆိုတယ်။ အခုအချိန်မှာ ဘုရားဆောင်ကြီးက အသုံးပြုသူ ကင်းမဲ့နေပြီး ဟောင်းနွမ်းနေပါပြီ။ ဒါပေမဲ့ ဒီဘုရားဆောင်ကြီးကို တွေ့မြင်ရတဲ့အတွက် ရှမ်းတိုင်းရင်းသားတွေနဲ့တကွ စော်ဘွားကြီးတွေက ဘာသာတရားကို ရိုသေကိုင်းရှိုင်းကြောင်း၊ အလေးအမြတ်ထားကြောင်းကို သိရှိရတယ်။

သီပေါဟော်ကဲ့သို့ဟော်ကြီးတွေကို သိန္နီမြို့၊ ရွှေညောင်မြို့၊ မိုးနဲမြို့ စတဲ့မြို့တွေမှာလဲ တွေ့မြင်နိုင်တယ်။ သိန္နီဟော်ကိုတော့ မကြာခင်ကာလကမှ အသစ်ပြန်လည် ဆောက်လုပ်ထားတာပါ။ မိမိလေ့လာဖူးခဲ့တဲ့ ရွှေညောင်ဟော်နဲ့ မိုးနဲဟော်ကိုတော့ နဂိုမူလအတိုင်း မြင်တွေ့ရတယ်။ ဒါ့ပြင် မိမိနေထိုင်တဲ့ ပြင်ဦးလွင်မြို့မှာလဲ မိုးမိတ်ဟော်ဆိုတာရှိနေသေးတယ်။ ဒီမိုးမိတ်ဟော်က မိုးမိတ်စော်ဘွားကြီး ပြင်ဦးလွင်မှာနေထိုင်ဖို့အတွက် ဆောက်လုပ်ထားခဲ့တာပါ။ ပြင်ဦးလွင်မြို့တည်ပြီးနောက် စော်ဘွားကြီးတွေနေထိုင်ဖို့အတွက် နေရာတစ်နေရာ သတ်မှတ်ပေးထားခဲ့ပြီး အဲဒီနေရာကို ဟော်ကုန်းလို့ခေါ်ဆိုခဲ့ကြတယ်။ ဟော်ကုန်းရပ်ကွက်က အခုအချိန်ထိ ပြင်ဦးလွင်မြို့မှာ ရှိနေပါသေးတယ်။ ဒါပေမဲ့ စော်ဘွားကြီးတွေရဲ့ ဟော်တွေတော့ မရှိတော့ပါဘူး။

တိတ်ဆိတ်ကျယ်ဝန်းတဲ့ သီပေါဟော်ကနေ ပြန်လည်ထွက်ခွာလာပြီး ဒုဋ္ဌဝတီမြစ်ကမ်းရှိရာကို ရောက်လာခဲ့ကြတယ်။ သီပေါမြို့က ဒုဋ္ဌဝတီမြစ်ကမ်းဘေးမှာ တည်ရှိနေတာဖြစ်လို့ မြစ်ကမ်းတစ်လျှောက်မှာ စည်ကားလှေ့ရှိပါတယ်။ အထူးသဖြင့် ညနေစောင်းအချိန်တွေနဲ့ သင်္ကြန်ပွဲတော်ကာလတွေမှာပါ။ အခုရောက်ရှိနေတဲ့ ဒုဋ္ဌဝတီမြစ်ကမ်းက သဘာဝကမ်းခြေတစ်ခုဖြစ်နေတာကြောင့် ဝင်ကြေးတွေ၊ အခြားကုန်ကျစရိတ်တွေမရှိဘဲ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် ရေကစားနိုင်နေကြတယ်။

အခုမိမိတို့ရောက်ရှိနေချိန်၊ ဒုဋ္ဌဝတီမြစ်ကမ်းမှာ ရေချိုးရေကစားနေကြသူတွေ မရှိဘဲရှင်းလင်းနေတယ်။ ဒါပေမဲ့ မြစ်ရဲ့အလှ၊ မြို့ရဲ့အလှတွေနဲ့ သာယာယာရှိနေတယ်။ ဒုဋ္ဌဝတီမြစ်နဲ့ရှုခင်းတွေကို ကြည့်ပြီးကြတာနဲ့ မြို့မစည်ပင်သာယာဈေးရှိရာကို ထွက်လာခဲ့ကြတယ်။ သီပေါမြို့ဈေးက အခြားမြို့ကဈေးတွေလိုပါပဲ။ စားသောက်ကုန်အမျိုးမျိုး၊ အဝတ်အထည်၊ လျှပ်စစ်ပစ္စည်း၊ လူသုံးကုန်အမျိုးမျိုးတွေက အတူတူပါ။ ထူးထူးခြားခြား ဆိုင်တွေအဖြစ် ရှမ်းတိုင်းရင်းသား ဘာသာနဲ့ရေးသားထုတ်ဝေထားတဲ့ စာအုပ်တွေ၊ ပြက္ခဒိန်တွေကို တွေ့ရသလို ရှမ်းရိုးရာတိုင်းရင်းဆေးအမျိုးမျိုးတွေကိုလဲ တွေ့ရတယ်။ ရှမ်းဘာသာနဲ့ ရေးသားထုတ်ဝေထားတဲ့ စာအုပ်တွေက အမျိုးအမည်စုံလင်ပါတယ်။ ရုပ်ပြ၊ ကာတွန်း၊ ဝတ္ထုတွေအပြင် ကျမ်းစာအုပ်တွေထိ ပါဝင်နေတယ်။ တိုင်းရင်းဆေးဆိုင်တွေမှာလဲ အစွမ်းထက်တယ်ဆိုတဲ့ ဆေးတွေကို တွေ့ရတယ်။ ဈေးအတွင်းမှာ လှည့်လည်လေ့လာကြည့်ရှုရင်း ရှမ်းပြည်နယ်ဒေသထွက် နာမည်ကျော် နွားနို့ခြောက်နဲ့ တိုဟူးခြောက်တွေကို အိမ်အပြန်လက်ဆောင်အဖြစ် ဝယ်ယူပြီး ဈေးထဲကနေ ထွက်လာခဲ့ကြတယ်။

သီပေါမြို့ဈေးအတွင်းကနေ ပြန်လည်ထွက်ခွာလာတဲ့အချိန်က မွန်းလွဲ ၁ နာရီရှိနေပါပြီ။ မိမိတို့က မနက်စာအဖြစ် ကျောက်မဲမြို့မှာကတည်းက ထမင်းစားခဲ့ကြတာကြောင့် အခုနေ့လယ်စာထမင်း စားကြတော့မှာပါ။ ထမင်းစားကြဖို့အတွက် သီပေါမြို့ကို ရောက်တိုင်း စားသောက်နေကျဆိုင်ကို မောင်းနှင်လာခဲ့တယ်။ မရောက်တာကြာနေပြီဖြစ်ပေမဲ့ ဆိုင်က ပြောင်းလဲခြင်းမရှိသေးပါဘူး။ ဆိုင်က တရုတ်အစားအစာ၊ မြန်မာထမင်းဟင်း၊ ရှမ်းထမင်းဟင်းနဲ့အတူ ရှမ်းခေါက်ဆွဲမျိုးစုံတို့ရရှိနိုင်တဲ့အပြင် လမ်းဆုံနေရာဖြစ်နေတာကြောင့် စားသောက်နေကြသူတွေနဲ့ စည်ကားနေတယ်။ မိမိတို့က ရှမ်းထမင်းဟင်းတွေကို မှာယူစားသောက်ခဲ့ကြပြီး အိမ်ပြန်ခရီးကို ဆက်ခဲ့ကြတယ်။ သီပေါမြို့မှာ မိမိတို့ရောက်ရှိ လေ့လာလည်ပတ်ခဲ့ကြတဲ့နေရာတွေအပြင် အခြားအထင်ကရ နာမည်ကျော် လူသိများတဲ့နေရာတွေ နောက်ထပ်မရှိတော့ပါဘူး။

သီပေါမြို့ကနေထွက်ခွာလာပြီး ကားမောင်းနေရင်းနဲ့ ရေပူစမ်းမှာ ရေဝင်ချိုးဖို့စဉ်းစားမိပေမဲ့ အချိန်က မွန်းလွဲ ၂ နာရီဝန်းကျင်၊ နေအလွန်ပူတဲ့ အချိန်ဖြစ်နေလို့ ရေပူစမ်းကို မဝင်တော့ဘဲ ရှေ့ဆက်မောင်းလာခဲ့လိုက်တယ်။ သီပေါမြို့နဲ့ ကျောက်မဲမြို့ကြားမှာ ရေချိုးလို့ရတဲ့ ရေပူစမ်းတွေရှိတယ်။ ရေပူစမ်းတွေမှာ ရေချိုးကြဖို့အတွက် အခကြေးငွေတွေ မပေးရသလို ကျား၊ မ သီးသန့်နေရာတွေ၊ အဝတ်လဲခန်းတွေရှိနေကြတယ်။ ဒီရေပူစမ်းတွေ၊ ရေချိုးခန်းတွေက သက်ဆိုင်ရာ ကျေးရွာတွေရဲ့ ဘုံပိုင်ဆိုင်မှုဖြစ်နေလို့ အကျိုးအမြတ်ယူတဲ့သူတွေလဲ မရှိကြပါဘူး။ ဒါကြောင့် ဘယ်သူမဆို လွတ်လွတ်လပ်လပ် ချိုးလို့ရတယ်။

ရေပူစမ်းမှာ ရေမချိုးတော့ဘူးလို့ ဆုံးဖြတ်လိုက်တဲ့အတိုင်း ရှေ့ခရီးကို ဆက်လက်မောင်းလာခဲ့ပြီး ကျောက်မဲမြို့ကို ရောက်လာခဲ့တယ်။ အသွားခရီးတုန်းက မဝင်ဖြစ်ခဲ့တဲ့ ကျောက်မဲမြို့ကို အခုအပြန်ခရီးမှာ ဝင်ရောက်ပြီး မြို့ခံစာပေမိတ်ဆွေတွေ၊ တပည့်ဟောင်းတွေနဲ့ တွေ့ဆုံခဲ့ရသေးတယ်။ မြို့ခံတွေနဲ့ တွေ့ဆုံစကားပြောပြီးတာနဲ့ ပြင်ဦးလွင်မြို့ကို ပြန်လာခဲ့လိုက်တယ်။ ကျောင်းပိတ်အားလပ်ရက်တွေမှာ မြန်မာနိုင်ငံအနှံ့ အစုန်အဆန်ခရီးတွေ သွားလာပြီး အချိန်တန်တော့လဲ အိမ်ပြန်ခဲ့ကြရတာပါ။ အခုလဲ သီပေါမြို့မှာ လေ့လာလည်ပတ်ပြီးတာနဲ့ အိမ်ကိုပြန်ခဲ့ပါပြီ။

# စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အိမ်ကွင်းနိုင်ပွဲရှာဖို့လိုအပ်နေတဲ့ နယူးကာဆယ်အသင်း၊ ရိုးမားအသင်း၊ ဘီလ်ဘာအိုအသင်းတို့ကိုရွေးရမှာပါ

M L



အခုတစ်ပတ်စနေနေ့ညကစားမဲ့ ပွဲစဉ်တွေမှာလဲ ခြေရည်တူအသင်းတွေနဲ့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်စနေနေ့ညမှာတော့ ပရီးမီးယားလိဂ်က အေဗီလာကနော်တင်ဟမ်ကို နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့သလို ချဲလ်ဆီးနဲ့ဟူးလ်စီးတီး၊လီဗာပူးနဲ့ဖူလ်ဟမ်၊ စပါးနဲ့အဲဗာတန်တို့သရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ လာလီဂါမှာတော့ ဘီလ်ဘာအိုက အယ်ချီကိုသရေ၊ အက်စ်ပန်ညိုက အိုဆာဆူနာကို နိုင်ပွဲရခဲ့ပြီး စီးရီးအေမှာလဲ ဂျီနိုအာက ဖရိုစီဝမ်းကိုသရေ၊ လာဇီယိုက အေစီမီလန်ကို သရေသာကစားနိုင်ခဲ့တာကြောင့် ပရိသတ်တွေ မျှော်လင့်ထားသလို မဖြစ်ခဲ့တာကိုသတိပြုရမှာပါ။ ဒ့ါပြင် ဂျာမန်ဘွန်ဒက်လီဂါမှာလဲ လေဗာကူဆင်၊ ဝါဒါဘရီမင်တို့ သရေရလဒ်သာကစားနိုင်ခဲ့တာကြောင့် ထိပ်သီးလိဂ်တွေက ခြေရည်တူအသင်းပွဲစဉ်တွေကိုလဲ သတိထားချဉ်းကပ်ရမှာပါ။ ဒီတစ်ပတ်မှာတော့ ခြေရည်တူအသင်းပွဲစဉ်တွေထဲက အိမ်ကွင်းအားသာချက်နဲ့ နိုင်ပွဲရှာဖို့လိုအပ်နေတဲ့ နယူးကာဆယ်၊ ရိုးမားအသင်းနဲ့ ဘီလ်ဘာအိုအသင်းတို့ကိုသာ အဓိကရွေးချယ်သွားမှာဖြစ်ပါတယ်။

### နယူးကာဆယ်အသင်းကို ရွေးရမှာပါ

ပရီးမီးယားလိဂ် ပွဲစဉ် (၅) မှာအကြိုက်တွေ့မိတာကတော့ နယူးကာဆယ်အသင်းနဲ့ ဟူးလ်စီးတီးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နယူးကာဆယ်အသင်းဟာ အခုရာသီမှာ နည်းပြဟိုဝီနဲ့ ကစားသမားကောင်းတွေလက်လွှတ်လိုက်ရပေမဲ့ နည်းပြသစ်မာသီးယက်စ်က အသင်းမှာရှိတဲ့ကစားသမားတွေကို အကောင်းဆုံးအသုံးချနိုင်ခဲ့ပြီး လက်ရှိမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့အမှတ်ပေးဇယားအဆင့်(၁၂)မှာရပ်တည်နေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ လိဒ်ယူနိုက်တက်နဲ့ပွဲမှာတော့ လေးဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တာဖြစ်လို့ ခံစစ်ကစားပုံကိုတော့ သတိထားရမှာဖြစ်ပါတယ်။ အခုပွဲမှာ နည်းပြသစ်အနေနဲ့ ခံစစ်ကစားပုံပြင်လာရင်တော့ အိမ်ကွင်းနိုင်ပွဲရယူနိုင်မှာသေချာပါတယ်။ သူတို့ အသင်းတိုက်စစ်ကိုတော့ ဝစ်ဆာကဦးဆောင်နေပြီး ကွင်းလယ်ခံစစ်က တိုက်စစ်အလွန်အကျွံမလိုက်ပါရရင်တော့ ဟူးလ်စီးတီးကိုဂိုးပြတ်နိုင်ပွဲရမှာသေချာပါတယ်။

ဟူးလ်စီးတီးအသင်းကတော့ တန်းတက်အသင်းတွေမှာ ခြေစွမ်းပိုင်းကောင်းနေပြီး လက်ရှိမှာလဲ နှစ်ပွဲနိုင်၊နှစ်ပွဲသရေနဲ့ အမှတ်ပေးဇယားအဆင့် (၄) မှာ ရောက်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ထိပ်တန်းအဆင့်ကစားသမားနည်းပါးပေမဲ့ အသင်းလိုက်ကစားအားကောင်းတာကြောင့် ခံစစ်ပိုင်းမတည်ငြိမ်တဲ့ အသင်းကြီးတွေကိုတောင် ဖိအားပေးနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ လက်ရှိပြိုင်ဘက် နယူးကာဆယ်ဟာ တိုက်စစ်ကစားအားကောင်းတဲ့အသင်းဖြစ်နေတာကြောင့် ဟူးလ်စီးတီးဂိုးပေးရဖို့များပါတယ်။ ဟူးလ်စီးတီးဟာ အမြင့်ဘောတွေကို အားပြုကစားတတ်ပေမဲ့လဲ နယူးကာဆယ်ခံစစ်က မာလစ်သီရောနဲ့ ဘော့မန်းတို့လို အမြင့်ဘောတွေကို ကျွမ်းကျင်စွာ ထိန်းနိုင်တဲ့ကစားသမားတွေကြောင့် ဂိုးရဖို့ခက်ခဲသွားနိုင်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုမှာလဲ နယူးကာဆယ်ကပဲ အသာရထားတာကြောင့် အခုပွဲမှာ အိမ်ကွင်းနိုင်ပွဲရှာရမဲ့ နယူးကာဆယ်အသင်းကို ပဲရွေးရမှာပါ။

### နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၃ | - | ၂ | ဝက်စ်ဘရွန်း |
| စပါး | ဝ | - | ၂ | နယူးကာဆယ် |
| နယူးကာဆယ် | ၂ | - | ၂ | ဘုန်းမောက် |
| ဘရိုက်တန် | ဝ | - | ၁ | နယူးကာဆယ် |
| လိဒ်ယူနိုက်တက် | ၄ | - | ၁ | နယူးကာဆယ် |

### ဟူးလ်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စတုတ် | ၁ | - | ၁ | ဟူးလ်စီးတီး |
| ကိုဗင်ထရီ | ဝ | - | ၁ | ဟူးလ်စီးတီး |
| ဟူးလ်စီးတီး | ဝ | - | ဝ | အေဗီလာ |
| ဆန်းဒါးလန်း | ၁ | - | ဝ | ဟူးလ်စီးတီး |
| ချဲလ်ဆီး | ၂ | - | ၂ | ဟူးလ်စီးတီး |

### ရိုးမားအသင်း ရလဒ်ကောင်းမှာပါ

အီတလီစီးရီးအေပြိုင်ပွဲမှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ရိုးမားအသင်းနဲ့ အင်တာမီလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ရိုးမားအသင်းဟာ နည်းပြဂတ်စ်ပါရီနီလက်ထက်မှာ ကစားပုံမာကျောလာတဲ့အပြင် တိုက်စစ်ကလဲ ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ပွဲစဉ် (၄)အပြီးမှာ လေးပွဲနိုင် ရမှတ် ၁၂ မှတ်နဲ့ အမှတ်ပေးဇယားကိုဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ တိုက်စစ်က မာလန်းနဲ့ ဒိုင်ဘာလာတို့အတွဲကလဲ ချိတ်ဆက်ကစားနိုင်တာကြောင့် တိုက်စစ်က လေးပွဲမှာ ၁၂ ဂိုးထိသွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒ့ါပြင် ခံစစ်ပိုင်းကလဲ လေးပွဲမှာ တစ်ဂိုးသာပေးထားရတာကြောင့် အင်တာမီလန်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်နိုင်ဖို့များပါတယ်။ လက်ရှိ အင်တာမီလန်အသင်း ခံစစ်ပိုင်းကလဲ မွန်ဇာ၊ အူဒီးနီးစ်တို့လို အသင်းတွေကိုတောင်ဂိုးပေးထားပြီး ခြောက်ဂိုးထိခွင့်ပြုထားရတာကြောင့် အခုပွဲမှာ အင်တာမီလန်ခံစစ်ပိုင်းမပြင်နိုင်ရင်တော့ ရိုးမားရဲ့သွင်းဂိုးတွေကိုသာ ရေတွက်ရမှာဖြစ်ပါတယ်။

လက်ရှိချန်ပီယံ အင်တာမီလန်အသင်းကတော့ နည်းပြချီဗူးလက်ထက်မှာ တိုက်စစ်ကစားပုံကောင်းလာပေမဲ့ ခံစစ်ပိုင်းကတော့ အားနည်းနေဆဲဖြစ်တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အပြောင်းအရွှေ့မှာ ခံစစ်ကစားသမားတွေအားဖြည့်ခဲ့ပေမဲ့ ခံစစ်ပိုင်းတိုးတက်လာခြင်းမရှိဘဲ လက်ရှိအချိန်ထိ ခံစစ်ကပေးဂိုးများနေတာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြချီဗူးရဲ့ ၃-၅-၂ ကစားကွက်မှာ တောင်ပံခံစစ်က ဒီယော့၊ အော်ဂတ်စတိုတို့တိုက်စစ်လိုက်ပါလွန်းရင်တော့ ရိုးမားရဲ့တိုက်စစ်အတွဲ မာလန်း၊ ဒိုင်ဘာလာတို့ကို ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ထိပ်တန်းအဆင့်ကစားသမားများနေတဲ့ အင်တာမီလန်အသင်း ရမှတ်ခွဲပေးရဖို့သေချာနေတယ်လို့သုံးသပ်မိတာကြောင့် ခံစစ်နဲ့တိုက်စစ်အကောင်းဆုံးဖြစ်နေတဲ့ အိမ်ရှင်ရိုးမားအသင်းပဲ ရလဒ်ကောင်းမှာပါ။

### ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရိုးမား | ၄ | - | ဝ | ဖီအိုရင်တီးနား |
| လက်ချီ | ဝ | - | ၄ | ရိုးမား |
| ရိုးမား | ၂ | - | ၁ | အတ္တလန်တာ |
| ဖီနာဘာချီ | ၁ | - | ၁ | ရိုးမား |
| တိုရီနို | ဝ | - | ၂ | ရိုးမား |

### အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၄ | - | ၁ | မွန်ဇာ |
| ကက်ဂလီယာရီ | ဝ | - | ၁ | အင်တာမီလန် |
| အင်တာမီလန် | ၃ | - | ၂ | နာပိုလီ |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၁ | အင်တာမီလန် |
| အင်တာမီလန် | ၅ | - | ၃ | အူဒီးနီးစ် |

### ဘီလ်ဘာအိုအသင်း နိုင်ပွဲရမှာပါ

စနေနေ့ညကစားမဲ့ လာလီဂါပြိုင်ပွဲတွေထဲက အကြိုက်တွေ့မိတာကတော့ ဘီလ်ဘာအိုအသင်းနဲ့ အလာဗက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘီလ်ဘာအိုအသင်း လာလီဂါ ငါးပွဲမှာ နှစ်ပွဲရှုံး၊ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ကြောင့် ရမှတ်ခုနစ်မှတ်နဲ့ အဆင့် (၉) ရောက်နေပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်နဲ့ ခံစစ်ကစားပုံတိုးတက်လာခဲ့ပြီး သုံးပွဲဆက်ရှုံးပွဲမရှိခဲ့တာကို သတိပြုရမှာပါ။ အခုအိမ်ကွင်းပွဲမှာလဲ အလာဗက်လိုအသင်းကို တိုက်စစ်ကစားအားမြှင့်တင်ပြီး နိုင်ပွဲရှာဖို့ပြင်ဆင်လာမှာပါ။ လာလီဂါငါးပွဲမှာ ခုနစ်ဂိုးထိသွင်းယူနိုင်ခဲ့ပြီး အသင်းကစားပုံတည်ငြိမ်လာချိန်မှာ အလာဗက်အသင်းကတော့ ခံစစ်ကစားပုံကျဆင်းနေတာကြောင့် အိမ်ရှင်ကို ပွဲချိန်ပြည့်ရင်ဆိုင်ဖို့ ခက်ခဲပါတယ်။

အလာဗက်အသင်းဟာ လာလီဂါပြိုင်ပွဲကို ၂၀၂၃ ခုနှစ်မှာ တန်းတက်ပြီးနောက်ပိုင်း အိမ်ကွင်းမှာရမှတ်တွေရှာနိုင်ခဲ့တာကြောင့် လက်ရှိအချိန်ထိ ထိပ်သီးပြိုင်ပွဲမှာကစားခွင့်ရနေတာဖြစ်ပါတယ်။ အခုရာသီမှာလဲ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၁၀ မှတ်နဲ့ အဆင့် (၆)ထိရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့နောက်ဆုံးကစားခဲ့တဲ့ပွဲတွေမှာတော့ ရေဆင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့သလို ဗလင်စီယာနဲ့ ပွဲမှာလဲ တစ်ဂိုးဂိုးမရှိနဲ့ရှုံးခဲ့တာကြောင့် သူတို့အသင်းရဲ့ ခံစစ်ကစားပုံကျဆင်းလာတာကိုသတိပြုရမှာပါ။ အိမ်ရှင်ဘီလ်ဘာအိုကတော့ အခုအိမ်ကွင်းပွဲမှာ ကစားသမားစုဖွဲ့မှုအသာနဲ့ နိုင်ပွဲရှာဖို့ တိုက်စစ်ပိုင်းအပြောင်းအလဲလုပ်လာမှာသေချာပါတယ်။ အိမ်ရှင်အသင်း အနည်းဆုံးတစ်ဂိုးနဲ့ နိုင်ဖို့သေချာတယ်လို့သုံးသပ်မိတာကြောင့် အိမ်ရှင်ဘီလ်ဘာအိုအသင်းပဲ နိုင်ပွဲရမှာပါ။

### ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၁ | - | ၃ | ဆီဗီလာ |
| ဘာစီလိုနာ | ၂ | - | ဝ | ဘီလ်ဘာအို |
| ဆဲလ်တာဗီဂို | ဝ | - | ၂ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၃ | - | ဝ | အေတီကို |
| ဘီလ်ဘာအို | ၁ | - | ၁ | အယ်ချီ |

### အလာဗက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗယ်လ်ကာနို | ၁ | - | ၁ | အလာဗက် |
| အလာဗက် | ၁ | - | ဝ | ဗီလာရီးရဲလ် |
| အလာဗက် | ၅ | - | ၂ | အိုဆာဆူနာ |
| ရေဆင်း | ၂ | - | ၁ | အလာဗက် |
| အလာဗက် | ဝ | - | ၁ | ဗလင်စီယာ |

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၃၅၃၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**မြင်းမူ စက်တင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၃၅၃၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၁၃၅၃၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြင်းမူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၁၃၅၃၆ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးသွားပါမယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကိုတောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း-၈ နှင့်ရေဆင်း-၁၁ မျိုးများကို ရွေးချယ် စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဒေသကြီးဖြစ်ပြီး ကုလားပဲကို အဓိကသီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်အနေဖြင့်လည်း စိုက်ပျိုးကြသည့်အတွက် တောင်သူများအတွက် ဝင်ငွေရသီးနှံဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရာတွင် ကုလားပဲ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းပြီး ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း စစ်ဆေး

**ကျိုက်ထို စက်တင်ဘာ ၁၇**

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ကော့ထင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းချမ်းထေ၊နှင့် ဝန်ထမ်းများက ကော့ထင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။


ကော့ထင်းကျေးရွာ၌ အကျယ်လေးလက်မခွဲ၊ အနက်ပေ ၂၀၀ရှိ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း၊ ပေ ၁၅၀၀ ရှိရေပိုက်လိုင်းသွယ်တန်းခြင်း စသောရေရရှိရေး ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၅၈ ဒသမ ၂၂ သန်းဖြင့် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ၂၀၂၆ ခုနှစ် ဩဂုတ်လ ဒုတိယပတ်မှစတင်၍ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကော့ထင်းကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သန္တာ

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့







နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၁၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၁၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


# ကျေးဇူးတင်ရှိခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊
ကွေ့ကြီးကုန်းတွင်နေထိုင်သော ကိုဇာနည်ကိုကို၊
ကိုဝဏ္ဏကိုကို၊ ကိုနိုင်သူရ + မသီရိရတနာကိုကို၊
ကိုမျိုးသူရအောင် တို့၏မိခင် မဆုသီရိသျှင်၊ မယွန်းယွန်း၊
မောင်သီဟနိုင်စွမ်း၊ မယုရီတို့၏ အဖွား
သိမ်၊ ကျောင်း၊ ရဟန်း ဒါယကာကြီး၊
သုဓမ္မမဏိဇောတဓရစီမံထူးချွန် ဦးကိုကိုလေး၏ဇနီး

**သိမ်၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး**

**ဒေါ်ခင်မာကြည် အသက် (၆၅)နှစ်**

နာမကျန်းဖြစ်စဉ်က အနီးကပ်ပြုစုကုသပေးကြပါသော
အထူးကုပါရဂူကြီးများ၊ ဆရာဝန်၊ ဆရာမများအား
အထူးအထူး လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းနှင့်
(၁၅-၉-၂၀၂၆) ရက်တွင် အေးရိပ်ငြိမ်သုသာန်သို့
ဂူသွင်းသင်္ဂြိုလ်သော ဈာပနသို့ လိုက်ပါပို့ဆောင်၊
ကူညီပေးကြပါသော မိတ်ဆွေသင်္ဂဟာအပေါင်းနှင့်
ဆွေမျိုးများအား
အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း
မှတ်တမ်းတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# အမည်ပြောင်း

မဟာအောင်မြေမြို့နယ်၊ MIA Private School၊ Grade-8 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးရန်ချုံကွမ်း၏သား မောင်ရန်တယ်ချန်အား **မောင်ကိုကိုလွင်** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကိုကိုလွင်**

# အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ အေးမြသာယာဘက(မူလွန်)ကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးရဲအောင်နိုင်၏သား မောင်ညိမ်းမင်းခ၏ အမည်မှန်မှာ **မောင်ငြိမ်းမင်းခ** ဖြစ်ပါကြောင်း။

**မောင်ငြိမ်းမင်းခ**

# အများသိစေရန် ကြေညာခြင်း

သုခကြည်သာကုမ္ပဏီလီမိတက်၏ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ဒါရိုက်တာစာရင်းနှင့် အစုရှယ်ယာစာရင်းများကို အောက်ပါအတိုင်း ပြောင်းလဲလုပ်ကိုင်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(က) ဒါရိုက်တာအမည်ပြောင်းလဲခြင်း

| ယခင် ဒါရိုက်တာ | | ယခု ဒါရိုက်တာ | |
|---|---|---|---|
| စဉ် | အမည် | စဉ် | အမည် |
| ၁ | ဒေါ်ကြည်သာလွင်မြင့် (မန်နေဂျင်းဒါရိုက်တာ) | ၁ | ဒေါ်ကြည်သာလွင်မြင့် (မန်နေဂျင်းဒါရိုက်တာ) |
| ၂ | ဦးအောင်သာလွင်မြင့် (ဒါရိုက်တာ) | ၂ | ဦးအောင်သာလွင်မြင့်(ဒါရိုက်တာ) |
| ၃ | ဒေါ်ဝေဝေနိုင် (ဒါရိုက်တာ) | | |
| | (၃) ဦး | | (၂) ဦး |

( ခ ) အစုရှယ်ယာစာရင်း ပြောင်းလဲခြင်း

| | မူလအစုရှယ်ယာ | | | ယခုအစုရှယ်ယာ | |
|---|---|---|---|---|---|
| စဉ် | အမည် | အစုရှယ်ယာ အရေအတွက် | စဉ် | အမည် | အစုရှယ်ယာ အရေအတွက် |
| ၁ | ဒေါ်ကြည်သာလွင်မြင့် | (၁၂၀၀)စု | ၁ | ဒေါ်ကြည်သာလွင်မြင့် | (၁၃၅၀)စု |
| ၂ | ဦးအောင်သာလွင်မြင့် | (၆၅၀)စု | ၂ | ဦးအောင်သာလွင်မြင့် | (၆၅၀)စု |
| ၃ | ဒေါ်ဝေဝေနိုင် | (၁၅၀)စု | | | |
| | စုစုပေါင်း | (၂၀၀၀)စု | | စုစုပေါင်း | (၂၀၀၀)စု |

**သုခကြည်သာငွေစုငွေချေး ကုမ္ပဏီလီမိတက်**
**၅၈ လမ်း x ၃၂ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

# ပျောက်ဆုံးကြောင်း

ဗန်းမော်မြို့နေ
မောင်ကူမားရ်
(ဘ) ဦးဟင်မလားလ်
(၁/ဗမန(နိုင်)၁၀၆၃၃၈)၏
နိုင်ငံကူးလက်မှတ်အမှတ်
(MA-659052)မှာ
ပျောက်ဆုံးသွားပါသဖြင့်
တွေ့ရှိပါက
အကြောင်းကြားပေးပါရန်။
**09-750148072**

# ပျောက်ဆုံးကြောင်း

သဇင်မြတ်နိုး
(ဘ) ဦးမျိုးမြင့်
(၁၃/လရန(နိုင်)၂၉၁၅၅၆)၏
နိုင်ငံကူး
လက်မှတ်အမှတ်
(မမှတ်မိ)မှာ
ပျောက်ဆုံးသွားပါသဖြင့်
တွေ့ရှိပါက
အကြောင်းကြားပေးပါရန်။
**09-890622935**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## တိုင်းဒေသကြီးနှင့်ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲ၏ အမျိုးသား(၅၅-၆၀) ကီလိုပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်မှုကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူသည် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားများ၊တာဝန်ရှိသူများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲအပြီး ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ အမျိုးသားတစ်ကိုယ်တော် စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

## ၁၁ ကေဗွီ ရာဇသင်္ဂဟအိမ်ရာ(၂) ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မည်

နေပြည်တော် စက်တင်ဘာ ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ၃၃ ကေဗွီ ဓာတ်အားခွဲရုံအမှတ်(၈)ရှိ

စာမျက်နှာ ၂၁ ကော်လံ ၁ ❍

ရတနာပုံ ယနေ့ဖတ်စရာ

**လုံခြုံရေးတပ်ဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ခါးပိုက်နှိုက်မှု ၂၀၆ မှုမှ ကျူးလွန်သူတရားခံ ၁၈၆ ဦးတို့ကို ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့**

စာမျက်နှာ - ၂၄

## မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက် မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၇

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 အမျိုးသမီးဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိပြည်နယ်အားကစားကွင်းတို့၌ ကျင်းပသည်။ စာမျက်နှာ ၂၃ ကော်လံ ၁ ❖



## နမ့်စန်မြို့နယ် ကုန်းယောင်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ




ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများကို အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြပုံ။

နေပြည်တော် စက်တင်ဘာ ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများ ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက်ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ◆

## ကျောက်ဆည်မြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ခတ်

နေပြည်တော် စက်တင်ဘာ ၁၇

ယနေ့ညနေ ၄ နာရီ ၃ မိနစ် ၅၅ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၃၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကျောက်ဆည်မြို့၏ အရှေ့ဘက် ၁၈ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၆၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၄၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၃ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။